# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ဒသမပုံမှန်အစည်းအဝေး

# (၁၆) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်းပေါ်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရုံးအဆောက်အဦသည် အလွန်ဟောင်းနွမ်းပျက်စီးနေပါသဖြင့် အသစ်ပြန်လည်တည်ဆောက်ပေးရန်နှင့် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုးများ ကမန်လူမျိုးအမည်ခံကာ မြန်မာနိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနေခြင်းကို ပြန်လည်စိစစ်ပေးရန်နှင့် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၏ (၂၅-၁-၂၀၁၇) ရက်စွဲပါစာအမှတ် ၁၀၂/မ-၆(နသေ-၄)၀၅၈၄/အမတအရ နောက်ကြောင်းပြန်စိစစ်ခြင်း မပြု(မပြု)ရန် အမိန့်ညွှန်ကြားစာအား ရုပ်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စုရှိ ကျောက်စုကျေးရွာ၌ မြစ်ရေတင်စနစ်ဖြင့် ရာသီမရွေး သောက်သုံးရေရရှိရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | နန်းယွန်းမြို့နယ်၊ နန်းယွန်း-ပန်ဆောင်ကြား နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်ဆိုင်သော လမ်းအပိုင်းမှ မြေသားလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | ရပ်စောက်-နောင်ချိုကားလမ်းမှ သာစည်-နောင်ရမ်း-နောင်လုံမြေသားလမ်း ၁၅ မိုင် ၃ ဖာလုံကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် နောင်လုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာချင်းဆက်သွယ်သွားလာရသောလမ်းပိုင်းများကို မြေသားအမာခံလမ်းများ | ၁၄ |

အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း

၁၀ ချီဖွေ-ပန်ဝါလမ်း(၄)မိုင်စခန်းမှ တောင်သုံးလုံး/မဲ့လိမ်ကော့စုစည်း-လန်းယန်းလမ်းပိုင်း မိုင်(၂၀)ခန့်အား အများပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဆင့် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၁၆

၁၁ ရွာင်မြို့နယ်၊ အင်းကြီးကတ္တရာလမ်းခွဲမှ ပါယ်ကင်း-သဖန်းပင်-ကျောက်တော်သို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၁၉

၁၂ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၂၁

၁၃ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၃၂

၁၄ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း ၃၈

၁၅ ဦးအာမိုးဆီ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က တင်သွင်းသည့် ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ကျေးလက်ဒေသများတွင် နေထိုင်သည့်တိုင်းရင်းသားများဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၄၆

၁၆ ဦးအာမိုးဆီ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့ အစည်းဝင် က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း ၇၂

၁၇ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၈၃

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး**

**(၁၆)ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၉–၁၂–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်းပေါ်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး အဆောက်အဦသည် အလွန်ဟောင်းနွမ်းပျက်စီးနေပါသဖြင့် အသစ်ပြန်လည် တည်ဆောက်ပေးရန်နှင့် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့ စီစဉ်ထားသည်တို့ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်သောင်းရွှေ၊ ဘူးသီးတောင် မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုးများ ကမန်လူမျိုးအမည်ခံကာ မြန်မာနိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနေခြင်းကို ပြန်လည်စိစစ်ပေးရန်နှင့် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၏ (၂၅–၁–၂၀၁၇) ရက်စွဲပါ စာအမှတ်**

**၁၀၂/မ-ဖ(နသေ-၄) ၀၅၈၄/အမတအရ နောက်ကြောင်းပြန် စိစစ်ခြင်း မပြု(မပြု)ရန် အမိန့်ညွှန်ကြားစာအား ရုပ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးသန်းလင်းလင်း၊ မယ်စဲ့ မဲဆန္ဒနယ်၏ **မယ်စဲ့မြို့နယ်၊ မယ်ဆည်နန် ကျေးရွာအုပ်စုရှိ ကျောက်စုကျေးရွာ၌ မြစ်ရေတင်စနစ်ဖြင့် ရာသီမရွေး သောက်သုံးရေရရှိရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်၊ နန်းယွန်း-ပန်ဆောင်ကြား နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်ဆိုင်သော လမ်းအပိုင်းမှ မြေသားလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်း အဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်-နောင်ချို ကားလမ်းမှ သာစည်-နောင်ရမ်း-နောင်လုံ မြေသားလမ်း (၁၅) မိုင် (၃) ဖာလုံကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် နောင်လုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာချင်းဆက်သွယ် သွားလာ ရသော လမ်းပိုင်းများကို မြေသားအမာခံလမ်းများအဖြစ် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးလာမာလေး၊ ဆော့လော် မဲဆန္ဒနယ်၏ **ချီဖွေ-ပန်ဝါလမ်း (၄) မိုင် စခန်းမှ တောင်သုံးလုံး/မဲ့လိမ်ကော့စုစည်း-လန်းယန်လမ်းပိုင်းမိုင်(၂၀) ခန့်အား အများပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေ ချောမွေ့စွာ ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်း အဆင့် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်စိုးမင်း၊ ရှာငံ မဲဆန္ဒနယ်၏ **ရှာငံမြို့နယ်၊ အင်းကြီး ကတ္တရာလမ်းခွဲမှ ပါယ်ကင်း–သဖန်းပင်– ကျောက်တောသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဝေလှိုင်ထွန်း၊ ပုသိမ် မဲဆန္ဒနယ်၊

(ခ) ဦးလမာနော်အောင်၊ အင်ဂျန်းယန် မဲဆန္ဒနယ်၊

(ဂ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၊

(ဃ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

၇။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုင်းသန့်ဇင်၊ သီပေါ မဲဆန္ဒနယ်၊

(ခ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

၉။ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၀။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က **“ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ”** ကို တင်သွင်းခြင်း၊

၁၁။ **“ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တင်သွင်းသည့် **“ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း ”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၃။ ဦးအာမိုးဆီ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်၏ **“ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ကျေးလက်ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားများဘဝ တိုးတက်မြင့်မား လာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

( ခ ) ဦးလာမာလေး၊ ဆော့လော် မဲဆန္ဒနယ်၊

( ဂ ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဃ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

( င ) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၊

( စ ) ဦးကျော်ကြီး(ခ)ဦးအုန်းခင်၊ မင်းလှ မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၊

( ဇ ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ဈ) ဗိုလ်မှူးလွင်မောင်စိုး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

(ည) ဦးစိုင်းအောင်ကျော်၊ ကျေးသီး မဲဆန္ဒနယ်၊

(ဍ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၊

(ဎ) ဒေါ်နီရွှေလျှန်း၊ ထန်တလန် မဲဆန္ဒနယ်၊

(ဏ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်၊

(ပ) ဦးတင်နု(ခ) ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၊

(ဏ) ဦးယန်ကျင်းကန်၊ ကွမ်းလုံ မဲဆန္ဒနယ်၊

၁၄။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## (၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၂ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၁၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၉ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၁ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်၊
(၂) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းလှသိန်း ခွင့် ၂ ရက်၊
(၃) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၃ ရက်၊
(၄) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၃ ရက်၊
(၅) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၆) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊
(၇) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၁ ရက်၊
(၈) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊
(၉) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၃ ရက်၊
(၁၀) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊
(၁၁) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊
(၁၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၂ ရက်၊
(၁၃) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၁ ရက်၊
(၁၄) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊
(၁၅) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊
(၁၆) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊
(၁၇) ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ခွင့် ၁ ရက်၊
(၁၈) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊
(၁၉) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၁ ရက်၊

(၂၀) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်နှင့်

(၂၁) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၃ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပြဟ္မစိုရ်လမ်းပေါ်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးအဆောက်အဦသည် အလွန်ဟောင်းနွမ်းပျက်စီးနေပါသဖြင့် အသစ်ပြန်လည်တည်ဆောက်ပေးရန်နှင့် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော ဧည့်သည်များအားလုံးကို ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင် ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့နယ်၊ ပြဟ္မစိုရ်လမ်းမပေါ်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးသည် မြို့နယ်စတင်တည်ထောင်စဉ်ကပင်တည်ရှိခဲ့သော ဆန်ဂိုဒေါင်အဟောင်းကို အသုံးပြုနေရပါသည်။ ၎င်းအဆောက်အဦသည် အမိုးများပေါက်နေခြင်း၊ ကြမ်းခင်းတွေနိမ့်နေသဖြင့် မိုးကျလျှင် ရေအမြဲဝပ်နေခြင်းတို့ ဖြစ်နေရပါတယ်။ လ.ဝ.ကရုံးသည် လူအများနှင့် ဆက်ဆံနေရသော်လည်း ဆန်ဂိုဒေါင်အဟောင်းဖြစ်သဖြင့် လေဝင်၊ လေထွက်မရရှိဘဲ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားပြုလုပ်ရန် လာရောက်သော ပြည်သူများအနေဖြင့်လည်း သက်သောင့်သက်သာမရှိသော အနေအထားမျိုးနှင့် ကြုံတွေ့နေရပြီး လ.ဝ.ကရုံးဝန်ထမ်းအနေဖြင့်လည်း ကျန်းမာရေးနှင့်မညီညွတ်သောအနေအထားမျိုး နေ့စဉ်ကြုံတွေ့ဖြတ်သန်းနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒီပုံကတော့ ဆန်ဂိုဒေါင်အဟောင်းကိုအသုံးပြုနေရတဲ့ မြို့နယ် လ.ဝ.ကရုံးဖြစ်ပါတယ်ခင်ဗျား။ ဒီပုံတွေကတော့ ခေါင်မိုးမှာပေါက်နေခြင်းနှင့် မြို့နယ်ရှိပြည်သူများ၏ဆွေစဉ်မျိုးဆက်မှတ်တမ်းများ တည်ရှိနေမှုပဲ ဖြစ်ပါတယ်ခင်ဗျား။ မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယား လာရောက်ပြုလုပ်သောပြည်သူများနှင့် လ.ဝ.ကရုံးဝန်ထမ်းများ ဆန်ဂိုဒေါင်အဟောင်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုပုံ ဖြစ်ပါတယ်။ ၎င်းအဆောက်အဦသည် အလွန်ဟောင်းနွမ်းပျက်စီးလျက်ရှိနေပြီး အသစ်ပြန်လည်တည်ဆောက်ရန်မှာ အမှန်တကယ်လိုအပ်လျက်ရှိနေပါသဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် မြို့နယ်ရှိပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်ကို ဒီမေးခွန်းမေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်လို့ ကျွန်တော် ပထမပဏာမဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဌာနပိုင်ရုံးများ ဖွင့်လှစ်နိုင်ခြင်းမရှိတဲ့ရုံးတွေ၊ အိုမင်းဟောင်းနွမ်းနေပြီဖြစ်တဲ့ရုံးတွေကို အသစ်ပြန်လည်တည်ဆောက်ဖို့၊ ပြုပြင်ဖို့အတွက် နှစ်စဉ် ဘဏ္ဍာငွေများ တင်ပြတောင်းခံလျက်ရှိပါတယ်။ ယခု ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ ဘဏ္ဍာရေးနှစ်မှာလည်းပဲ အဆိုပါဌာနပိုင်ရုံးဖွင့်လှစ်နိုင်ခြင်းမရှိတဲ့ရုံးတွေ၊ အိုမင်းဟောင်းနွမ်းနေပြီဖြစ်တဲ့ ဌာနပိုင်ရုံးအဆောက်အဦတွေနဲ့ ဝန်ထမ်းအိမ်ရာများအတွက် အသစ်ပြန်လည်ဆောက်လုပ်နိုင်ရေး လျာထားပြီးတော့မှ ဘတ်ဂျက်ငွေများ တင်ပြတောင်းခံပါတယ်။ သို့ရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကနေမှ ဌာနအလိုက်ခွင့်ပြုနိုင်တဲ့ ရန်ပုံငွေဘောင်သတ်မှတ်ပေးတဲ့အပြင် အဆင့်ဆင့်စိစစ်ဖြတ်တောက်မှုများကြောင့် ပျက်စီးနေတဲ့ ရုံးအားလုံးကို

တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြုပြင်နိုင်ခြင်း၊ ဆောက်လုပ်နိုင်ခြင်း မရှိခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်းပဲ ဟောင်းနွမ်းနေတဲ့၊ ပြုပြင်ရန်လိုအပ်တဲ့ရုံးများကို ဦးစားပေးအလိုက် ဆောက်လုပ်ပြုပြင်လျက်ရှိပါတယ်။ သို့ပါ၍ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဟောင်းနွမ်းပျက်စီးနေတဲ့ရုံးတွေ၊ ဌာနပိုင်ရုံးနဲ့ ဝန်ထမ်းအိမ်ရာများကို ရန်ပုံငွေခွင့်ပြုချက်အပေါ် မူတည်ပြီးတော့မှ ဦးစားပေးအလိုက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့လည်းပဲ လွှတ်တော်ကိုဝန်ကြီးဌာနက ရုံးများ ပြုပြင်ဖို့၊ ဆောက်လုပ်ဖို့ တင်ပြလာရင်လည်းပဲ ကျွန်တော်တို့ကိုဖြတ်တောက်ခြင်းမပြုဘဲနဲ့ ခွင့်ပြုပေးပါလို့ အလေးအနက်ပန်ကြားရင်း ကျွန်တော်ရဲ့တင်ပြချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီလူမျိုးများ ကမန်လူမျိုးအမည်ခံကာ မြန်မာနိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနေခြင်းကို ပြန်လည်စိစစ်ပေးရန်နှင့် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၏ (၂၅-၁-၂၀၁၇) ရက်စွဲပါစာအမှတ် ၁၀၂/မ-၆(နငသ-၄)၀၅၈၄/အမတအရ နောက်ကြောင်းပြန်စိစစ်ခြင်းမပြု(မပြု)ရန် အမိန့်ညွှန်ကြားစာအား ရုပ်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ အားလုံးကိုလေးစားပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေ ဖြစ်ပါတယ်။ ဒီကနေ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကို နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိစေရေးနှင့် နိုင်ငံတော်အစိုးရနှင့်ပြည်သူအကြား ယုံကြည်မှုပိုမိုရရှိစေရေးတို့ကို ကြည့်ရှုပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ ကမ္ဘာ့လူဦးရေသိပ်သည်း အများပြားဆုံးဖြစ်သော နိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသော နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာနှင့် လူဦးရေဆိုင်ရာဥပဒေများ၊ စည်းကမ်းစည်းမျဉ်းများကို ထိန်းသိမ်းစောင့်ရှောက်လိုက်နာရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့်အတွက်ကြောင့် “မြေမြို၍လူမျိုးမပျောက်၊ လူမြို၍လူမျိုးပျောက်မည်”ဟူသောဆောင်ပုဒ်ကို အသုံးပြုရခြင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း ဘင်္ဂါလီလူမျိုးများက ဘာသာတူကမန်လူမျိုးများ အမည်ခံကာ မြန်မာနိုင်ငံသားစိစစ်ရေးကတ်ပြားများရယူနေသောကြောင့် ကန့်ကွက်မှုများပြင်းထန်စွာ ဖြစ်ပေါ်ရရှိနေရခြင်းဖြစ်ပါတယ်။ ကမန်လူမျိုးများဟာ ဘင်္ဂါလီများနှင့် ကိုးကွယ်ရာဘာသာတူရာမှတစ်ပါး အခြားယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာစကား၊ လူနေမှုစရိုက်များမတူသည့် ရခိုင်တိုင်းရင်းသား မျိုးနွယ်စုဝင်စာရင်းတွင်ထည့်သွင်းထားခြင်းခံရသူများဖြစ်ပါတယ်။

ဘင်္ဂါလီများ နိုင်ငံသားစိစစ်ရေးကတ်ရယူလိုမှုကြောင့် ကမန်များအဖြစ်အယောင်ဆောင်ပြီး နည်းမျိုးစုံသုံးလာကြရာ ယခုအခါ ကမန်လူမျိုးအစစ်များ တဖြည်းဖြည်းပျောက်ကွယ်လာမည့် အန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ကမန်လူမျိုးအစစ်များ ပြောကြားချက်အရ ရမ်းဗြဲမြို့နယ်

မှာ ကမန်လူဦးရေ ရာဂဏန်းခန့်သာရှိကြောင်းသိရှိရပါတယ်။ ယခုအခါ ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာမှ ဘင်္ဂါလီ ၃၀၀၀ ကျော်ကို ကမန်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနေခြင်းကို ဒေသခံကမန်လူမျိုးများနှင့် ရခိုင်လူမျိုးများက စိုးရိမ်ကြီးစွာဖြင့် ကန့်ကွက်မှုများကို ပြင်းထန်စွာပြုလုပ်လျက်ရှိနေပါတယ်။ ဒါကြောင့် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားအချင်းချင်းယုံကြည်မှုရရှိစေရေး၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုအကြားယုံကြည်မှုရရှိစေရေးတို့ကိုကြည့်ရှုပြီးတော့ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကမန်အမျိုးသားတိုးတက်ရေးပါတီဗဟိုက ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာမှ အစ္စလာန်ဘာသာကိုးကွယ်သူ ဘင်္ဂါလီများကို ကမန်အဖြစ်အသုံးပြုရန် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနေခြင်းအပေါ် ပြန်လည်စိစစ်ပေးပါရန် နိုင်ငံတော်သမ္မတထံ တင်ပြတဲ့စာဖြစ်ပါတယ်။ ဒါကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ၂၅-၁-၂၀၁၇ ရက်စွဲပါစာအမှတ်(၁၀၂/မ၆ နငသ(၄)၀၅၈၄/အမတ)အရ ထုတ်ပြန်ထားတဲ့ “နောက်ကြောင်းပြန်စစ်ဆေးခြင်းမပြုလုပ်ရ”လို့ ပါရှိတဲ့ညွှန်ကြားစာဖြစ်ပါတယ်ခင်ဗျား။ ဒီညွှန်ကြားစာက ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေ ပုဒ်မ ၁၈ နှင့် ၁၉ ကို တိုက်ရိုက်ချိုးဖောက်ရာရောက်နေပါတယ်။ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေပုဒ်မ ၁၈ တွင် နိုင်ငံသားတစ်ဦးသည် မဟုတ်မမှန်ဖော်ပြခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းဖြင့် နိုင်ငံသားအဖြစ်ကို ရရှိပါက နိုင်ငံသားအဖြစ် ရုတ်သိမ်းခံရမည့်အပြင် ထောင်ဒဏ် ၁၀ နှစ်နှင့် ငွေဒဏ် ၅၀၀၀၀ ကိုလည်း ကျခံစေရမည်ဟုလည်းကောင်း၊ ပုဒ်မ ၁၉ တွင် နိုင်ငံသားတစ်ဦးသည် မသမာသောနည်းလမ်းဖြင့် နိုင်ငံသားလက်မှတ် သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ် သို့မဟုတ် နိုင်ငံသားပြုခွင့်လက်မှတ်ကို တစ်စုံတစ်ဦးရရှိရန် အားပေးကူညီဆောင်ရွက်လျှင် ထောင်ဒဏ် ၇ နှစ်နှင့်ငွေဒဏ် ၁၀၀၀၀ ကိုကျခံစေရမည်ဟုလည်းကောင်း ဖော်ပြပါရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၆ တွင် နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်းသည် ဥပဒေပြဋ္ဌာန်းသည့်အတိုင်းဖြစ်စေရမည်ဟုပါရှိသည့်အတွက်ကြောင့် တည်ဆဲဥပဒေများနှင့်ဆန့်ကျင်နေပါတယ်။ ဒါကြောင့် အမှုကိစ္စတစ်ခုကို အမှုကိစ္စတစ်ခုက ပြန်လည်ဆန်းစစ်ခြင်းမရှိစေရ၊ တစ်နည်းအားဖြင့် နောက်ကြောင်းပြန်စိစစ်ခြင်းမပြုလုပ်ရဟု ညွှန်ကြားချက်သည် တရားစီရင်ရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့၌ မရှိဖူးသော လုပ်ထုံးလုပ်နည်းဖြစ်ပြီး တည်ဆဲဥပဒေများနှင့်ဆန့်ကျင်နေကြောင်း၊ ဆန့်ကျင်နေတဲ့အတွက်ကြောင့် ဖော်ပြပါအမိန့်ညွှန်ကြားစာအား ရုတ်သိမ်းခွင့်ပေးရန်လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီလူမျိုးများ ကမန်လူမျိုးအမည်ခံယူကာ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနေခြင်းကို။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ဘူးသီးတောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းများကိုလည်းပဲ ကျွန်တော်က ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ကမန်လူမျိုးများအားထုတ်ပေးထားတဲ့ မှတ်ပုံတင်များအား ပြန်လည်စိစစ်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့မှ ဝန်ကြီးဌာနအနေနဲ့ ပြန်လည်စိစစ်ဖို့အစီအစဉ်ရှိပါကြောင်းနှင့်စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားလိုပါတယ်။ ပိုမို ပြည့်ပြည့်စုံစုံဖြေကြားရမယ်ဆိုလို့ရှိရင် ဒီကိစ္စကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကနေစပြီးတော့မှ ရခိုင်ပြည်နယ်မှာရှိတဲ့ ကမန်လူမျိုးများ ပြန်လည်စိစစ်နိုင်ဖို့အတွက်ကို ရုံးချုပ်ကဝန်ထမ်းများနှင့် ဒေသမှာရှိတဲ့ဝန်ထမ်းများ ပူးပေါင်းပြီးတော့မှ စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်းပဲ ဒေသခံရပ်မိရပ်ဖများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်ပြီးတော့မှ ကျွန်တော်တို့ရုံးတွေမှာရှိတဲ့ မှတ်တမ်းမှတ်ရာများနှင့် စိစစ်ခဲ့တာဖြစ်ပါတယ်။ ဖော်ပြပါကာလအတွင်းမှာ ကမန်လူမျိုး ၃၃၀၆ ဦးကို စိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောကြားခဲ့သလိုပဲ ဒီထုတ်ပေးမှုအပေါ်မှာ ပြင်ပမှ ဝေဖန်စွပ်စွဲမှုတွေ ဖြစ်ပေါ်လာတာဖြစ်တဲ့အတွက် အဲဒီထုတ်ပေးခဲ့တဲ့အမှုတွဲတွေကို ရုံးချုပ်ကို တောင်းယူပြီးတော့မှ ရုံးချုပ်မှာရှိတဲ့ဝန်ထမ်းများ၊ ဥပဒေကျွမ်းကျင်တဲ့ ဝန်ထမ်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် တွဲဖက်ပြီးတော့မှဝန်ထမ်း ဒုတိယညွှန်ကြားရေးမှူးအဆင့်၊ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိတဲ့ဝန်ထမ်းများနှင့် အဲဒီအမှုတွဲတွေကို အသေးစိတ်ပြန်လည်စိစစ်ခဲ့ပါတယ်။ ပြန်လည်စိစစ်တဲ့အခါမှာ ထုတ်ပေးထားတဲ့ ရမ်းဗြဲမြို့နယ်မှူး ဦးစီးပြီးတော့မှ ထုတ်ပေးထားတဲ့ အမှုတွဲ ၃၃၀၆ မှုစလုံးမှာ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့် ကိုက်ညီပြီးတော့မှ မြန်မာနိုင်ငံသား အရည်အချင်းပြည့်စုံသူများဖြစ်တာကို တွေ့ရပါတယ်။ ဒါကတော့ ရုံးမှတ်တမ်းနှင့် စိစစ်ချက်များအရ တွေ့ရတာဖြစ်ပါတယ်။ သို့ရာတွင် အမှုတွဲ ၃၂၈၅ မှုမှာ ကမန်လူမျိုးလို့ ထုတ်ပေးတာ မှန်ကန်ကြောင်းတွေ့ပါတယ်။ ကျန်အိမ်ထောင်စုကိုးစုရဲ့ အမှုတွဲ ၂၁ မှု၊ လူ ၂၁ ဦးကတော့ ကမန်လူမျိုးအဖြစ် သေချာမှုရှိ/မရှိ ပြန်လည်စိစစ်ဖို့လိုတယ်လို့ ကျွန်တော် တွေ့ရှိပါတယ်။ အဲဒီတွေ့ရှိချက်များအရ ရုံးချုပ်မှာရှိတဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစီးပြီးတော့မှ အဖွဲ့တစ်ဖွဲ့နဲ့ ဒေသကို ကွင်းဆင်းစေလွှတ်ပါတယ်။ စေလွှတ်ပြီးတော့မှ ဒေသမှာရှိတဲ့ရပ်မိရပ်ဖများ၊ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များအပါအဝင် ရမ်းဗြဲမြို့နယ်ရုံးမှာရှိတဲ့ မှတ်တမ်းမှတ်ရာများအနက်မှ တိုက်ဆိုင်ပြီးတော့မှ စစ်ဆေးပါတယ်။ စစ်ဆေးပြီးတော့မှ တွေ့ရှိချက်များအပေါ်မှာမူတည်ပြီးမှ ၂၁ ဦးအတွက် ပြန်လည်ထုတ်ပေးသင့်တဲ့လူမျိုး အမှန်နဲ့ စာရင်းကို ပြန်လည်ထုတ်ပေးသွားမှာဖြစ်ပါတယ်။ အဲဒီလိုမှားယွင်းမှုအတွက်လည်းပဲ မည်သူ့မှာ တာဝန်ရှိသလဲ။ မည်သည့်အတွက်ကြောင့် မှားယွင်းရတယ်ဆိုတဲ့အချက်ကိုလည်းပဲ ဒုတိယညွှန်ကြားရေးမှူးချုပ် နောက်တစ်ဦးနဲ့ စုံစမ်းစစ်ဆေးရေးခုံရုံးဆောင်ရွက်နေပါတယ်။ အဲဒီတွေ့ရှိရေး

ပေါ်မူတည်ပြီးမှ ထိုက်သင့်တဲ့ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူမှုများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားစစ်ဆေးရေးဦးစီးဌာနကနေမှ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ နောက်ကြောင်းပြန်စစ်ဆေးရေးမပြုရန် ညွှန်ကြားစာထုတ်ပြန်ခဲ့ပါတယ်။ အဲဒီထုတ်ပြန်တဲ့ရည်ရွယ်ချက်ကတော့ ပြည်သူလူထုကို နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသား စစ်ဆေးခံရမယ့်သူရဲ့သက်သေခံကတ်ပြားထုတ်ပေးတဲ့နေရာမှာ ဥပဒေနှင့်အညီဖြစ်စေရန်နှင့် ပိုမိုလွယ်ကူ လျင်မြန်စွာဆောင်ရွက်ပေးနိုင်ဖို့ ထုတ်ပြန်ရခြင်းဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင် ထုတ်ပေးထားတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူမှန်ကန်မယ်ဆိုလို့ရှိရင် ၁၀ နှစ်ပြည့်မှ ၁၈ နှစ် ပြည့်လဲလှယ်ခြင်း၊ ကတ်ပြားပျောက်ဆုံးပျက်စီးမိတ္တူလျှောက်ထားခြင်း၊ တရားဝင်ထုတ်ပေးထားတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်တဲ့မိဘနှစ်ပါးမှ မွေးဖွားလာတဲ့ သားသမီးများရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်တဲ့ကတ်ပြား တစ်မျိုးမျိုး ပျောက်ဆုံးပျက်စီးပြီတော့မှ လျှောက်ထားခြင်းတို့အတွက် နောက်ကြောင်းပြန်စိစစ်ခြင်းမပြုဘဲ မိမိ ရှိးလက်ခံမှတ်တမ်းများနှင့် ဆောင်ရွက်ပေးရန် ညွှန်ကြားထားခြင်းဖြစ်ပါတယ်။ အဲဒီလိုညွှန်ကြားထားသော်လည်းပဲ နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် စပ်လျဉ်းပြီးတော့မှ ပြန်လည်စိစစ်ဖို့ လိုအပ်တဲ့ ကိစ္စရပ်များပေါ်ပေါက်လာတယ်ဆိုလို့ရှိရင် ဥပဒေနှင့်အညီ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အထောက်အထားများနှင့် ပြန်လည်စိစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ညွှန်ကြားချက်ကတော့ တည်ဆဲဥပဒေကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုက်နာဆောင်ရွက်မယ့်အချက်များကို တိကျစွာ ထပ်မံဖြည့်စွက်ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဖော်ပြပါညွှန်ကြားချက်များဟာ တည်ဆဲဥပဒေနှင့် ညီညွတ်ပါတယ်လို့ ကျွန်တော်ဖြေကြားလိုပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းမှာ အများပြည်သူအား လွယ်ကူလျင်မြန်ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ဖို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆန့်ကျင်ခြင်းမပြုဘဲ အကောင်အထည်ဖော်ဆောင်ရွက်ရမယ့်နည်းလမ်းများအဖြစ် ထုတ်ပြန်ထားခြင်းဖြစ်သည့်အတွက် အဆိုပါညွှန်ကြားလွှာကို ပြန်လည်ရုပ်သိမ်းရန်အစီအစဉ်မရှိပါကြောင်းနှင့် ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် မလိုလားအပ်တဲ့ပြဿနာများ ဖြစ်လာတယ်၊ အသံကြားတယ်၊ တွေ့ရှိတယ်ဆိုရင်လည်း ကျွန်တော်တို့ဌာနကို အချိန်မရွေး ပြောကြားနိုင်ပါကြောင်းနှင့် ဥပဒေနှင့်ညီညွတ်အောင် အလေးထားပြီးတော့မှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်သောင်းရွှေ(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ အခုလိုဖြေကြားပေးတဲ့ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အခု ရမ်းဗြဲကိစ္စနှင့် ပတ်သက်လို့ နိုင်ငံသားစစ်ဆေးရေးကတ်ထုတ်ပေးထားတာကို ပြန်လည်စစ်ဆေးပေးဖို့ဆိုတာကို ကြားရလို့ အထူးဝမ်းသာပါတယ်။ ဒါပေမဲ့ အဲဒီလို စိစစ်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဒီရပ်မိရပ်ဖတွေပူးပေါင်းပြီးတော့ ပြန်လည်စစ်ဆေး

မှုလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ဖို့ အစီအစဉ်ရှိ/မရှိကိုလည်း သိလိုပါတယ်ခင်ဗျား။ နောက်တစ်ခု ကတော့ ခုနကပြောတဲ့ အမိန့်၊ ညွှန်ကြားစာဟာ ဥပဒေကို လွှမ်းမိုးပြီးတော့ထုတ်ထားတယ်လို့ သဘောပေါက်ပါတယ်။ ဒါကြောင့် ဒီဥပဒေကိုလွှမ်းမိုးပြီး ညွှန်ကြားစာထုတ်လို့ရပါသလားလို့ မေးမြန်း လိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းပေးပါ။

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံသား စိစစ်ရေး ကတ်ပြားထုတ်ပေးတဲ့ကိစ္စဟာ ဥပဒေနှင့် ခိုင်မာစွာပြဋ္ဌာန်းထားပါတယ်။ အလွှာရှင်များရဲ့ မှတ်တမ်းမှတ်ရာများကလည်းပဲ ကျွန်တော်တို့ရဲ့ရုံးချုပ်၊ သက်ဆိုင်ရာမြို့နယ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ စနစ်တကျမှတ်တမ်းထားပါတယ်။ လူတစ်ဦးချင်းစီရဲ့ခံစားချက်နဲ့ လူတစ်ဦးချင်းစီရဲ့သဘောထားနဲ့တင်ပြချက်ကို လက်ခံဆောင်ရွက်ပေးဖို့ ကျွန်တော်တို့မှာ အခက်အခဲ ရှိပါတယ်။ အဓိကအားဖြင့်တော့ ခိုင်မာတဲ့မှတ်တမ်းမှတ်ရာများအရ ဥပဒေနှင့်အညီ ဆောင်ရွက်မှ သာလျှင် ဆောင်ရွက်တဲ့လုပ်ငန်းများဟာ ပိုမိုတိကျမှန်ကန်ပြီးတော့မှ မြန်ဆန်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥပဒေနှင့်အညီသာ ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်ပြလိုတဲ့ အချက်ကတော့ လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြသလို သံသယရှိတဲ့ကိစ္စတွေ၊ အမှုတွဲတွေရှိလာရင် အချိန်မရွေး ကျွန်တော် တို့ကို ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီသံသယရှိတဲ့အမှုကို ကိုယ်တိုင်ကြည့်ရှုချင်တယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ရုံးချုပ်မှာ လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်နဲ့ အသေးစိတ်ကြည့်ရှုစစ်ဆေးဖို့ ကျွန်တော်တို့မှာ အသင့်ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ဖို့လည်း အသင့်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ နောက်တစ်ချက်ဖြစ်တဲ့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ထုတ်ပြန်ထားတဲ့ညွှန်ကြားချက်ဟာ ဥပဒေနှင့် ညီညွတ်ပါတယ်။ ဥပဒေအတိုင်းဆောင်ရွက်ရန်အတွက် ပိုမိုလျင်မြန်မြန်ဆန်စွာဆောင်ရွက်ဖို့အတွက် ပြည်သူများရဲ့ အကျိုးစီးပွားအတွက် တိကျစွာ အောက်မှာရှိတဲ့ဝန်ထမ်းများ မလိုအပ်ဘဲနဲ့အချိန်နှောင့်နှေးတာ၊ ကြန့်ကြာတာ စိစစ်တယ်ဆိုပြီးတော့ အကြောင်းပြပြီးတော့မှ တံစိုးလက်ဆောင်တွေတောင်းယူတာ ကြန့်ကြာမှုတွေမဖြစ်အောင်လို့ တိကျစွာထုတ်ပြန်ထားခြင်းဖြစ်ပါတယ်။ ပြည်သူရဲ့အကျိုးကို ရှေးရှုပြီး တော့မှ ထုတ်ပြန်ထားခြင်းဖြစ်ပါတယ်။ ဒီအတွက်လည်းပဲ ကျွန်တော်တို့အနေနဲ့ကတော့ ဒီထုတ်ပြန် ထားချက်၊ ညွှန်ကြားချက်သည် ဥပဒေနှင့်ညီညွတ်တာဖြစ်တဲ့အတွက် ပြန်လည်ပြီးတော့မှ ပြင်ဆင်ပေးဖို့ အစီအစဉ်မရှိပါဘူး။ သို့ရာတွင် ဥပဒေကိုပြုတဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ ထောက်ပြ မယ် ဆိုရင်လည်း ကျွန်တော်တို့ ပြန်လည်ပြီးတော့မှ၊ စိစစ်ပြီးတော့မှ လိုအပ်သလို ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြန်လည် ထွက်ခွာနိုင်ပါပြီ။

**မူကြမ်း**

**မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စုရှိ ကျောက်စုကျေးရွာ၌ မြစ်ရေတင်စနစ်ဖြင့် ရာသီမရွေး သောက်သုံးရေရရှိရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းလင်းလင်း(မယ်စဲ့မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စုရှိ ကျောက်စုကျေးရွာများ၌ မြစ်ရေတင်စနစ်ဖြင့် ရာသီမရွေး သောက်သုံးရေရရှိစေရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှခွင့်ပြုချက်ဖြင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆိုရင် ကျွန်တော်တို့ ကျောက်စုကျေးရွာဟာ နှစ်စဉ်နှင့်အမျှ ရေရှားပါးမှုပြဿနာနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါပြီ။ အထူးသဖြင့် ဆောင်းနှင့်နွေဆိုရင် ရေလုံးဝမရရှိတော့ပါ။ မိုးတွင်းတော့ မိုးရေကိုခံပြီး သောက်သုံးနေရပါတယ်။ ယခုမှာတော့ ပွင့်လင်းရာသီရောက်တာနဲ့ ရေပြဿနာစတင်ပြီး ရင်ဆိုင်ကြုံတွေ့နေရပါပြီ။ ထမင်းအသက်ခုနစ်ရက်၊ ရေ၏အသက်တစ်မနက်ဆိုတဲ့စကားဟာ ရေသည် လူသားများအတွက် အလွန်အရေးကြီးကြောင်း ရည်ညွှန်းတယ်လို့ သဘောပေါက်ရမှာလည်းဖြစ်ပါတယ်။ ယနေ့မြန်မာနိုင်ငံတော်မှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်သည်သာမက ချောင်းငယ်၊ မြောင်းငယ်မြောက်မြားစွာ တသွင်သွင်စီးဆင်းနေသည့်အပြင် စိမ့်စမ်းရေထွက်ပေါက်များစွာကိုလည်း ပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသော်လည်း မြန်မာနိုင်ငံရဲ့ မိုးခေါင်ရေရှားရပ်ဝန်းဒေသများနဲ့ တောင်ပေါ်ရေထွက်ပေါက်များမှာလည်း ရေကိုလုံလောက်စွာ မရရှိကြပါ။ ငွေကိုရေလိုသုံးတယ်ဆိုတဲ့စကားဟာ ရေသည်ပေါများစွာ အလွယ်တကူရနိုင်သောအရာတစ်ခုအဖြစ် ထင်မြင်ယူဆရသော်လည်း မြန်မာနိုင်ငံ၏ အချို့သောဒေသများတွင် ရေကို ငွေလိုချွေတာစွာသုံးစွဲနေရသည်သာမက ပင်ပန်းဆင်းရဲစွာဖြင့် သွားရောက်ခပ်ယူသုံးစွဲနေရသည်ကို တွေ့ရမှာပဲဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံတော်အနေနဲ့ ရေရှားပါးသောဒေသများမှာ ရေရရှိရေးအတွက် မြေအောက်တွင်ရေရှိ/မရှိ ရေကိုစမ်းသပ်တိုင်းတာသောကိရိယာများဖြင့် တိုင်းတာကာ အဝီစိတွင်းများကို စက်ယန္တရားများဖြင့် တူးဖော်နေသည်ကို အားရဝမ်းသာမြင်တွေ့နေရပါတယ်။ သို့သော် ရေအနည်းငယ်သာရှိခြင်း၊ ရေလုံးဝမထွက်ရှိခြင်း စသည့်ပြဿနာများနဲ့ ကြုံတွေ့နေရသည်သာမက တိုင်းပြည်၏ဘဏ္ဍာငွေများကို ဖြုန်းတီးဘိသကဲ့သို့ ဝမ်းနည်းဖွယ်ရာမြင်တွေ့နေရသလို သဘာဝရေအရင်းအမြစ် မည်သို့မည်ပုံထိန်းသိမ်းရမည်၊ ကာကွယ်ရမည်၊ စောင့်ရှောက်ရမည်ဆိုသည့်အချက်ကို မေ့လျော့နေသည်ဟု ထင်မြင်ယူဆမိပါတယ်။ ဒါကြောင့် သဘာဝရေသယံဇာတကို ထိန်းသိမ်းမယ့်နည်းလမ်းသာမကဘဲ ရေသယံဇာတကို မည်ကဲ့သို့အသုံးပြုမည်နည်း နည်းလမ်းကို ထည့်သွင်းစဉ်းစားပေးစေလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဆိုသည်မှာ မြင့်ရာမှနိမ့်ရာသို့ စီးဆင်း သည့်သဘောရှိသော်ငြားလည်း ယနေ့ နည်းပညာတိုးတက်နေတဲ့ခေတ်ကြီးမှာ နိမ့်ရာမှမြင့်ရာသို့ ပေးပို့နိုင်မယ့်နည်းလမ်းကောင်း ရှိပါလိမ့်မယ်။ ဥပမာ- ရခိုင်ပြည်နယ်၊ ကျောက်ဖြူဒေသမှာ တရုတ်ပြည်သို့ ရေနံဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းနိုင်သည်ကို သက်သေထူရမှာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း စီးဆင်းနေသောမြစ်၊ ချောင်းများသည် ရေရှားပါးသောအရပ်ဒေသများကို ရေကွန်ရက်သဖွယ် ပိုက်လိုင်းများဖြင့် ဆက်သွယ် သွယ်တန်းပေးစေလိုပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့် ရေအကျိုးတစ်ဆယ်ပါးကို မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ရေရှားပါးသောဒေသများကို ရေကုသိုလ်ပြုနိုင်ပါက တိုင်းရင်းသားပြည်သူများအနေဖြင့် ရေငတ်ဘေးဒုက္ခများအဖြစ် ကင်းလွတ်သည်သာမက နိုင်ငံတော်အစိုးရကို ထာဝစဉ်အလေးပြုနေမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် မြန်မာနိုင်ငံ၏လူဦးရေသည် မြန်မာနိုင်ငံရှိတွင်း ရေစိမ့်စမ်းရေနဲ့ လုံလောက်မှုရှိသော်ငြားလည်း လူဦးရေထူထပ်ပေါ်များလာသည့် ယခုအချိန်တွင် ရေမလုံလောက် သည့်ပြဿနာကို စတင်ရင်ဆိုင်ကြုံတွေ့နေရပါပြီ။ အနာဂတ်ကာလတွင် ယခင်ထက်ပိုမို၍ အခက်အခဲ ကြုံတွေ့လာရဖွယ်ရှိပါသောကြောင့် ကြိုတင်ပြင်ဆင်မှုများကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိ ပါသည်။ နိုင်ငံတော်ကို သဘာဝသယံဇာတလက်ဆောင်ပေးပါသော်လည်း ရေကိုလက်ခံယူတဲ့နေရာ မှာ လက်မခံယူတတ်ခြင်း၊ မထိန်းသိမ်းတတ်ခြင်း၊ အသုံးမချတတ်ခြင်းတို့ကြောင့် ပြည်သူတွေအနေနဲ့ ရေအကျိုးကို ပြည့်ဝစွာမခံစားလိုက်ရတာလို့ ထင်မြင်မိပါတယ်။ သဘာဝဘေးကြောင့် ရေကြီး၊ ရေလျှံမှုမှတစ်ဆင့် ရေဘေးဒုက္ခသည်ဘဝရောက်ရှိနေကြတဲ့ တချို့ပြည်သူတွေရဲ့ဘဝများကို စာနာထောက်ထားသကဲ့သို့ လျှပ်တပြက်ဖြစ်ပေါ်နေသော ဘေးအန္တရာယ်မဟုတ်ဘဲ ပထဝီအနေ အထားအရ ဖြစ်တည်နေသော ရေရှားပါးသောဒေသများတွင် နေထိုင်ကြသော ပြည်သူများ၏ဘဝ အခက်အခဲကို ကိုယ်ချင်းစာတရားရှေ့ထားပြီး ရေကိုရေလိုသုံးစွဲနိုင်ရန်အတွက် ရေတိုရေရှည်စီမံကိန်း ချမှတ်သင့်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ ကျောက်စုကျေးရွာဟာ ရေရရှိအောင် နှစ်စဉ်နှစ်တိုင်း စမ်းသပ်မှုတော့လုပ်ပါတယ်။ ဘဏ္ဍာငွေသာကုန်ဆုံးသွားတယ်။ ရေကတော့ ယနေ့အထိမရရှိသေးပါ။ အစိုးရအဆက်ဆက် ကျောက်စုကျေးရွာအတွက် ရေရရှိဖို့ လုပ်ဆောင်စမ်းသပ်ခဲ့တာလည်း ယနေ့ပြည်သူ့အစိုးရလက်ထက်အထိ ရေကိုတစ်ကြိမ်တစ်ခါမျှ မရရှိ သေးပါ။ ကျွန်တော်တို့ ဒီရေကို ဒီလိုပဲဘဏ္ဍာငွေတွေအကုန်အကျခံပြီး စမ်းသပ်နေမယ့်အစား မြစ်ရေတင်စနစ်ဖြင့် သေချာစွာစမ်းသပ်ပြုလုပ်လိုက်မယ်ဆိုရင် ရေမရရှိစရာအကြောင်း မရှိပါဘူး။ ဒါ မြင်နိုင်တဲ့အရာဖြစ်ပါတယ်။ ယခု မမြင်နိုင်တဲ့အရာကိုစမ်းသပ်နေတာဟာ အချိန်ကုန်၊ ငွေကုန်၊ လူထု အတွက်လည်း ဘာအကျိုးမှမရဘူးဖြစ်နေပါတယ်။ သေချာမြင်တွေ့နိုင်တဲ့ မြစ်ရေတင်စနစ်ကိုပဲ ဆောင်ရွက်ပေးစေလိုပါတယ်။ အခုဆိုရင် ဆောင်းတွင်း၊ နွေတွင်းရောက်တော့မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ကွင်းဆင်းတိုင်း ရေရရှိဖို့ပဲ ပြည်သူလူထုက တင်ပြတောင်းဆိုကြပါတယ်။ ဒါကြောင့် ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စုရှိ ကျောက်စုကျေးရွာ၌ မြစ်ရေတင်စနစ် ဖြင့် ရာသီမရွေးသောက်သုံးရေရရှိစေရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးပဲ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဖြစ်ပါတယ်။ ကယားပြည်နယ်၊ မယ်စဲ့မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းရဲ့ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စုရှိတဲ့ ကျောက်စုကျေးရွာ၌ မြစ်ရေတင်စနစ်ဖြင့် ရာသီမရွေးသောက်သုံးရေရရှိစေရန် အစီအစဉ်ရှိ/မရှိမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စု၊ ကျောက်စုကျေးရွာက အိမ်ခြေ ၁၄၄ အိမ်ရှိပြီးတော့ လူဦးရေ ၆၈၂ ဦးရှိကြောင်းလည်း သိရပါတယ်။ ကျောက်စုကျေးရွာ သောက်သုံးရေရရှိရေးအတွက်လည်း ယခင်ဆောင်ရွက်ခဲ့တဲ့ အခြေအနေများကိုလည်း အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ၁၉၉၈-၁၉၉၉ ဘဏ္ဍာရေးနှစ်မှာ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းကို UNICEF ကနေ ဆောင်ရွက်ပေးခဲ့ပြီးတော့ အုတ်ရေကန်နှင့် ရေပိုက်လိုင်း အစားထိုးပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်မှာ စိမ့်စမ်းရေခမ်းခြောက်သဖြင့် ရေရရှိနိုင်ခြင်းမရှိတော့ကြောင်းကိုလည်း သိရှိရပါတယ်။ ထို့အတူ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်မခေချောင်းကနေ စက်ရေတင်စနစ်ဖြင့်(၃/၄)မိုင် ရေသွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့တဲ့အနေအထားမှာလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေပိုက်လိုင်းများ၊ အင်ဂျင်စက်များ ရေမျောပျက်စီးသွားကြောင်းကိုလည်း သိရှိရပါတယ်။ ယခုလက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ ရန်ပုံငွေကျပ် ၂၃ သန်းဖြင့် ကျောက်စုကျေးရွာ သောက်သုံးရေအတွက် အဝီစိတွင်းနက်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးမှာဖြစ်ပြီးတော့ ၎င်းအဝီစိတွင်းကနေ တစ်နှစ်ပတ်လုံးရေရရှိပါက နွေရာသီသောက်သုံးရေအတွက် အသုံးပြုသွားမှာဖြစ်ကြောင်းကိုလည်း သိရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းချက်မှာပါတဲ့ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စု၊ ကျောက်စုကျေးရွာအတွက် မြစ်ရေတင်စနစ်ဖြင့် သောက်သုံးရေရရှိရေးဆောင်ရွက်မည်ဆိုပါက မြေမျက်နှာပြင်ပြေပြစ်တဲ့ ဖားဆောင်းမြို့နယ်၊ ကျောက်ပဲညိုကျေးရွာအနီး မြေနိမ့်ပိုင်းမှာရှိတဲ့ သံလွင်မြစ်ရေကို အမြင့်ပိုင်းမှာတည်ရှိနေတဲ့ ကျောက်ပဲညိုကျေးရွာကို မော်တာ/အင်ဂျင်/ပန့်စက် အဆင့်ဆင့်ဖြင့်တွန်းတင်သည့် စက်ရေတင်စနစ်ဖြင့် ဆောင်ရွက်ရမှာဖြစ်ပြီးတော့ အကွာအဝေးအနေနဲ့ ၁၀မိုင်ခန့်ရှိတယ်လို့လည်း သိရှိရပါတယ်။ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအုပ်စု၊ ကျောက်စုကျေးရွာ သောက်သုံးရေရရှိရေး မြစ်ရေတင်စနစ်ဖြင့် ဆောင်ရွက်ခြင်းလုပ်ငန်းကို ကယားပြည်နယ်အစိုးရအဖွဲ့က ကွင်းဆင်းပြီးတော့ ဖြစ်နိုင်ချေလေ့လာဆန်းစစ်၍ နည်းပညာ၊ ခန့်မှန်းကုန်ကျစရိတ်နှင့်တကွ ရန်ပုံငွေ စိစစ်တင်ပြလာမယ်ဆိုရင် ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ငါးနှစ်စီမံကိန်းတွင် ဦးစားပေးဆောင်ရွက်မည့်အစီအစဉ်အရ ထည့်သွင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မူကြမ်း**

**နန်းယွန်းမြို့နယ်၊ နန်းယွန်း-ပန်ဆောင်ကြား နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်ဆိုင်သော လမ်းအပိုင်းမှ မြေသားလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နန်းယွန်းမဲဆန္ဒနယ်က ဦးဝမ်းလှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝမ်းလှ(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်းလှ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့နယ်၊ နန်းယွန်း-ပန်ဆောင်ကြား နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်သက်ဆိုင်သော လမ်းအပိုင်းမှ မြေသားလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့ အဋ္ဌမပုံမှန်အစည်းအဝေးကာလမှာ တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ မေးမြန်းရတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ နန်းယွန်းမြို့နယ်ဟာ အခြားသောမြို့နယ်များနှင့် နှိုင်းယှဉ်လိုက်ရင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး အစစအရာရာမှာ ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံးဒေသတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုတွေရဲ့လူနေမှုဘဝတိုးတက်မြင့်မားလာဖို့ အခြေခံကျတဲ့အရာတွေထဲမှာ လမ်းပန်းဆက်သွယ်ရေးဟာ မရှိမဖြစ်အရေးကြီးတာဖြစ်လို့ ပြည်သူလူထုတွေရဲ့ခရီးသွားလာရေးအဆင်ပြေချောမွေ့စေချင်တဲ့ဆန္ဒနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ မိုးများတဲ့ဒေသဖြစ်လို့ မိုးရာသီကာလမှာ လမ်းတွေဟာ အရမ်းကို ဆိုးရွားလွန်းပါတယ်။ အထူးသဖြင့် မြို့နယ်ချင်းဆက်လမ်းဖြစ်တဲ့ နန်းယွန်း-ပန်ဆောင်ကြားလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ လမ်းမကြီးအဖြစ်အမြန်ဆုံးဖြစ်စေချင်ပါတယ်။ အခုအချိန်အထိတော့ မိုးတွင်းကာလမှာ ဆိုင်ကယ်နှင့်တောင်တစ်နေကုန် ခက်ခက်ခဲခဲ သွားလာနေကြရပါတယ်။ ဒီလိုသွားလာရေးခက်ခဲမှုကြောင့် ကုန်ဈေးနှုန်းမြင့်မားမှု၊ ဆန်နှင့်အခြားစားသုံးကုန်ပစ္စည်းသယ်ယူဖို့အခက်အခဲ၊ စက်သုံးဆီနှင့် တည်ဆောက်ရေးပစ္စည်းတွေ သယ်ယူဖို့အခက်အခဲ အမျိုးမျိုးကြုံတွေ့နေကြရပါတယ်။ မူလပစ္စည်းဝယ်ယူနှုန်းထက် တန်ဆာခကိုက ခြောက်ဆလောက် ပိုပြီးတော့ ပေးနေရပါတယ်။ ဒါကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာလည်း သတ်မှတ်တဲ့ကာလမှာ အပြီးသတ်နိုင်ဖို့ ခက်ခဲပါတယ်။ ဒီလိုနန်းယွန်း-ပန်ဆောင်ကြားလမ်းကြောင်းမကောင်းတဲ့အတွက်ကြောင့်မို့လို့ ပန်းဆောင်မြို့နှင့်အနီးတဝိုက်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်တဲ့အခါ တည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးပြုရမယ့် သဲ၊ သဲကျောက်၊ ဘိလပ်မြေတွေကို အိန္ဒိယဘက်ခြမ်းက ရူပီးငွေ ဈေးကြီးကြီးပေးပြီး ခက်ခက်ခဲခဲ ဝယ်ယူအသုံးပြုကြရပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရင်တော့ သွားလာဖို့ အဆင်ပြေလာမှာဖြစ်သလို ကုန်ဈေးနှုန်းတွေလည်း လျော့ကျလာမှာ ဖြစ်ပါတယ်။ ပြည်သူလူထုတွေရဲ့ လူနေမှုအဆင့်အတန်းတွေ မြင့်မားလာမယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး အစစအရာရာမှာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက နှစ်စဉ်ချပေးတဲ့ဘတ်ဂျက်တွေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေဖြစ်တဲ့ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းတွေကိုလည်း အရည်အသွေးပြည့်မီ

အောင် ဆောင်ရွက်လာနိုင်မှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား အထက်ပါမေးခွန်းကို လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်း-ပန်ဆောင်လမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၃၄ ပေအကျယ် မြေသားလမ်းအဖြစ်ကို နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဖောက်လုပ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ မေလ ၂ ရက်နေ့မှာတော့ အမာခံမြေသားလမ်း ၁၈ မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနကို လွှဲပြောင်းပြီး ဖြစ်ပါတယ်။ နန်းယွန်း-ပန်ဆောင်လမ်း ၃၄/၃ မိုင်နှင့် စပ်လျဉ်းပြီးတော့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများ ခွဲဝေဆောင်ရွက်မှုပြုခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၃၄ ပေအကျယ် မြေသားလမ်း ၃၄/၃ မိုင်၊ ကျောက်လမ်း ၁၄ မိုင်၊ ဘေလီတံတားငါးစင်း၊ သံကူကွန်ကရစ်တံတား ၁၃ စင်း၊ Box Culvert ၁၃၉ စင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလည်း ကျောက်ခင်းလမ်း ၅ မိုင်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အိန္ဒိယအထောက်အပံ့နဲ့ ဒုတိယအကြိမ် အိန္ဒိယအထောက်အပံ့ဖြင့် အိန္ဒိယ-မြန်မာနယ်စပ်မှ ပန်ဆောင်မြို့သို့ ကတ္တရာလမ်း ၂/၃ မိုင်ကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့အတူ တတိယအကြိမ် အိန္ဒိယအထောက်အပံ့ ၅ မိုင်တံတားမှ နောင်ယန်းရွာအထိ ကျောက်လမ်းတစ်မိုင်ကိုလည်း ဆောင်ရွက်ပေးပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ၆ ပေ Box Culvert နှစ်စင်းကိုလည်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်နှင့်စပ်လျဉ်းပြီးတော့ နန်းယွန်း-ပန်ဆောင်ကြား နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သက်ဆိုင်တဲ့လမ်းအပိုင်းမှာ ကျောက်လမ်းခင်းရန် ၇ မိုင်ကျန်ရှိကြောင်းကိုလည်း သိရပါတယ်။ ကျန်ရှိတဲ့ ၇ မိုင်အနက်ကနေပြီးတော့ ကျောက်လမ်း ၆ မိုင်ကို ဆောင်ရွက်ရန် စတုတ္ထအကြိမ် အိန္ဒိယအထောက်အပံ့တွင် လျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ရပ်စောက်-နောင်ချိုကားလမ်းမှ သာစည်-နောင်ရမ်း-နောင်လုံမြေသားလမ်း ၁၅ မိုင် ၃ ဖာလုံကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် နောင်လုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာချင်းဆက်သွယ်သွားလာရသောလမ်းပိုင်းများကို မြေသားအမာခံလမ်းများအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၏မြောက်ဘက်အစွန်ပိုင်း မြို့နှင့် မိုင် ၁၀၀ ဝန်းကျင်အကွာအဝေးရှိ

ဝေးလံခက်ခဲဒေသဖြစ်သော နောင်လုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအချင်းချင်းဆက်သွယ်၍ မြို့သို့ သွားလာရသောကျေးလက်လမ်းများနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ် နောင်လုံကျေးရွာအုပ်စုတွင် နောင်လုံ၊ ကုန်းညောင်၊ နောင်ရမ်း၊ ပင်ပိန်၊ ပန်ဟိုင်း၊ သာစည်၊ ကုန်းဆာ၊ ညောင်ပင်သာ၊ ခဲချဉ် စတဲ့ကျေးရွာပေါင်း ကိုးရွာတွင် ဓနုတိုင်းရင်းသားကျေးရွာများ၊ ရှမ်းတိုင်းရင်းသားကျေးရွာများ၊ ပလောင်တိုင်းရင်းသားကျေးရွာများ စသည့်ကျေးရွာများတွင် အိမ်ခြေအိမ်ထောင်စု ၁၃၂၃ စု၊ လူဦးရေ ၆၃၁၈ ဦး နေထိုင်လျက်ရှိပါတယ်။ ၎င်းကျေးရွာအချင်းချင်း ဆက်သွယ်သွားလာ၍ ဒေသထွက်စိုက်ပျိုးသီးနှံကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရောင်းချရာတွင် အသုံးပြုသောမြေသားလမ်းများကို ကျေးရွာရပ်မိရပ်ဖပြည်သူများက ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း မိုးတွင်းကာလများတွင် သွားလာရန်ခက်ခဲပြီး ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များအား လွန်စွာအခက်အခဲရှိနေပြီး လူမှုစီးပွားဘဝများ နောက်ကျနေးကွေးလျက်ရှိပါတယ်။ ၎င်းအုပ်စုအတွင်းရှိ ကျေးရွာများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ကျေးရွာအချင်းချင်းဆက်သွယ်သွားလာနိုင်မည့် အမာခံမြေသားလမ်းများကို ရွာစဉ်အလိုက် ဖောက်လုပ်ဆောင်ရွက်ပေးရန်လည်း လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်လုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ အဓိကဆက်သွယ်သွားလာရသည့် ရပ်စောက်-နောင်ချိုကားလမ်းမှ သာစည်ကျေးရွာသို့ ၆ မိုင် ၅ ဖာလုံ၊ သာစည်ကျေးရွာမှ နောင်ရမ်းကျေးရွာသို့ ၄ မိုင် ၄ ဖာလုံ၊ နောင်ရမ်းကျေးရွာမှ နောင်လုံကျေးရွာသို့ ၄ မိုင် ၅ ဖာလုံ စုစုပေါင်း ရပ်စောက်-နောင်ချိုကားလမ်းဆုံမှ နောင်လုံကျေးရွာအထိ မြေသားလမ်း ၁၅ မိုင် ၃ ဖာလုံကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ရာသီမရွေးသွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စရပ်များအပြင် ဒေသ၏လူမှုစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်၊ နောင်လုံကျေးရွာအုပ်စု ရပ်စောက်-နောင်ချိုကားလမ်းမှ သာစည်-နောင်ရမ်း-နောင်လုံ မြေသားလမ်း ၁၅ မိုင် ၃ ဖာလုံကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် နောင်လုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအချင်းချင်း ဆက်သွယ်သွားလာရသောလမ်းပိုင်းများကို မြေသားအမာခံလမ်းများအဖြစ် နှစ်အလိုက်စီမံချက်များ လျာထားချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ နောင်လုံကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတာက လမ်းနှစ်ပိုင်းရှိပါတယ်။ ပထမပိုင်းကတော့ ရပ်စောက်-နောင်ချိုကားလမ်းကနေ သာစည်-နောင်ရမ်း-နောင်လုံ လမ်းကြောင်းဖြစ်ပါတယ်။ ၎င်းလမ်းကြောင်းဟာ

ရပ်စောက်-နောင်ချိုကားလမ်းက သာစည်ကျေးရွာထိကို (၇/၇)မိုင်နဲ့ သာစည်-နောင်ရမ်း(၄/၄)မိုင်၊ နောင်ရမ်းကျေးရွာမှ နောင်လုံရွာ(၄/၄)မိုင် စုစုပေါင်း(၁၆/၇)မိုင် ရှည်လျားပါတယ်။ လမ်းပိုင်းတွေဟာ ပျမ်းမျှအကျယ် ၁၀ ပေခန့်သာရှိသဖြင့် သတ်မှတ်လမ်းအကျယ်ရရှိအောင် မြေဖြတ်လမ်းချဲ့ခြင်း လုပ်ငန်းကို ဦးစွာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထို့အပြင် အဆိုပါ လမ်းပိုင်းမှာ (၁၆/၇)မိုင်ပေါ်မှာ ၂၅ ပေနှင့် ၃၀ ပေ ကွန်ကရစ်တံတားနှစ်စင်း၊ Box Culvert ၁၃ စင်းကိုလည်း ထည့်သွင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ကျွန်တော်တို့ စစ်ဆေးတွေ့ရှိရပါတယ်။ လွှတ်တော် ကိုယ်စားလှယ်မေးမြန်းထားတဲ့ ဒုတိယလမ်းဖြစ်တဲ့ နောင်လုံကျေးရွာအုပ်စုအတွင်း ကျေးရွာအချင်းချင်းဆက်သွယ်သော လမ်းပိုင်းများကို မြေသားအမာခံလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး နောင်လုံကျေးရွာအုပ်စုအတွင်းရှိ နောင်လုံ-ညောင်ပင်သာ (၅)မိုင်ရှိပါတယ်။ ညောင်ပင်သာ-ကုန်းညောင်(၃/၂)မိုင်ရှိပါတယ်။ ကုန်းညောင်-ပင်ပိန်(၂)မိုင်ရှိပြီးတော့ ပင်ပိန်-သာစည်(၄/၆)မိုင် စုစုပေါင်း(၁၅)မိုင်ရှိပါတယ်။ လမ်းပိုင်းများမှာ ပျမ်းမျှလမ်းအကျယ် ၁၀ ပေခန့်သာရှိသဖြင့် သတ်မှတ်လမ်းအကျယ်ရှိသည့် မြေလမ်းများအဖြစ် ဦးစွာဆောင်ရွက်ပြီးမှသာ ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒါကြောင့်မို့ ရပ်စောက်မြို့နယ်၊ နောင်လုံကျေးရွာအုပ်စု၊ ရပ်စောက်-နောင်ချိုကားလမ်းမှ သာစည်-နောင်ရမ်း-နောင်လုံလမ်းပိုင်း(၁၆/၇)မိုင်နှင့် နောင်လုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအချင်းချင်းဆက်သွယ်သည့်လမ်းပိုင်း (၁၅)မိုင် စုစုပေါင်းလမ်းကို (၃၁/၇)မိုင်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ အဆိုပါလမ်းများကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် နောင်လုံကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာကိုးရွာ၊ အိမ်ခြေ ၁၅၉၃ အိမ်နှင့် လူဦးရေ ၇၁၅၁ ဦးတို့ရဲ့ လူမှုစီးပွားဘဝတိုးတက်ရေးကို အထောက်အကူပြုနိုင်မှာကိုလည်း စစ်ဆေးတွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးမြန်းချက်ပါ လမ်းများကို မြေသားလမ်းချဲ့ခြင်း၊ ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေးနှင့်စပ်လျဉ်းပြီး ဒေသအတွက် အမှန်တကယ်လိုအပ်မှုရှိကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေ ထောက်ခံတင်ပြလာမယ်ဆိုလို့ရှိရင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေ ပြည်နယ်ရန်ပုံငွေများမှာ ဦးစားပေးဆောင်ရွက်မည့်အစီအစဉ်အဖြစ် အပိုင်းလိုက် အဆိုပြုလျာထားပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ချီဖွေ-ပန်ဝါလမ်း(၄)မိုင်စခန်းမှ တောင်သုံးလုံး/မဲ့လိမ်ကော့စုစည်း-လန်းယန်းလမ်းပိုင်း မိုင်(၂၀)ခန့်အား အများပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဆင့် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြ

မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြလိုသည်မှာ ဆော့လော်မြို့နယ်သည် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်တွင်ပါဝင်သည့် ချီဖွေမြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ခေါင်လန်းဖူးမြို့နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည့် ဝေးလံခက်ခဲသော တောင်ပေါ်မြို့လေးတစ်မြို့ဖြစ်ပါတယ်။ မိမိတို့ဆော့လော်မြို့နယ်သို့ ဆက်သွယ်သွားလာမည်ဆိုပါက ချီဖွေမြို့နယ်-တောင်သုံးလုံး-စုစည်း-လန်းယန်လမ်းတစ်လမ်းအဖြစ်သာ ဆက်သွယ်သွားလာနိုင်ပြီး နယ်နိမိတ်ထိစပ်နေသော တခြားမြို့နယ်များမှ ဆက်သွယ်သွားလာနိုင်ခြင်းမရှိပေ။ ဆော့လော်မြို့နယ်တစ်ခုလုံးမှ မိဘပြည်သူများသည် ယခု ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြမေးခွန်း၌ပါသော တောင်သုံးလုံး-စုစည်းလမ်းတစ်ခုကိုသာ အသက်သွေးကြောလမ်းအဖြစ် ဆက်သွယ်သွားလာနေကြရတာ ဖြစ်ပါတယ်။ သို့သော် မိုးတွင်းကာလ၌ ယခုလမ်းမကြီးမှာ နှစ်စဉ်နှစ်တိုင်းမြေပြိုကျ၊ လမ်းပိတ်ဆို့နေပြီး ဆက်သွယ်သွားလာလို့မရသည့်အတွက် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်မှတစ်ဆင့် ခက်ခက်ခဲခဲဝင်/ထွက်သွားလာနေကြရတာဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီး ဆရာဆရာမများသည်လည်း တောင်သုံးလုံး-စုစည်းလမ်းမြေပြို၊ လမ်းပိတ်ဆို့နေမှုများကြောင့် သွားလာ၍မရသည့်အတွက် မိမိတို့စာသင်ချိန်ထက် တစ်လ၊ နှစ်လနောက်ကျပြီးမှသာ ရောက်ရှိနေကြတာ တွေ့မြင်ရပါတယ်။ တစ်ဖက် အိမ်နီးချင်းတရုတ်နိုင်ငံမှ သွားလာမည်ဆိုပါကလည်း ဝင်/ထွက်သွားလာခွင့်စာများ ပြုလုပ်ရသည့်အတွက် အချိန်ကုန်လူပင်ပန်းခြင်း၊ ငွေကြေးများစွာ ကုန်ကျခံနေရခြင်းစသည့် အခက်အခဲများစွာ ရှိနေပါတယ်။ ထို့အပြင် ပွင့်လင်းရာသီရောက်ပြန်ရင်လည်း အဆိုပါလမ်းမှာ တောင်တက်လမ်းအရှည်၊ တောင်ဆင်းလမ်းအရှည်၊ ဂကွေ့လမ်းကျဉ်းကလေးသာဖြစ်သည့်အတွက် ခရီးသွားလာနေကြသည့် ပြည်သူလူထုများ၏ ကား၊ ဆိုင်ကယ်တို့မှာ အင်ဂျင်လောင်ကျွမ်းပျက်စီးခြင်းများ အမြဲတမ်းလိုလို ကြုံတွေ့ခံစားနေကြရပြီး အလွန်အန္တရာယ်များတဲ့အနေအထား တွေ့မြင်ရပါတယ်။ ချီဖွေ-လန်းယန်လမ်းခက်ခဲကြမ်းတမ်းမှုများကြောင့် ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်တို့မှာ ဖွံ့ဖြိုးတိုးတက်လာမှုမရှိတော့ပဲ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အခြားလူမှုဘဝများစွာ နိမ့်ကျခက်ခဲမှု ကြုံတွေ့နေကြရတာဖြစ်ပါတယ်။ ချီဖွေမြို့နယ်နှင့်ဆော့လော်မြို့နယ်တို့သည် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ငြိမ်းချမ်းရယူထားသည့် ဒေသများဖြစ်သည့်အပြင် ထာဝရငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အခြားမြို့နယ်များထက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်နေသည့်ဒေသဖြစ်သော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းလုပ်ငန်းများ လျာထားဆောင်ရွက်ပေးခြင်းများမရှိသည်ကို ဝမ်းနည်းဖွယ်တွေ့မြင်ရပါတယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ အများစုနေထိုင်ရာ နယ်စပ်ဒေသများတွင် ဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ မူဝါဒများနှင့်အညီ ချီဖွေ-လန်းယန်လမ်းအား ရာသီမရွေးဆက်သွယ်သွားလာနိုင်စေရန် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးမည်ဆိုပါက အများပြည်သူများ အစိုးရဌာနဆိုင်ရာများအတွက် များစွာအကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အခုပြသွားတဲ့ပုံတွေကျတော့ နှစ်စဉ်နှစ်တိုင်း မိုးတွင်းမှာ ဒီလိုမျိုးမြေပြိုကျပြီးမှ ကားလည်းသွားလို့မရဘူး။ လူတောင်မှ ခက်ခက်ခဲခဲသွားနေရတဲ့အခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ချီဖွေ-ပါဝါ(၄)မိုင်စခန်းမှ တောင်သုံးလုံး-မဲ့လိမ်ကော့-စုစည်း-လန်းယန်လမ်းပိုင်း မိုင် ၂၀ အား အများပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဆင့် ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည် သို့မဟုတ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက အဘယ်ကြောင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည်ကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းမှုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေကတော့ နယ်စပ်ဒေသများဖွံ့ဖြိုးရေးအတွက် ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ဒေသများဖြစ်တဲ့ ပူတာအိုခရိုင်အတွင်းမှာရှိတဲ့ ပန်နန်းဒင်မြောက်ခြမ်း ဂူဘားဒေသ၊ ခေါင်လန်ဖူးဒေသ၊ လန်ဆယ်-လကင်ဒေသများသို့ ဆက်သွယ်သည့်လမ်းကြောင်းများကို ကျွန်တော်တို့ဝန်ကြီးဌာအနေနဲ့ နှစ်တို၊ နှစ်ရှည်စီမံကိန်းများဖြင့် ဦးစားပေးအစီအစဉ်အရ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာမှာ ယခုလွှတ်တော်ကိုယ်စားလှယ်တင်ပြလာတဲ့ ချီဖွေ-ဖိမော်လမ်း၊ ချီဖွေ-ဆော့လော်လမ်းများဟာလည်း အဆိုပါစီမံကိန်းများမှာ ပါဝင်ဆောင်ရွက်ပေးရမယ့်လမ်းပိုင်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ ချီဖွေ-ပန်ဝါလမ်း(၄)မိုင်စခန်းမှ စုစည်း-တောင်သုံးလုံး- မဲ့လိမ်ကော့-လန်းယန်လမ်းပိုင်းဟာ မြို့နယ်နှစ်မြို့နယ်၊ ကျေးရွာအုပ်စု ၃၇ အုပ်စု၊ ကျေးရွာ ၁၇၈ ရွာ၊ အိမ်ခြေ ၁၉၆၉ လုံးနှင့် လူဦးရေ ၂၁၂၂၉ ဦးတို့အား အကျိုးပြုကြောင်းလည်း သိရှိရပါတယ်။

လျာထားဆောင်ရွက်ရမယ့်လုပ်ငန်းများအား ဒေသမှ အသေးစိတ်ကွင်းဆင်းလေ့လာတင်ပြချက်အရ လေးမိုင်တပ်စခန်းကနေပြီးတော့ စုစည်း-တောင်သုံးလုံး-လန်းယန် ၂၄ မိုင်လမ်းဟာ ချီဖွေ-ဆော့လော် ၅၂ မိုင်၊ မြို့ချင်းဆက်လမ်းနှင့် ချီဖွေမြို့နယ်၊ ချီဖွေ-ဖီမော် ၆၀ မိုင်လမ်းပေါ်မှာ တည်ရှိပါတယ်။ ယခင်က ချီဖွေမြို့နယ်မှ ဆော့လော်မြို့နယ်သို့ ဆက်သွယ်သွားလာရာတွင် မေခမြစ်အတိုင်းဖောက်လုပ်ထားတဲ့ ၃၄ မိုင်လမ်းကို အသုံးပြုခဲ့ရပါတယ်။ ဒါပေမဲ့လည်း ၂၀၁၂ ခုနှစ်ဇွန်လကနေစပြီးတော့ နယ်မြေတည်ငြိမ်အေးချမ်းမှုအားနည်းလာခြင်း၊ တိုက်ပွဲများပြန်လည်ဖြစ်ပွားလာခြင်းတို့ကြောင့် စားနပ်ရိက္ခာ၊ ဆေးဝါး၊ ကျောင်းအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပို့ဆောင်ရန်၊ အစိုးရဝန်ထမ်းများနှင့် ပြည်သူများသွားလာရန်အတွက် ပန်ဝါဌာနေပြည်သူ့စစ်အဖွဲ့မှ စစ်ရှောင်လမ်းအဖြစ် ၂၄ မိုင်အနက် မိုင် ၂၀ ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်းအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ကျန်တဲ့ ၁၉ မိုင်ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ဆောင်ရွက်မှုအနေနဲ့ လမ်းအကျယ်ဟာ ၁၃ ပေပဲရှိတဲ့အတွက် ကားနှစ်စီးရှောင်ကွင်းရန် ခက်ခဲတယ်။ မိုးတွင်းကာလမှာ မြေပြို၊ တောင်ပြိုမှုများကြောင့် လမ်းများမကြာခဏပိတ်ဆို့လျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။

အဆိုပါ ချီဖွေ-ပန်ဝါလမ်း(၄)မိုင်မှာ တောင်သုံးလုံး-မဲ့လိမ်ကော့-စုစည်း-လန်းယန်အထိ ၂၄ မိုင် လမ်းအနက် လေးမိုင်ဟာ ကျောက်တောင်များရှိပြီး မိုင် ၂၀ မှာ မြေသားတောင်များဖြစ်ပါတယ်။ ဒေသခံပြည်သူများ၏ တင်ပြချက်အရ အဆိုပါလမ်းများအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မိုင်တိုင်အမှတ်(၁၂/၄)မှ (၁၅/၀)မိုင်အထိ နှစ်မိုင် လေးဖာလုံအား ကျောက်တောင်မိုင်းခွဲခြင်း၊ လမ်းချဲ့ခြင်းလုပ်ငန်းနှင့် ၃ မိုင်အား ၂၄ ပေအကျယ် လမ်းချဲ့ခြင်းလုပ်ငန်း များဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ တစ်မိုင် လေးဖာလုံ ကျောက်တောင်ဖယ်ရှားရန် ၁၇ မိုင်အား ၂၄ ပေ အကျယ် လမ်းတာချဲ့ရန်ကျန်ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်မေးမြန်း ထားတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကချင်ပြည်နယ်အစိုးရအဖွဲ့နဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ၅ နှစ် စီမံကိန်းမှာ လျာထားလာမယ်ဆိုလို့ရှိရင် ဦးစားပေးအစီအစဉ်နဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး အဆိုပြုလျာထားဆောင်ရွက်ပေးပါမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ရှားငံမြို့နယ်၊ အင်းကြီးကတ္တရာလမ်းခွဲမှ ပါယ်ကင်း-သဖန်းပင်-ကျောက်တောသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရှားငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုးမင်း(ရှားငံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော် များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ရှားငံမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရှားငံမြို့နယ်၊ အင်းကြီးကတ္တရာလမ်းခွဲမှ ပါယ်ကင်း-သဖန်းပင်-ကျောက်တောသို့ ဆက်သွယ် ထားသော ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးပါရန်အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှားငံမြို့နယ် အင်းကြီးကတ္တရာလမ်းခွဲမှ ပါယ်ကင်း-သဖန်းပင်-ကျောက်တောသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ဒေသခံမိဘပြည်သူများမှ ဘိုးစဉ် ဘောင်ဆက် ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားသော လမ်းဖြစ်ပါတယ်။ သို့သော် ၎င်းလမ်းဟာ မိုးရာသီရောက်တိုင်း သွားရေး၊ လာရေးအလွန်ခက်ခဲလျက်ရှိပြီး မြို့နယ်နှင့်အဆက်အသွယ်ပြတ်သည် အထိ အခြေအနေဆိုးနေပါတယ်။ ကျွန်တော်တို့ ရှားငံဒေသဟာ မိုးများတဲ့ဒေသဖြစ်တဲ့အတွက် အင်းကြီး-ပါယ်ကင်း-သဖန်းပင်-ကျောက်တောမှ မိဘပြည်သူများဟာ ဆရာတော်ဘုရားရဲ့ဦးဆောင်မှု နှင့် အလှူငွေ၊ လုပ်အားတို့ဖြင့် နှစ်စဉ် လမ်းပြုပြင်နေရသောကြောင့် ဒေသခံပြည်သူများအတွက် အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းကြီးကတ္တရာလမ်းခွဲမှာ ပါယ်ကင်း-သဖန်းပင်-ကျောက်တောလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါက အင်းကြီးကျေးရွာမှ အိမ်ထောင်စု ၂၁၅ စု၊ လူဦးရေ ၁၂၅၀ ဦး၊ ပါယ်ကင်းကျေးရွာမှ အိမ်ထောင်စု ၁၄၀ စု၊ လူဦးရေ ၇၀၀

ဦး၊ သဖန်းပင်ကျေးရွာမှ အိမ်ထောင်စု ၈၀ စု၊ လူဦးရေ ၄၀၀ ဦး၊ ကျောက်တောကျေးရွာမှ အိမ်ထောင်စု ၁၂၉ စု၊ လူဦးရေ ၅၄၈ ဦးနှင့် ပါယ်ကင်း-သဖန်းပင်ကျေးရွာမှ ကျောင်းသား ၅၀ ဦး စုစုပေါင်း လူဦးရေ ၂၉၀၀ ခန့်တို့၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးအခက်အခဲများကို ပြေလည်စေမှာဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ဒေသမှာ ကျန်းမာရေးနှင့်ပတ်သက်ပြီးတော့ ဆေးရုံ၊ ဆေးခန်းတွေက အလှမ်းဝေးတဲ့အတွက် လမ်းတွေကလည်းမကောင်းတဲ့အခါကျတော့ ကျန်းမာရေးနှင့်ပတ်သက်ပြီးတော့ အသက်မကယ်နိုင်တဲ့အဖြစ်အပျက်များစွာ ရှိခဲ့ပါတယ်။ ဒီလမ်းရဲ့ပေအရှည်ကတော့ အင်းကြီးကျေးရွာမှ အင်းကြီးကျေးရွာကတ္တရာလမ်းခွဲမှ ပါယ်ကင်းကျေးရွာ စာသင်ကျောင်းအထိ မိုင်အားဖြင့်တော့ ၄ မိုင် ၁ ဖာလုံရှိပါတယ်။ ရေကျော် ၃၈ ခု၊ တံတားငယ် ၃ စင်းပါဝင်ပါတယ်။ ဒေသခံမိဘပြည်သူများကလည်း လမ်းအဆင့်မြှင့်တင်ပေးရန် ကျွန်တော့်ထံကတင်ပြကြပြီး လိုအပ်သော လမ်းအကျယ်ကို ဒေသခံခြံရှင်များမှ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါတယ်။ ဒီနေရာမှာ လမ်းနှင့်ပတ်သက်ပြီးတော့ လိုအပ်တဲ့လမ်းအကျယ်ကို ဒါဆရာတော်ဘုရားရဲ့ဦးဆောင်မှုနှင့် ဒေသခံ ကျွန်တော်တို့ ခြံရှင်တွေ၊ တောင်သူတွေ၊ မိဘပြည်သူတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ လိုအပ်တဲ့လမ်းအကျယ်ကို ပေးလှူမယ်၊ ပူးပေါင်းဆောင်ရွက်မယ်ဆိုတာကို သဘောတူညီမှု ရရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ရွှေငံမြို့နယ် အင်းကြီးကတ္တရာလမ်းခွဲမှ ပါယ်ကင်း-သဖန်းပင်-ကျောက်တောသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလို၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ ကျွန်တော်တို့ ရွှေငံမြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ အင်းကြီး-ပါယ်ကင်း-သဖန်းပင်-ကျောက်တောကျေးရွာချင်းဆက်လမ်းဟာ ဒေသက ကိုယ်ထူကိုယ်ထဖောက်လုပ်ပြီးတော့ ၆ မိုင်ရှည်လျားတဲ့ တစ်ကြောင်းထိုး မြေလမ်းဖြစ်ပါတယ်။ လမ်းရဲ့အကျယ်ဟာ ၂၀ ပေခန့်နှင့် အကျဉ်းဆုံးနေရာဟာ ၁၂ ပေခန့်ရှိကြောင်းကိုလည်း သိရပါတယ်။ အဆိုပါမြေလမ်းကို ကျောက်ခင်းလမ်း ဆောင်ရွက်နိုင်ရန်အတွက်လည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကနေပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လ ပြည်နယ်အစိုးရရန်ပုံငွေမှာ အဆိုပြုတင်ပြထားသော်လည်း ဦးစားပေးအစီအစဉ်အရ ပါဝင်ခြင်းမရှိသေးကြောင်းနှင့် ၎င်းလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် သတ်မှတ်လမ်းအကျယ်ရရှိအောင် ကျွန်တော်တို့ ဦးစွာဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း ဒေသတင်ပြချက်အရ စိစစ်သိရှိရပါတယ်။

ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ မူဝါဒကတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေယာကိစ္စများအတွက် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ဒေသဦးစီးအဖွဲ့က တာဝန်ခံရှင်းလင်းဆောင်ရွက်ပြီးမှသာ လုပ်ငန်းများ ရန်ပုံငွေခွင့်ပြုချက်ရရှိရေး ဆက်လက်ဆောင် ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းချက်ရဲ့ အင်းကြီး-ပယ်ကင်း-သဖန်းပင်-ကျောက်တော ကျေးရွာချင်းဆက်မြေလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေးကိစ္စနှင့်စပ်လျဉ်းပြီး သတ်မှတ်လမ်းအကျယ် အနည်းဆုံး ၂၆ ပေခန့်ရှိမှသာ လမ်းများဆောင်ရွက်ပေးနိုင်မည်ဖြစ်သဖြင့် အဆိုပါလမ်းများကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ကနေ အသေးစိတ်ကွင်းဆင်းလေ့လာစိစစ်၍ မြေယာကိစ္စများပြီးပြတ်အောင်၊ သတ်မှတ်လမ်း အကျယ်ရရှိအောင် ဆောင်ရွက်ပြီးဖြစ်ကြောင်း ဒေသဦးစီးအဖွဲ့က တင်ပြလာမယ်ဆိုလို့ရှိရင် ကျွန်တော် တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက် ပေးပါမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ (၁၄-၁၂-၂၀၁၈ ရက်နေ့)က တင်သွင်းခဲ့တဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလို ကြောင်း လွှတ်တော်ကိုယ်စားလှယ်လေးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးဝေလှိုင်ထွန်း(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် တက်ရောက်လာသူအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝေလှိုင်ထွန်း ဖြစ်ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့အစီရင်ခံစာ

ကို ကျွန်တော် အကြံပြုထောက်ခံပြီးတော့ အများပြည်သူတွေအတွက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအစီရင်ခံစာမှာ ဘာပါလဲဆိုတော့ တိုင်ကြားတဲ့အမှုက ၆၇၀ ရှိပါတယ်။ မပြီးသေးတဲ့အမှုက ၁၆၉ မှု ရှိပါတယ်။ အဲဒီတော့ ပြီးပြတ်တဲ့အမှုက ဘယ်နှမှုရှိလဲ။ အားလုံးလက်ကျန်က ၅၀၁ မှုက မှတ်တမ်းတင်ထားတယ်။ အဲဒီတော့ ၅၀၀ ကျော်မှာ ၄၀၈ မှုက မှတ်တမ်းတင်တော့ ငါးပုံပုံရင် လေးပုံက မှတ်တမ်းတင်ထားတော့ တစ်ပုံလောက်ပဲ အလုပ်လုပ်ထားသလို ဖြစ်ပါတယ်။ အဲဒီမှာလည်း အစီရင်ခံစာမှာ တင်ပြတဲ့အကြောင်းအချင်းအရာတွေကတော့ မှတ်တမ်းတင်ရတာက လိပ်စာမပြည့်စုံတာတို့၊ အထောက်အထားတွေ၊ အမျိုးစုံအကြောင်းတွေတော့ ရှိပါတယ်။ ဒါပေမဲ့ အဲဒီအထဲမှာမပါဘဲနဲ့ ပြည့်စုံရဲ့သားနဲ့ မှတ်တမ်းတင်ထားတာတွေလည်းရှိနေတော့ အဲဒီမှတ်တမ်းတင်ရင်လည်း တိုင်ကြားသူကိုတော့ အကြောင်းကြားသင့်ပါတယ်။ တိုင်ကြားသူက တိုင်သာတိုင်တယ်။ ဘာမှမသိဘူး။ အခုထက်ထိ ဘာဖြစ်ထားမှန်းမသိလို့ မျှော်လင့်သလင့်နဲ့လုပ်တဲ့သူတွေအများကြီးရှိပါတယ်။ ဒါပေမဲ့ ဟိုးပြီးခဲ့တဲ့နှစ်က အစီရင်ခံစာမှာတော့ ဘယ်အမှုတွေကဘယ်လိုဘယ်လိုဆိုတာတွေကို ရှင်းတဲ့အတွက် အဲဒီတုန်းက လွှတ်တော်ဥက္ကဋ္ဌက ပြောပါတယ်။ ဒီလိုပြောလို့ တရားစီရင်ရေးကိုတင်ပြရင် သနားတယ်ပြောမယ်။ အထောက်အထားနဲ့တင်ပြပါဆိုလို့ အထောက်အထားနဲ့တင်ပါတယ်။ တင်လိုက်တဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးကိုလည်းပို့တော့ တရားသူကြီးချုပ်နဲ့ ကျွန်တော်တွေ့တော့ ပြောပါတယ်။ ဟုတ်ပါတယ်တဲ့၊ အဲဒီလူတွေကိုအရေးယူထားပါတယ်၊ ဆောင်ရွက်ထားပါတယ် ပြောတယ်။ အခုတော့ ဘာတွေဆောင်ရွက်ထားမှန်း ကျွန်တော်မသိဘူး။ အဲဒီတော့ မှတ်တမ်းသာတင်ထားလိုက်တယ်။ တကယ်လုပ်ရမယ့်ဟာတွေ မှတ်တမ်းတင်ထားတာကို တခြားအစီရင်ခံစာမပါတဲ့အတွက် ကျွန်တော်မသိပေမဲ့ ကျွန်တော့်မြို့နယ်မှာဖြစ်တဲ့ နှစ်ခုလောက် ကတော့ ကျွန်တော်ပြောချင်တယ်။ အခြေအနေနှစ်ခုစလုံးပြောပါမယ်။ ဘာလုပ်လဲဆိုတော့ ကျွန်တော်တို့ ပုသိမ်မှာ ဆရာဝန်နဲ့ လူနာနဲ့ ဆေးရုံမှာပြဿနာတက်တယ်။ သူက ရာဇဝတ်မှုနဲ့ခေါင်းကွဲလို့ အမျိုးသမီး ဆံပင်အရှည်ကြီးနဲ့ လာပြီးတော့ ဆေးရုံမှာလာပြတော့ အဲဒီကတာဝန်ကျတဲ့ဆရာဝန်နဲ့သူနဲ့က အရင် ကတည်းက ပုဂ္ဂိုလ်ရေးမတည့်တော့ အဲဒီအမျိုးသမီးကို ကတုံးရိတ်ပစ်လိုက်တယ်။ တစ်လက်မလောက်အနက်ကို ဆံပင်အရှည်ကြီး ကတုံးရိတ်ပစ်လိုက်တော့ ဟိုကမကျေနပ်လို့ဖြစ်တဲ့ပြဿနာ။ အဲဒီတော့ စကားများကြတော့ အဲဒီဆရာဝန်က အဲဒီလူနာကို တာဝန်ဝတ္တရားနှောင့်ယှက်မှုနဲ့တရားစွဲတယ်။ အဲဒီတော့ သူကလည်း တာဝန်မှာမမှန်မကန် ဒီလိုမျိုးတွေလုပ်တယ်။ ရုန်းရင်းဆန်ခတ်အော်တယ်ဟစ်တယ် ဖြစ်တဲ့အတွက် သူကလည်းတရားပြန်စွဲတော့ ဟိုကစွဲတဲ့အမှုကိုတော့လက်ခံတယ်။ သူစွဲတဲ့အမှုကိုတော့ Gazette Officer ဖြစ်တယ်။ Sanction မပေးတဲ့အတွက် သူကတရားခံအဖြစ် ရုံးချိန်းတိုင်းသွားရပါတယ်။ ဒါပေမဲ့ တစ်ဖက်က ရုံးချိန်းတိုင်းမှန်မှန်မလာပါဘူး။ သူက ခုနစ်လလောက်ပုံမှန်သွားနေရတာ။ အဲဒီအချိန်မှာ သူက Facebook မှာ အဲဒီအမျိုးသမီးကို ကိုယ်ကျင့်သိက္ခာကိုပါထိခိုက်အောင်ရေးတင်တာ Facebook မှာမြင်ရတော့ ရဲစခန်းမှာအမှုဖွင့်တော့ ရဲက အဲဒီဆရာဝန်ဆီက ဖုန်းသိမ်းတယ်။ သူကလည်း ဝန်ခံတယ်။ ဟုတ်တယ်။ ရေးတင်တယ်ဆိုတော့ ရဲကအမှုဖွင့်တယ်။ ဥပဒေအကြံပေးတောင်းတယ်။ ဥပဒေအကြံပေးကလည်း ဒီအထောက်အထားတွေအရ တရားစွဲဆိုသင့်ပါတယ်ဆိုပြီးရေးလိုက်တော့ အဲဒါကဘယ်လိုဖြစ်သွားတယ်မသိဘူး။ ရှေ့နေချုပ်ရုံးက အဲဒီဟာကိုတောင်းတယ်။ တောင်းပြီးတော့ ဘယ်လိုအကြောင်းပြန်လည်းဆိုတော့ သဘောရိုးနဲ့ရေးတဲ့အတွက် တရားစွဲဆိုဖို့မသင့်ပါဘူးဆိုပြီး ဆက်သွယ်ရေးဝန်ကြီးဌာနကို အကြောင်းကြားလိုက်တယ်။ ဆက်သွယ်ရေးဝန်ကြီးဌာနက အဲဒီ

သုံးသပ်ချက်အရ တရားစွဲဆိုဖို့မပေးတော့ဘူး။ အဲဒီတော့ ကျွန်တော်တို့ အဲဒီကိစ္စကို စစ်ဆေးတော့ ကျွန်တော် ပုသိမ်ကို အဲဒီကော်မတီရှေ့မှာ ကျွန်တော်လည်းပါပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ပြောနေတာပါ။ အဲဒီလိုစစ်ဆေးတော့ အဲဒီအကြောင်းတွေ ခုနက ကျွန်တော်ပြောတာတွေပေါ်တော့ ဒီဟာက တရားစီရင်ရေးကစစ်ဆေးမှသာလျှင် ဒီဟာကပေါ်ပေါက်မှာ။ သဘောရိုးနဲ့ရေးသလား၊ သဘောရိုးနဲ့ မရေးသလားဆိုတာပေါ်မှာ။ ဘာမှမစစ်ရသေးဘဲနဲ့ သဘောရိုးသဖြင့် တရားစွဲဆိုခွင့် မပေးပါဘူးဆိုရင် တရားစီရင်ရေးကို ဥပဒေရေးရာက ဝင်ရောက်စွက်ဖက်နေတယ်။ အဲဒါကြောင့်မို့လို့ တိုင်တာ။ အဲဒါကို စစ်ဆေးတော့ပေါ်တယ်။ ဒါပေမဲ့ ဥက္ကဋ္ဌကဘာပြောတယ်မှတ်လဲ။ အခုလို တိုင်လိုက်တဲ့အတွက်တဲ့ တစ်ဖက် ခုနကဆရာဝန်က အဲဒီအမှုကို Withdraw လုပ်သွားပြီတဲ့။ အဲဒီတော့ သူ Withdraw လုပ်လို့ ကိုယ်ကလည်း ဒီအမှုကိုငြိမ်နေရမှာလား။ ဒါရှေ့ပြည်အေးတရားဟောမယ့် ကော်မတီမဟုတ်ဘူး။ တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်လား၊ မစွက်ဖက်လား ဆုံးဖြတ်ပေးရမှာ။ အဲဒါဘာမှအဆုံးအဖြတ်မပေးဘဲ မှတ်တမ်းပဲတင်ထားတယ်။ အဲဒီကာယကံရှင်ကိုလည်း အကြောင်း မပြန်တော့ ကျွန်တော့်ကိုမေးတယ်။ ကျွန်တော်ကတော့ သိတယ်။ ဒါပေမဲ့ အခုထက်ထိ ဘာမှ အကြောင်းမပြန်တော့ဘူး။ သူက အမျိုးသားလွှတ်တော်တိုင်ကြားရေးကော်မတီကို တိုင်တယ်။ တိုင်ကြားရေးကော်မတီကတော့ အရေးယူဆောင်ရွက်ပေးမယ်ဆိုတဲ့စာတောင်ပြန်တယ်။ သူက အထက်ထိဘာစာမှတောင်ပြန်မရဘူး။ အဲဒီအလားတူမျိုးဖြစ်ခဲ့ဖူးပါတယ်။ တရားစီရင်ရေးမှာ ဘယ်လောက်ဆိုးလဲဆိုရင် တရားမမှုမှာ တစ်ဖက်က တရားပြိုင်မလာဘူး။ ဒီဘက်က တရားလိုက စာချုပ်စာတမ်းနဲ့ ရှေ့နေနဲ့ငှားထားပြီးတော့ ဆောင်ရွက်တယ်။ အမှုလည်းပေါ်တယ်။ အဲဒါကို တရား စီရင်ရေးမှာ ဘယ်လောက်ဖြစ်နေလဲဆိုတော့ တရားစွဲတဲ့သူက သက်သေနဲ့အထောက်အထားနဲ့ တရားမမှုစွဲတဲ့အမှုက Expire သွားတာတောင်မှ အဲဒီလူကရှုံးပြီး ရုံးကိုလုံးဝမလာတဲ့သူ အနိုင်ရတယ်။ အဲဒီကိစ္စကိုလည်းတိုင်တယ်။ တိုင်တာကပြီးခဲ့တဲ့ ကော်မတီဥက္ကဋ္ဌလက်ထက်က။ အဲဒါကို ဧရာဝတီ တိုင်းကိုစစ်ဆေးခိုင်းတယ်။ စစ်တော့ ပေါ်တယ်။ ပေါ်လိုက်တော့ ဒီတရားသူကြီးနဲ့က ပြောတဲ့စကား တွေက မကောင်းဘူး။ ကျွန်တော်နည်းနည်းတော့ ထုတ်ပြောလိုက်ဦးမယ်။ ဘယ်လိုပြောလဲဆိုတော့ ဒီအမှုကိုတဲ့ အနိုင်ပေးရမှာတဲ့ တစ်ဖက်ကလည်းမလာဘူး။ ဒါပေမဲ့ တရားသူကြီးချုပ်က အမျိုးသမီး။ ကျွန်မကိုပြောတယ်တဲ့။ အဲဒီအမှုကိုအနိုင်မပေးပါနဲ့ဆိုလို့ စီရင်ချက်တော့ ကောင်းအောင်ရေးပေးပါ။ အမိန့်ကတော့ ရှုံးမှာပဲဆိုတော့ အဲဒါကိုကာယကံရှင်က ဘယ်လိုနည်းနဲ့သိလဲဆိုတာ ကျွန်တော်ပြောလို့ မကောင်းပါဘူး။ သိသွားတော့ ကျွန်တော့်ကိုလာတိုင်တယ်။ ကျွန်တော်ကစောင့်ကြည့်လိုက်ပါဦး။ စောင့်ကြည့်တော့ အဲဒီအတိုင်းကိုထွက်တယ်။ ထွက်လိုက်လို့တိုင်တာပါ။ တိုင်တော့ အခုစစ်လိုက်တဲ့ အခါကျတော့ပေါ်တော့ အဲဒီတရားသူကြီးနဲ့ အဲဒီစာရေးကို စစ်ဆေးခွင့်တောင်းတယ်။ တောင်းတော့ တရားသူကြီးချုပ်က စစ်ဆေးခွင့်မပေးပါဘူး။ အဲဒီကိစ္စကို မပေးတဲ့အကြောင်းကိုလည်း ဧရာဝတီတိုင်း လွှတ်တော် ကော်မတီက ပြည်သူ့လွှတ်တော်ကိုပြန်ပို့လိုက်ပါတယ်။ ဘာမှမလုပ်တော့ပါဘူး။ သိလည်း မသိတော့ပါဘူး။ အဲဒီတော့ ပြည်သူတွေက ယုံကြည်အားကိုးမှုနဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီကို တိုင်တယ်။ ဘာမှမသိတော့ ဒီကော်မတီမှာ ယုံကြည်လေးစားမှုမရှိရင် တရားစီရင်ရေးကို ဘယ်လိုထိန်းကျောင်းမလဲ။ ကျွန်တော်က ဝင်ရောက်စွက်ဖက်ဖို့ပြောနေတာမဟုတ်ဘူး။

**ဥက္ကဋ္ဌ**။ ။ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**မှုကြမ်း**

**ဦးလမာနော်အောင်(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလမာနော်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏အစီရင်ခံစာကို ထောက်ခံဆွေးနွေးသွားပါမယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီကိုအခြေခိုင်အောင် တည်ဆောက်နေတဲ့အခြေအနေမှာ တရားဥပဒေစိုးမိုးရေးဟာ အဓိကကျကြောင်း နိုင်ငံတော်အကြီးအကဲများ မကြာခဏဦးစားပေးပြောဆိုကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်း မြင်နေရပါတယ်။ ဒီလိုအကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအနေနဲ့လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏လမ်းညွှန်ချက်နှင့်အညီ အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်နေတာကို တွေ့ရတဲ့အတွက်လည်း ပါဝင်လုပ်ဆောင်သူအားလုံးကို အထူးကျေးဇူးတင်လိုကြောင်း ပြောကြားလိုပါတယ်။ ကော်မတီရဲ့ ၂၀၁၇-၂၀၁၈ အစီရင်ခံစာမှာ အဓိကအားဖြင့် တိုင်ကြားစာတွေကို ဖြေရှင်းဆောင်ရွက်ပေးတာကို တွေ့ရပါတယ်။ တိုင်ကြားစာပေါင်း ၆၇၀ လက်ခံရရှိပြီး ၉၃ စောင် တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန် ၁၆၉ စောင်ကျန်ရှိနေသေးကြောင်း သိရပါတယ်။ လွှတ်တော်ရဲ့ အခြားကော်မတီများနည်းတူ ရရှိသောအချိန်အတွင်း ရရှိသောဝန်ထမ်းအင်အားနဲ့ အလုပ်ပြီးမြောက်အောင် ဆောင်ရွက်နေခြင်းကိုလည်း ဒီမှာချီးကျူးလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်အဓိကဆွေးနွေးချင်တာကတော့ ကော်မတီရဲ့အဓိကရည်ရွယ်ချက်ဖြစ်တဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးရာလုပ်ငန်းများမှာ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေး၊ တန်းတူညီမျှအခွင့်အရေး၊ လွတ်လပ်မှုနှင့် အခွင့်အရေးစသည်တို့အတွက် ဆောင်ရွက်နေရာမှာ တိုင်ကြားစာအပေါ် တုံ့ပြန်ဆောင်ရွက်ခြင်းမှာ နည်းလမ်းတစ်ခုသာဖြစ်သင့်ပြီး အခြားနည်းလမ်းတွေကိုလည်း သုံးသင့်ပါတယ်။ အထူးသဖြင့် ပြည်သူတွေကြားမှာ လူပြောများနေသော တရားစီရင်ရေးကိစ္စနှင့် နိုင်ငံတကာစိတ်ဝင်စားနေတဲ့ တရားရေးကိစ္စတွေကို ကော်မတီအနေနဲ့ တိုင်စာလာမှ တုံ့ပြန်ဆောင်ရွက်တာမျိုးမဟုတ်ဘဲ ကိုယ့်ဘက်က တက်ကြွစွာနဲ့ လွှတ်တော်ကြီးရဲ့ကိုယ်စား တရားမျှတမှုရှိ/မရှိကို လေ့လာ တုံ့ပြန်သင့်ပါတယ်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ပြည်သူကိုကိုယ်စားပြုတဲ့ ကျွန်တော်တို့လွှတ်တော်ကြီးအနေနဲ့ ပြည်သူလူထုရဲ့ ယုံကြည်ကိုးစားမှုပိုမိုရရှိလာမှာဖြစ်ပြီး နိုင်ငံတကာမှာလည်း အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်တဲ့လွှတ်တော်အဖြစ် ဂုဏ်သတင်းပိုမိုကျော်ကြားလာမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပြောရရင် ကော်မတီအနေနဲ့လည်း ဒီသတင်းတစ်ပတ်နှစ်ပတ်အတွင်း ပြည်သူတွေကြားမှာ အပြင်းအထန်ဝေဖန်နေတဲ့ သရုပ်ဆောင်မိုးအောင်ရင် မူးယစ်ဆေးဝါးမှုနှင့်ပတ်သက်ပြီး တရားမျှတမှုရှိ/မရှိ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေကြား ကန့်ကွက်နေကြတဲ့ ကျွန်တော်တို့ကချင်ပြည်နယ်က စစ်ပွဲကြောင့် ပိတ်မိပြည်သူကို ခေါ်ယူရေးနဲ့ပတ်သက်ပြီး ငြိမ်းချမ်းစွာဆန္ဒပြပွဲကို ဦးဆောင်သူ ဦးလုံးဇောင်း၊ ဒေါ်နန့်ကူး၊ ဦးဇော်ဂျက် သုံးဦးကို ထောင်ဒဏ်ခြောက်လနှင့် ငွေဒဏ်ငါးသိန်းချမှတ်တာနဲ့ပတ်သက်ပြီး တရားမျှတမှုရှိ/မရှိ လေ့လာကာ ပြည်သူများသိအောင် ကော်မတီအနေနဲ့ သတင်းထုတ်ပြန်နိုင်ပါက

**မူကြမ်း**

ကျွန်တော်တို့လွှတ်တော်ကြီးဟာ ပြည်သူ့အသံကိုနားထောင်သော အချိန်နှင့်တစ်ပြေးညီဖြစ်ပေါ်နေသော တရားရေးကိစ္စများကို ကိုင်တွယ်ဆောင်ရွက်နေကြောင်း ပြည်သူတွေကသိရှိကာ လွှတ်တော်ကြီးကို ပိုမိုယုံကြည်ကိုးစားလာမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်တွင် ပြည်သူများအနေဖြင့် မိမိထင်မြင်ယူဆ ချက်နှင့် မိမိယုံကြည်ရာကို လွတ်လပ်စွာဖော်ထုတ်ခွင့်ရှိရမည်ဖြစ်ရာ လွယ်လင့်တကူ ဖမ်းဆီးချုပ်နှောင်မှုဖြစ်စဉ်များက ပြည်သူများ၏ ဒီမိုကရေစီစနစ်နဲ့ အစိုးရအပေါ်ယုံကြည်စိတ်လျော့ကျလာနိုင်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အပြန်အလှန်ထိန်းညှိခြင်းသဘောသဘာဝရှိသော ဒီမိုကရေစီစနစ်တွင် လွှတ်တော်အနေဖြင့် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးမဏ္ဍိုင်ကို အပြန်အလှန်ထိန်းကျောင်းရန် တာဝန်ရှိသဖြင့် တရားရေးမဏ္ဍိုင်တည့်မတ်အောင် လွှတ်တော်ကိုယ်စားပြုတရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက အထူးအားစိုက်ဆောင်ရွက်ရန် တိုက်တွန်းလိုပါတယ်။ ထိုသို့ဆောင်ရွက်ရန် ကော်မတီအတွက် လိုအပ်သော လူအင်အားနှင့်အခြားအရင်းအမြစ်တွေကို တိုးမြှင့်ပေးဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော်အကြီးအကဲများကိုလည်း တောင်းဆိုလိုပါတယ်။ ကော်မတီ၏လုပ်ငန်းဆောင်တာများ ပိုမိုလုပ်ဆောင်ခြင်းအားဖြင့် ကျွန်တော်တို့လွှတ်တော်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းတို့ တရားဥပဒေစိုးမိုးရေးကိစ္စများမှာ ပြည်သူတွေအနေနဲ့ ပိုမိုယုံကြည်ကာ အခြေခံဥပဒေက အပ်နှင်းထားသော လွှတ်တော်ရဲ့အခန်းကဏ္ဍကိုလည်း ပိုမိုအားထုတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ကော်မတီရဲ့အစီရင်ခံစာကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့အစီရင်ခံစာကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကော်မတီရဲ့ရည်ရွယ်ချက်များထဲမှ နှစ်ချက်ကို ပထမဦးစွာ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်(က)မှာ တရားစီရင်ရေးနှင့် ဥပဒေရေးရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေးအတွက် ကူညီဆောင်ရွက်ရန်နှင့် ရည်ရွယ်ချက်(ခ)မှာ ဥပဒေနှင့်အညီ တရားစီရင်ရေး၊ တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်ဆိုတဲ့အချက်နှစ်ချက်ကို ကြည့်ခြင်းအားဖြင့် များစွာကျေနပ်မိပါတယ်။ ဒီအချက် နှစ်ချက်ကိုကြည့်ပြီး ပြည်သူများအနေဖြင့် ဒီကော်မတီကို အလွန်အားကိုးပြီးတိုင်ကြတာ တိုင်စာများဟာ တစ်နှစ်ကာလအတွင်းမှာ ၆၇၀ စောင်ရှိတယ်လို့ သိရပါတယ်။ တရားစီရင်ရေးမှန်ကန်မှုအားနည်းလို့ ပြည်သူတွေဘယ်လောက်ခံစားနေရတယ်ဆိုတာ ဒီတိုင်စာကိုကြည့်ခြင်းအားဖြင့် ပေါ်လွင်ထင်ရှားနေတာ သိသာလှပါတယ်။ ပြည်သူများအားကိုးသလို ကော်မတီသည်လည်းပဲ ရည်ရွယ်ချက်အတိုင်း အောင်မြင်အောင် အကောင်အထည်ဖော်ပေးဖို့၊ စာရွက်ထဲက ဖတ်လို့ကောင်းတဲ့ရည်ရွယ်ချက်မဖြစ်ဖို့ တိုက်တွန်းလိုပါတယ်။

ကျွန်မတို့နိုင်ငံဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုပြီး မဏ္ဍိုင်ကြီးသုံးရပ်နဲ့ အပြန်အလှန်ထိန်းညှိဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ကိုယ်စားလှယ်များမှာလည်း ဥပဒေပြုရေးကို လုပ်ဆောင်ရတဲ့အပြင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိုလည်း ဝင်ရောက်စွက်ဖက်ခြင်းမဟုတ်ဘဲ ပေါင်းစပ်ညှိနှိုင်းခြင်းများ ပြုလုပ်နေရပါတယ်။ အချို့ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းကြသော်လည်း ဝင်ရောက်စွက်ဖက်တယ်လို့ လွဲမှားစွာထင်မြင်ခြင်းခံရတဲ့အခါလည်း ရှိပါတယ်။ ကိုယ်စားလှယ်များဟာ လုပ်ပိုင်ခွင့်အပေါ် စဉ်းစားချင့်ချိန်ပြီး ဆောင်ရွက်နေရတာကြောင့် ထင်သလောက်ခရီးမပေါက်တဲ့ ကိစ္စတွေရှိနေပါတယ်။ စီရင်ချက်များကို တရားမျှတမှုမရှိဘဲ ချမှတ်ထားတဲ့အခါ ပြည်သူများကလည်း ကိုယ်စားလှယ်များကို အားကိုးတကြီးနဲ့ အကူအညီတောင်းတာတွေလည်းရှိပါတယ်။ ဒီအခါမှာ ကျွန်မတို့ ကိုယ်စားလှယ်များအနေနဲ့ ဒီကော်မတီကိုထပ်ဆင့်ပြီးရင် တင်ပြတာတွေရှိပါတယ်။

ဒီနေရာမှာ ကျွန်မကိုယ်တိုင်တင်ပြထားခဲ့တဲ့အမှုတစ်ခုကို ဆွေးနွေးချင်ပါတယ်။ အမှုမှာ တစ်လင်တစ်မယားဥပဒေနှင့်ညှိစွန်းပြီး ပြစ်မှု၊ ပြစ်ဒဏ်ချမှတ်ထားတာကို မကျေနပ်လို့ မြို့နယ် တရားရုံးက စီရင်ချက်ချရာ တရားမျှတမှုမရှိဘူးထင်လို့ အမှုသည်ကာယကံရှင်က မကျေနပ်လို့ ကျွန်မထံကို တိုင်ကြားလာတဲ့အမှုတစ်ခု ဆက်လက်ပြီး ဒီကော်မတီကို တင်ပြတိုင်ကြားခဲ့ဖူးပါတယ်။ တရားလိုကဆင်းရဲ ရှေ့နေခက မတတ်နိုင် ခရိုင်အဆင့်မတက်နိုင်လို့ ကိုယ်စားလှယ်ကို တိုင်ကြားခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကို အမှုတွဲနှင့်အတူ ကျွန်မ ဆက်လက်ပြီး တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ထပ်ဆင့်တိုင်ကြားခဲ့ပါတယ်။ တိုင်ကြားတဲ့ ကျွန်မကို တရားဝင်အကြောင်းကြားစာ ပြန်လည်ပေးအပ် ခြင်းတော့ မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကာယကံရှင်ကို မြို့နယ်မှာရှုံးရင် ခရိုင်တက်ရမယ်ဆိုတာကိုတော့ ပြောတယ်လို့တော့ သိရပါတယ်။ ကျွန်မ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ မြို့နယ်မှာရှုံးရင် ခရိုင်တက်ရမယ်။ ခရိုင်မှာရှုံးရင် တိုင်းဒေသကြီးတက်ရမယ်။ တိုင်းဒေသကြီးမှာရှုံးရင် ဗဟိုကိုတက် ရမယ်ဆိုတာ အဲဒီလိုအဆင့်ဆင့်တက်ရမယ်ဆိုတာ သိပြီးဖြစ်ပါတယ်။ ဒါပေမဲ့ တရားလိုက ဆင်းရဲတော့ တက်တိုင်း ငွေကုန်မှာဖြစ်တဲ့အတွက် ကျွန်မကိုအကူအညီတောင်းခြင်းဖြစ်ပြီး ကျွန်မကလည်း တရားမျှတမှုရှိစေရန်နှင့် ကော်မတီကို ဆက်လက်တိုင်ကြားခြင်းဖြစ်ပါတယ်။ အခုတော့ ကျွန်မရဲ့ တိုင်ကြားစာဟာ မှတ်တမ်းအဖြစ်ထားရှိတဲ့ ၄၀၈ စောင်ထဲမှာ ရောက်ရှိသွားပါတယ်။ ဒီလိုအလားတူ ကိစ္စရပ်များဆိုရင် ကော်မတီအနေနဲ့ နယ်မြေကွင်းဆင်းပြီး ပေါင်းစပ်ညှိနှိုင်းသင့်တယ်။ ဒါမှမဟုတ် တိုင်ကြားစာကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်များသို့ ကော်မတီအနေနဲ့ ဆက်လက်ပို့ဆောင် ပေးသင့်တယ်လို့ ကျွန်မအနေနဲ့မြင်ပါတယ်။ ယခုဆိုရင် ဥပဒေအထောက်အကူပြုရေးအဖွဲ့ရှိနေပြီ ဖြစ်တဲ့အတွက် ဆက်လက်ပို့ပေးသင့်ပါတယ်။ နိဂုံးချုပ်အနေနဲ့ တရားစီရင်ရေးအဖွဲ့အစည်းအဆင့်ဆင့် ရဲ့ ဆောင်ရွက်မှုအပေါ် တရားမျှတမှုနဲ့ မှန်ကန်မှုရှိအောင် ရည်ရွယ်ချက်အတိုင်း ကော်မတီအနေနဲ့ နယ်မြေကွင်းဆင်းပေါင်းစပ်ညှိနှိုင်းပေးသင့်ပါကြောင်းနဲ့ အကယ်၍ ကော်မတီတစ်ခုလုံး နယ်မြေ ကွင်းဆင်းဖို့ ခက်ခဲမယ်ဆိုရင်လည်း နီးစပ်ရာကော်မတီဝင်များမှ တာဝန်ခွဲဝေပြီး ဆောင်ရွက်သင့်ပါ ကြောင်း ကော်မတီကိုလည်း ထိုက်သင့်တဲ့လုပ်ပိုင်ခွင့်များ ပေးသင့်ပါကြောင်း အစီရင်ခံစာကို အကြံပြု ဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်ရှင့်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့အစီရင်ခံစာအား အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ အစီရင်ခံစာကို အပိုင်းသုံးပိုင်းခွဲပြီး ဆွေးနွေးလိုပါတယ်ရှင့်။ ပထမပိုင်းအနေဖြင့် ရည်ရွယ်ချက် အပိုဒ်(၂)မှာပါတဲ့အချက်တွေဟာ အင်မတန်ကောင်းမွန်တဲ့အတွက်ကြောင့်မို့လို့ ရည်ရွယ်ချက်တွေ အောင်မြင်စေရန်အလို့ငှာ ပိုမိုအားစိုက်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်ရှင်။ ရည်ရွယ်ချက်ခုနစ်ချက်ထဲမှာ အချက်(က)အနေနဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေးအတွက် ကူညီဆောင်ရွက်ရန်၊ အချက်(ဃ)မှာဆိုရင် နိုင်ငံ့ဝန်ထမ်းများ ၏ အခွင့်အရေးများ မှန်ကန်စွာရရှိရေးအတွက် စိစစ်ကူညီဆောင်ရွက်ပေးရန်လို့ ပါပါတယ်။ ကျွန်မတို့ဟာ အမှန်တကယ်တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ဖို့အတွက်ဆိုလို့ရှိရင် နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူ တစ်ဦးစီ တစ်ဦးစီက မိမိတို့ရဲ့တာဝန်နှင့် ရပိုင်ခွင့်တွေကို မှန်ကန်စွာသိနေဖို့၊ ရနေဖို့ လိုပါတယ်ရှင့်။ ဒီအတွက်ကြောင့်မို့လို့လည်း တာဝန်ရှိတဲ့သူများက ပြည်သူများကို အသိပညာပေးခြင်းအပါအဝင် မှန်ကန်မျှတစွာအကာအကွယ်ပေးနိုင်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

မိမိတို့ပြည်သူများရဲ့ လူမှုတရားမျှတမှုကို ဖော်ဆောင်ပေးမယ့် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းတွေရဲ့ လိုအပ်တဲ့လိုအပ်မှုတွေကိုလည်း၊ ပံ့ပိုးမှုတွေကိုလည်း ဖော်ဆောင်ပေးရမှာဖြစ်ပါတယ်ရှင့်။ ကျွန်မတို့လွှတ်တော်ကြီးမှာပဲ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးက အငြိမ်းစားဝန်ထမ်းတွေနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးတဲ့အခါမှာ အင်မတန်မှ ထိခိုက်ကြေကွဲရပါတယ်။ ဒီလိုမေးခွန်းမျိုးတွေ ကျွန်မတို့ပြည်သူ့လွှတ်တော်ကြီးမှာ နောက်ထပ်ထပ်ပြီးတော့မှ ဖြေကြားရန်မလိုတော့အောင် ယခုကတည်းကစပြီး ကျွန်မတို့ ကြိုတင်စီမံဆောင်ရွက်ဖို့ လိုအပ်နေပါတယ်။ ယခုအချိန်မှာ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးမဟာဗျူဟာတွေရေးဆွဲပြီးတော့မှ အိမ်ရာစီမံကိန်းတွေကိုလည်း ဖော်ဆောင်ပေးလျက်ရှိတာကို ကျွန်မ ဝမ်းသာကြိုဆိုပါတယ်။ အဂတိတရားကင်းရှင်းတဲ့ လူမှုတရားမျှတမှုတွေဖော်ဆောင်နိုင်ဖို့အတွက်ဆိုလို့ရှိရင် ပြည်သူအပါအဝင် တာဝန်ရှိသူတစ်ဦးစီ တစ်ဦးစီတိုင်းမှာ တာဝန်ရှိတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ တာဝန်ရှိသူများအားလုံးက ပူးပေါင်းပြီးတော့ ဆောင်ရွက်မှသာလျှင် ကျွန်မတို့လိုချင်တဲ့ အသိုက်အဝန်းတစ်ခုဖန်တီးနိုင်မှာဖြစ်ပါတယ်ရှင့်။

ဒုတိယပိုင်းအနေဖြင့်ဆိုလို့ရှိရင် ဆောင်ရွက်ချက်များအပိုင်း(၁၁) အပိုဒ်ခွဲ(ခ) တာဝန်ခွဲဝေဆောင်ရွက်ခြင်း အပိုဒ်ခွဲ(၃)မှာပါတဲ့ မှတ်တမ်းတင်ထားတဲ့တိုင်ကြားစာ ၄၀၈ ဆောင်နဲ့ပတ်သက်ပြီး ဆွေးနွေးလိုတာဖြစ်ပါတယ်။ ရှေ့ကကိုယ်စားလှယ်ကြီးများကလည်း ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်မတို့ ပြည်သူပြည်သားများဟာ မည်ကဲ့သို့တိုင်ကြားရမယ်ဆိုတဲ့ တိုင်ကြားနည်းစနစ်ကို မှန်ကန်စွာသိရှိခွင့်မရခဲ့သလို ဘယ်ကိုတိုင်ကြားရမယ်ဆိုတာကိုလည်း ကျွန်မတို့ လွတ်လပ်ပွင့်လင်းစွာသိရှိခွင့်မရခဲ့တဲ့ကာလဟာ အင်မတန်မှ ရှည်လျားခဲ့ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ အားကိုးတကြီးနဲ့ တိုင်ကြားလာတဲ့ တိုင်ကြားစာတွေအပေါ်မှာ လိုအပ်လို့ရှိရင် နယ်မြေကွင်းဆင်းစိစစ်ပြီး ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ကျွန်မအနေနဲ့ အကြံပြုချင်တာဖြစ်ပါတယ်ရှင့်။

**မူကြမ်း**

တတိယပိုင်းအနေနဲ့ ကျွန်မ ဆွေးနွေးလိုတာကတော့ တွေ့ရှိချက်နှင့် သုံးသပ်ချက်များအပိုဒ် ဖြစ်ပါတယ်။ အပိုဒ်(၁၂) (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)မှာပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဝန်ကြီးဌာနများသို့ ညှိနှိုင်းအကြောင်းကြားဆောင်ရွက်ရာတွင် အချို့အဖွဲ့ အစည်း၊ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ပြန်ကြားလာခြင်းရှိသော်လည်း အချို့မှာ အချိန်အတန်ကြာမှ ပြန်ကြားခြင်း၊ အကြောင်းပြန်ကြားချက်မရှိခြင်းတို့ ရှိနေပါသဖြင့် အလေးအနက်ထား ပြန်ကြားဆောင်ရွက်သင့်ပါကြောင်း တွေ့ရှိသုံးသပ်ရပါသည်လို့ ပါရှိပါတယ်။ ကျွန်မတို့ လက်ရှိကျင့်သုံးနေတဲ့နိုင်ငံရေးစနစ်ကိုက အပြန်အလှန်ထိန်းကျောင်းတဲ့စနစ်ဖြစ်ပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်ကနေပြီးတော့ တရားစီရင်ရေးမဏ္ဍိုင်ကိုသော်လည်းကောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင် ကိုသော်လည်းကောင်း အပြန်အလှန်ထိန်းကျောင်းရတဲ့အခါမှာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုက အင်မတန်အားကောင်းဖို့ လိုအပ်နေတဲ့ကာလဖြစ်ပါတယ်။ ဒီအချက်တွေကို သုံးသပ်ကြည့်လိုက်တဲ့အခါ မှာလည်း ပြည်ထောင်စုဝန်ကြီးဌာနသို့ ပေးပို့သည့်တိုင်ကြားစာ ၃၈ စောင်အနက် အစောင် ၃၀ ကို ပြန်ကြားခဲ့ပြီးဖြစ်တယ်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုပေးပို့တဲ့တိုင်ကြားစာ ၂၇ စောင်မှာ ၁၃ စောင်ကို ပြန်ကြားခဲ့တယ်။ တိုင်းဒေသကြီး တရားလွှတ်တော်ကို ခြောက်စောင်ပေးပို့တဲ့အခါမှာ သုံးစောင်ကို ပြန်ကြားခဲ့တယ်။ ပြည်နယ်/တိုင်းဒေသကြီးတွေနဲ့ ဆက်စပ်မှုအင်မတန်အားနည်းနေတယ် ဆိုတဲ့အချက်ကို တွေ့ရှိရတာဖြစ်သလို အင်မတန်မှ အရေးကြီးလှတဲ့ကိစ္စရပ်တစ်ခုဖြစ်တဲ့ လယ်ယာမြေ စိစစ်ရေးနဲ့ပတ်သက်တဲ့ တိုင်ကြားစာကိုးစောင်မှာ တစ်စောင်ကို ပြန်ကြားစာရရှိခဲ့တယ်ဆိုတာ သိရှိရတာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့လည်း ဆက်စပ်တဲ့ဌာနအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ် ညှိနှိုင်းတဲ့အခါမှာ ဒီ့ထက်ပိုပြီးတော့မှ လွယ်ကူလျင်မြန်ချောမွေ့တဲ့ ယန္တရားတစ်ခုကို စိစစ်ပြီးတော့မှ စီမံဆောင်ရွက်သင့်ပြီဆိုတာကို အကြံပြုလိုတာဖြစ်ပါတယ်ရှင့်။

နိဂုံးချုပ်အနေဖြင့် ဆွေးနွေးလိုတာကတော့ ကျွန်မတို့ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်က ပြည်ထောင်စုလွှတ်တော်မှာ လာရောက်မိန့်ကြားတဲ့ မိန့်ခွန်းထဲမှာဆိုရင် ယိမ်းယိုင်နေတဲ့တရားစီရင် ရေးမဏ္ဍိုင်ကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။ ပြုပြင် ပြောင်းလဲမှုနှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်လို့ မိန့်ကြားခဲ့ပါ တယ်။ ထို့အတူပဲ ကျွန်မတို့ပြည်သူ့လွှတ်တော်ကြီးမှ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ကနေပြီးတော့မှ တင်သွင်းခဲ့တဲ့ တရားစီရင်ရေးမဏ္ဍိုင်နဲ့ပတ်သက်တဲ့အဆိုဟာလည်း အတည်ပြုပြီးသားဖြစ်ခဲ့တာဖြစ်ပါ တယ်ရှင့်။ ဒီအတွက်ကြောင့်မို့လို့လည်း ဒီအဆိုကို အကောင်အထည်ဖော်ရန်အတွက် လိုအပ်နေတယ်။ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက်ကို ရှေးရှုပြီး တော့မှ ကော်မတီကနေပြီးတော့မှ ဆောင်ရွက်ရမယ့်ဆောင်ရွက်ချက်များကို ထိထိရောက်ရောက် လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ရန်အတွက် ယန္တရားများကို ပြန်လည်စိစစ်သုံးသပ်ပြီးတော့မှ ယခုထက် ပိုဆောင်ရွက်သင့်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးအပ်ပါတယ်ရှင့်။ ကျေးဇူးအများကြီးတင်ပါ တယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှ ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးအောင်တင်လင်း(ဥက္ကဋ္ဌ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်တင်လင်း၊ နတ်မောက်မဲဆန္ဒနယ်က ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ကော်မတီကို ဆွေးနွေးသွားတာ လေးဦးရှိပါတယ်။ ဦးဝေလှိုင်ထွန်းရယ်၊ ဦးလာမာနော်အောင်ရယ်၊ ဒေါ်ခင်သန်းနုရယ်၊ ဒေါ်ဝင့်ဝါထွန်းရယ်ဖြစ်ပါတယ်။ အားလုံးကို ခြုံပြီးတော့ မဆွေးနွေးလိုတော့ပါဘူး။ အချိန်အကန့်အသတ်ကြောင့်မဟုတ်ပါဘူး။ အနည်းအကျဉ်း ပြောရမယ်ဆိုရင်တော့ ပထမဦးစွာပြောတဲ့ ဦးဝေလှိုင်ထွန်း၊ ပုသိမ်အမှုမှန်ပါတယ်။ တိုင်ကြားတဲ့အမှုက ကျွန်တော်တို့ဆီတိုင်ကြားလာတာ ၆၆ (ဃ)နှင့် တိုင်ကြားတာပါ။ အရေးယူပေးဖို့။ ဆရာဝန်မလေးကိုတိုင်တယ်။ ဟုတ်ပြီဆိုပြီးတော့ ကျွန်တော်တို့စစ်ပါတယ်။ မေးပါတယ်။ ဦးဝေလှိုင်ထွန်းရှေ့တင်ပဲ ကျွန်တော်တို့ခေါ်မေးပါတယ်။ ခေါ်မေးတဲ့အခါမှာ ဘာမေးသလဲဆိုတော့ အမကြီးကိုနာမည်ဖော်ပြီးတော့ ရေးတာဟုတ်ပါသလား။ မရေးပါဘူး။ အမကြီးရဲ့ ဓာတ်ပုံတွေရော ပါပါသလား။ မပါပါဘူး။ အဲဒီတော့ ကျွန်တော်တို့က ၆၆(ဃ)နဲ့ ဘယ်လိုလုပ်အရေးယူမလဲ။ အပွင့်လင်းဆုံးပြောရင် ကျွန်တော်တို့ ရှေ့နေများလက်စွဲနည်းဥပဒေအပိုဒ် ၅၇ သေချာဖတ်ကြည့်ဖို့လိုပါတယ်။ အဲဒီမှာရှေ့နေရုံးတွေ အဆင့်ဆင့်လုပ်ပိုင်ခွင့်တွေပါတယ်။ ၆၀ ဘာပါသလဲဆိုရင် ၆၀ မှာကျတော့ အဲ့လိုဟာအကြံပေးတာ လျှို့ဝှက်ချက်ပါတယ်။ အဲ့လိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒီကဥပဒေနဲ့မှီပြီးတော့ ကျွန်တော်တို့က မှတ်တမ်းတင်ထားပါတယ်။ အဲ့ဒါပြောချင်ပါတယ်။

နောက်တစ်ခု ဒေါ်ခင်သန်းနုကိစ္စ။ အပွင့်လင်းဆုံးပြောရင် စွဲဆိုတဲ့အမှုက တစ်လင်တစ်မယား ဥပဒေပုဒ်မ ၁၃(၁)ပါတယ်။ တရားခံထောင်ကျတာ နည်းတာမှန်ပါတယ်။ ကျွန်တော်တို့ဘာလုပ်မလဲ။ မကျေနပ်ရင်ပြင်ဆင်မှုတက်ရုံပဲရှိတယ်။ တရားရုံးအဆင့်ဆင့်ဆောင်ရွက်ရတဲ့ကိစ္စတွေမှာ ကျွန်တော်တို့ ကော်မတီက ဘာမှဆောင်ရွက်ပိုင်ခွင့်မရှိပါဘူးလို့ ပြောကြားလိုပါတယ်။ နောက်တစ်ခုပြောတဲ့ ဦးလမာနော်အောင်နဲ့ ဒေါ်ဝင့်ဝါထွန်းတို့ ကျေးဇူးတင်ပါတယ်။ အမှုတွဲ --- ကျွန်တော်တို့တင်ထားတဲ့ အမှုတွေထဲမှာ ကျွန်တော်တို့ ၄၀၈ မှုမှတ်တမ်းတင်ပါတယ်။ အဲ့လိုမှတ်တမ်းတင်ရတဲ့ ရည်ရွယ်ချက်ကလည်း (၁)အချက် လက်မှတ်မပါတာရယ်။ တိုင်စာကော်မတီလွဲတာရယ်။ နောက်ပြီးတော့ ကာလစည်းကမ်းချက်ကျော်သွားတဲ့အမှုတွေရယ်၊ နောက်တစ်ခါ အမှုနှင့်ပတ်သက်ပြီးတော့ စာရွက်စာတမ်း မပြည့်စုံတာတွေ ပါလာရင်မှတ်တမ်းတင်ထားပါတယ်။ ဒါတွေပဲမဟုတ်ပါဘူး။ တစ်ချို့ကြတော့ရှိရင် မှတ်တမ်းတင်ကိုတင်ရတယ်။ ဘယ်လိုလိပ်စာမှုပြီးတော့ ဘယ်လိုပို့ရမလဲ မသိပါဘူး။ မပါလာလို့ပါ။ အဲဒီတော့ အဲဒါတွေမှတ်တမ်းတင်ပါတယ်။ အဲဒီတော့မှတ်တမ်းတင်ရလို့ ကွင်းဆင်းစစ်ဆေးဖို့ ကျွန်တော်တို့ ဘယ်ကော်မတီမှပေးထားတာမရှိပါဘူး။ အာမခံနှင့်ကတိ/ကဝတ်ကလွဲရင် ကျွန်တော်တို့ ကော်မတီဟာ ကွင်းဆင်းစစ်ဆေးစရာမလိုဘူးလို့ ဥက္ကဋ္ဌကြီးကိုယ်တိုင် မှာကြားထားတာရှိပါတယ်။ အဲဒီတော့ အပွင့်လင်းဆုံးပြောရရင်တော့ ကျွန်တော်တို့ ဒီကိစ္စနှင့်ပတ်သက်ပြီးပြောရရင်တော့ ကွင်းဆင်းလို့ မရပါဘူး။ ကွင်းဆင်းလို့မရတဲ့အတွက်ကြောင့် ကျွန်တော်တို့ ကော်မတီဝင်တွေက ကျွန်တော့်ကို ခဏခဏပြောပါတယ်။ ကျွန်တော်လည်း ဥက္ကဋ္ဌကြီးပြောတော့မရပါဘူး။ ကွင်းဆင်းလို့ မရပါဘူးပြောပါတယ်။ အဲဒီတော့ နောက်ဆုံးအနေနဲ့ပြောချင်တာကတော့ အပွင့်လင်းဆုံးပြောရရင် ကျွန်တော်တို့ ကော်မတီဝင်မှာ အမှုတွေလုပ်ပြီဆိုရင် ရောက်လာတဲ့အမှုတွေကို ခွဲပါတယ်။

ကော်မတီဝင်တစ်ဦးကို ၁၀ မှ၊ ၁၅ မှခွဲပေးပြီး ဖတ်ပါတယ်။ သူတို့ဖတ်ပြီးတော့ အတွင်းရေးမှူးဆီ ရောက်တယ်။ အတွင်းရေးမှူးဆီကနေ ဥက္ကဋ္ဌဆီတင်ရပါတယ်။ အဲ့ဒီလိုအဆင့်ဆင့်လုပ်တဲ့ကိစ္စတွေ ရှိပါတယ်။ အဲဒီလိုဖတ်ရပါတယ်။ အဲ့ဒီလိုဖတ်ပြီး ကျွန်တော်တို့ ခေါ်ယူပြီးတော့ တိုင်ပင်ညှိနှိုင်းပြီးတော့ ကော်မတီထိုင်ပါတယ်။ အဲဒီ ကော်မတီထိုင်ပြီးမှ မှတ်တမ်းတင်မယ်ဆိုရင် မှတ်တမ်းတင်ပါတယ်။ ပို့ရမည့်အရာရှိရင် ပို့ပါတယ်။ ဥက္ကဋ္ဌကြီးသဘောတူညီချက်နဲ့ပို့ခဲ့ပါတယ်။ ဒီလိုလုပ်ရပါတယ်။ အပွင့်လင်းဆုံးပြောရင် အားစိုက်ရမည့်ကိစ္စတော့ အားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။ လုပ်ရမည့် တာဝန်ကို ကျွန်တော်တို့သိပါတယ်။ သို့သော်လည်း လုပ်မရတဲ့အခြေအနေတွေအများကြီးရှိပါတယ်။ ဒါကိုပြောချင်ပါတယ်။ ကျွန်တော်တို့ အပွင့်လင်းဆုံးပြောရရင်တော့ နှစ်ပတ်လည်အစီရင်ခံစာဆိုတာ က နှစ်အတွင်းမှာရှိတဲ့ တစ်နှစ်အတွင်းမှာရှိတဲ့ ကော်မတီများရဲ့လုပ်ဆောင်ချက်၊ အကောင်အထည် ဖော်ချက်၊ ဆောင်ရွက်ချက်များကို လွှတ်တော်ဥက္ကဋ္ဌကြီးကို ယေဘုယျအားဖြင့် တင်ပြတဲ့အစီရင်ခံစာ ဖြစ်ပါတယ်။ အဲ့လိုပြတဲ့ကိစ္စမှာ ကျွန်တော်တို့က ဥပမာတစ်ခုပြောရရင် ကျမ်းစာအုပ်များလို၊ Term Paper လို၊ Thesis များလို တိတိကျကျဖော်ပြလို့မရဘဲနဲ့ ယေဘုယျသဘောဖော်ပြရခြင်း ဖြစ်ပါ တယ်။ အဲ့ဒီလိုဖော်ပြရတဲ့ကိစ္စကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက သိရှိနားလည်သဘောပေါက် လိမ့်မယ်လို့ လက်ခံယုံကြည်ပါတယ်။ အပွင့်လင်းဆုံးပြောရရင် ကျွန်တော်တို့မှာ ရှိပါတယ်။ I-4 ကျွန်တော်တို့ကော်မတီအစည်းအဝေး။ ကော်မတီရုံးခန်းရှိပါတယ်။ မကျေနပ်ဘူးဆိုရင် ကျွန်တော်တို့ I-4 ကော်မတီကိုလာခဲ့ပါ။ ရင်ချင်းကပ်ပြီး ဆွေးနွေးပါ။ မျက်နှာချင်းဆိုင်ပြီးတော့ ဆွေးနွေးလို့ရပါ တယ်။ ဒါမှမဟုတ်ရင်လည်း ကျွန်တော်တို့နေတဲ့ စည်ပင်-၂ ထဲမှာလာပြီးတော့ အချင်းချင်းဆွေးနွေးပါ။ ပုဂ္ဂိုလ်မရွေးပါဘူး။ ကိုယ်စားလှယ်များရဲ့ ပါတီမရွေးပါဘူး။ လာရောက်ဆွေးနွေးလို့ရပါတယ်။ လွှတ်တော်ရဲ့ အချိန်အကန့်အသတ်အရ ကျွန်တော်တို့ကိုယ်စားလှယ်များရဲ့ ပြောဆိုဝေဖန်ချက်များကို တိတိကျကျမဖြေရှင်းတဲ့အတွက် ခွင့်လွှတ်ပါလို့အနူးအညွတ်တောင်းပါတယ်။ ကျွန်တော်တို့ကော်မတီ အနေနဲ့ ရှေ့လျှောက်မှာလည်း အကြံပေးတိုက်တွန်းခဲ့တဲ့ ပုဂ္ဂိုလ်လေးဦးကို ကျေးဇူးတင်ရုံအပြင် အကြံပေးထားတဲ့အတိုင်းပဲ ဆက်လက်အကောင်အထည်ဖော်မယ်လို့ ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနှင့်ဥပဒေရေးရာ ကော်မတီက အင်မတန်မှ အရေးကြီးတဲ့ကော်မတီဖြစ်ပါတယ်။ အဲဒါကြောင့် လွှတ်တော်ရဲ့ကိုယ်စား၊ လွှတ်တော်ကြီးရဲ့ကိုယ်စား တရားစီရင်ရေးနဲ့ဥပဒေရေးရာကော်မတီဟာ တရားစီရင်ရေးကိစ္စ၊ ဥပဒေ ရေးရာကိစ္စတွေကို တာဝန်ယူဆောင်ရွက်နေတာဖြစ်ပါတယ်။ ခြုံငုံပြီးသုံးသပ်တင်ပြရမယ်ဆိုလို့ရှိရင် ကော်မတီတစ်ခုမှာ မှတ်တမ်းတင်ထားတဲ့တိုင်ကြားစာဆိုပြီးမှ တင်ထားတာက အင်မတန်မှများလွန်း ပါတယ်။ တကယ်လို့များ တိုင်ကြားစာက မပြည့်စုံဘူးဆိုလို့ရှိရင်လည်း မိမိတို့ကော်မတီအနေနဲ့ နစ်နာတဲ့ပြည်သူတွေထံကို မေးမြန်းပြီးမှ လမ်းညွှန်ပေးရမယ့်အပိုင်းတွေရှိပါတယ်။ ဥပဒေလမ်းကြောင်း အတိုင်း ဆောင်ရွက်နိုင်မယ့်အနေအထားလေးတွေကို မိမိတို့ဆောင်ရွက်ပေးရမယ့် အပိုင်းတွေရှိပါ တယ်။ မပြည့်စုံလို့ မှတ်တမ်းတင်ထားပါတယ်ဆိုရုံနဲ့ မပြီးပါဘူး။ အလားတူပဲ သက်ဆိုင်ရာကော်မတီ အနေနဲ့လည်း သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ထံလာရောက်တင်ပြတဲ့အချိန်မှာ မိမိတို့က အရေးတယူဆောင်ရွက်ပြီးမှ ဆောင်ရွက်ထားရှိမှုကို ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုပါတယ်။

နောက်တစ်ခုကတော့ တရားစီရင်ရေးမှာ ဆောင်ရွက်ဆဲကိစ္စ၊ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ဆဲကိစ္စ အမှန်မှာတော့ မိမိတို့ဝင်စွက်ဖက်နိုင်ခွင့်မရှိပါဘူး။ ဥပမာ မြစ်ကြီးနားမှာ ပေါ်ပေါက်နေတဲ့ ခုနက ဦးလမာနော်အောင် တင်ပြတဲ့ကိစ္စတွေနဲ့ပတ်သက်မယ်ဆိုလို့ရှိရင် အယူခံ အဆင့်ဆင့်တက်ရမယ့် အနေအထားမျိုးထိ မိမိတို့စောင့်ကြည့်ပေးရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ဒါကတော့ တရားခံမှာလည်း အခွင့်အရေးအပြည့်အဝပေးထားပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် တရားစီရင်ရေးကဏ္ဍမှာ ဝင်ရောက်စွက်ဖက်တဲ့အဖြစ်မျိုး မရောက်အောင် မိမိတို့က ဥပဒေနဲ့အညီ စောင့်ကြည့်ရမယ့်အပိုင်းတွေလည်း ရှိတယ်ဆိုတဲ့အကြောင်းလည်း ပြောကြားလိုပါတယ်။ ဒီလို ကော်မတီကို ဝေဖန်သုံးသပ်တဲ့အချိန်၊ အကြံပြုတယ်ဆိုတဲ့ဟာကတော့ အားနည်းချက်ကို အပြုသဘောမျိုးနဲ့ အကြံပြုထားတာဖြစ်လို့ သက်ဆိုင်ရာကော်မတီအနေနဲ့လည်း ဒီအားနည်းချက်တွေကို ဖြည့်ဆည်းပြီးမှ ဒီထက်ပိုပြီးကောင်းအောင်လည်း တင်ပြရမှာဖြစ်ပါတယ်။ အခက်အခဲရှိမယ်ဆိုလို့ရှိရင် မိမိတို့လွှတ်တော်ဒုတိယဥက္ကဋ္ဌ သို့မဟုတ်ရင် ကျွန်တော့်ထံ အချိန်မရွေးဝင်တွေ့လို့ရပါတယ်။ ဝင်တွေ့ပြီးမှ အခက်အခဲတွေကို တင်ပြလို့ရပါတယ်။ မိမိတို့အနေနဲ့ ညှိနှိုင်းဖြေရှင်းပေးနိုင်တဲ့အပိုင်းတွေလည်း အများကြီးရှိတယ်ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်။

## ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန္ဒီ(အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါရှင်။ ကျွန်မကတော့ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ အဖွဲ့ဝင် ဒေါ်ခင်စန္ဒီ ဖြစ်ပါတယ်။ ၁၄-၁၂-၂၀၁၈ ရက်နေ့ ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၉၁ နည်းဥပဒေခွဲ(က)အရ လွှတ်တော်မှ သဘောတူလက်ခံပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**မှုကြမ်း**

## ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ (၁၄-၁၂-၂၀၁၈ ရက်နေ့)က တင်သွင်းခဲ့တဲ့ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၂ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ သီပေါမဲဆန္ဒနယ် မှ ဦးစိုင်းသန့်ဇင်ကို ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန့်ဇင်(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ တင်သွင်းလာတဲ့ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ၂၅-၂-၂၀၁၇ ရက်နေ့မှ ၂၄-၂-၂၀၁၈ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုအစီရင်ခံစာကို ဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာ စာမျက်နှာ ၃ အပိုဒ် ၅ အပိုဒ်ခွဲ(ခ)မှာပါတဲ့ ဖော်ပြချက်မှာ ကော်မတီရဲ့တာဝန်ပေးချက်အရ ကော်မတီအဖွဲ့ဝင်များနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံ ပြည်သူများနှင့်တွေ့ဆုံပြီး တီကျစ်ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည် လည်ပတ်နိုင်စေရေး ဆွေးနွေးခဲ့ရာ တစ်နှစ်စမ်းသပ်လည်ခွင့်ရရှိခဲ့ပြီး စက်ရုံနှင့်ပတ်သက်တဲ့ သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုရှိ/မရှိကို စောင့်ကြည့်လေ့လာကြဖို့ သဘောတူညီချက် ရရှိခဲ့တာကို ဖော်ပြထား ပါတယ်။ တီကျစ်လျှပ်စစ်ဓာတ်အားစက်ရုံကို ရှမ်းပြည်နယ်၊ တီကျစ်ဒေသ ၂၀၀၂ ခုနှစ် စက်တင်ဘာလမှာ စီမံကိန်းစတင်ခဲ့ပါတယ်။ အမှတ်(၁)စက်ကို ၂၄-၁၂-၂၀၀၄ ရက်နေ့မှာ စတင် လည်ပတ်ပြီး အမှတ်(၂)စက်ကို ၃-၅-၂၀၀၅ ရက်နေ့မှာ စတင်လည်ပတ်ခဲ့တာဖြစ်ပါတယ်။ ကျောက်မီးသွေး၊ လောင်စာနှင့် လည်ပတ်တဲ့စက်ရုံဖြစ်ပါတယ်။ China National Heavy Machinery Corporation ရဲ့စီမံခန့်ခွဲမှုအောက်မှာ ပြည်တွင်းက အေဒင်အုပ်စုနှင့် ရှမ်းရိုးမ နဂါးကုမ္ပဏီတို့က လုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ ကိုလိုမီတာ အနည်းငယ်သာကွာဝေးတဲ့ တည်ကျစ် ကျောက်မီးသွေးတွင်းကနေ နှစ်စဉ် ကျောက်မီးသွေးတန်ချိန် ၆၄၀၀၀၀ ကို အသုံးပြုပြီး ၂၀၀၇-၂၀၀၈ ခုနှစ်မှာ ၄၀ မီဂါဝပ်ခန့် ထုတ်လုပ်နိုင်ခဲ့ပြီး တစ်နေ့လျှင် ၉၅၀ မှ ၁၀၀၀ မီဂါဝပ်ထိ ထုတ်လုပ်နိုင်ပါ တယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာတော့ ၂၅ မီဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်ပြီး တစ်နေ့လျှင် ၆၀၀ မီဂါဝပ်ခန့်သာ ထုတ်လုပ်နိုင်ပါတော့တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ တီကျစ်လျှပ်စစ်ဓာတ်အား ပေးစက်ရုံနှင့်ပတ်သက်ပြီး စက်ရုံရဲ့မူလဒီဇိုင်းအရ ပြာမှုန့်ဖမ်းစက် Electro Static Precipitator(ESP) အပြင် Line ဒီ Safer ကိုပါ တပ်ဆင်တည်ဆောက်ပါတယ်။ ဒါပေမဲ့ ဒေသထွက် တီကျစ်ကျောက်မီး သွေးမှာ မူလဒီဇိုင်းသတ်မှတ်အရည်အသွေးပြည့်မီခြင်းမရှိပါ။ ဓာတ်အားပေးစက်ရုံ စတင်လည်ပတ် မောင်းနှင်တဲ့အချိန်ကစပြီး ကျောက်မီးသွေးပြာမှုန့်တွေ မူလဒီဇိုင်းသတ်မှတ်ချက်ထက် ပိုမိုထွက်ရှိပြီး

Line ဒီ Safer Tower အတွင်းမှာ ပိတ်ဆို့မှုတွေဖြစ်ပေါ်ခဲ့တဲ့အတွက် အသုံးမပြုနိုင်ခဲ့ပါ။ ဒါကြောင့် ဘွိုင်လာကထွက်ရှိတဲ့မီးခိုးတွေမှာ ပတ်ဝန်းကျင်ကိုထိခိုက်မှုဖြစ်ပေါ်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ဆာလ်ဖာဒိုင်အောက်ဆိုဒ်ကဲ့သို့သော ဓာတ်ငွေ့များ အနည်းနှင့်အများ ပါရှိနိုင်တာဖြစ်ပါတယ်။ ဒါ့အပြင် စက်ရုံရဲ့ မီးခိုးခေါင်းတိုင်မှ မူလဒီဇိုင်းအရ ၁၅၀ မီတာအမြင့်ရှိရမှာဖြစ်ပေမဲ့လည်း လက်တွေ့မှာ ၈၀၀ မီတာအမြင့်သာရှိတဲ့အတွက် စက်ရုံနှင့်အနီးပတ်ဝန်းကျင်ဒေသတွေမှာ ပြာမှုန့်တွေကျရောက်မှုနှင့် အနည်းနှင့်အများဖြစ်ပေါ်လျက်ရှိနေခဲ့ပါတယ်။ ဓာတ်အားပေးစက်ရုံအနေနဲ့ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်ပေါ်စေရေးအတွက် ပြာမှုန့်ဖမ်းစက်ကိုသာ အဓိကထား အသုံးပြုထားရပါတယ်ဆိုတဲ့ လေ့လာတွေ့ရှိချက်တွေရှိပြီး စက်ရုံလည်ပတ်ရာမှာလည်း အရှုံးပေါ်တဲ့အတွက် ၂၀၁၄ ခုနှစ်မှာ ရပ်နားထားရတဲ့စက်ရုံဖြစ်ပါတယ်။ စက်ရုံလည်ပတ်စဉ်ကာလမှာလည်း ပတ်ဝန်းကျင်မှာရှိတဲ့ ပအိုဝ်း တိုင်းရင်းသားတွေ ရွှေ့ပြောင်းခဲ့ရပြီး သူတို့သာမက အနီးနားမှာရှိတဲ့ အခြားသော တိုင်းရင်းသားများရဲ့ လူမှုရေးဘဝ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုတွေရှိခဲ့တဲ့အတွက် မကြာမကြာဆန့်ကျင်ဆန္ဒပြမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ သို့သော်လည်း သူတို့အတွက် ယနေ့အထိ ထည့်သွင်းစဉ်းစားပေးနိုင်ခြင်းမရှိပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ် ဧပြီလလောက်မှာ Chinese Woozy Ko Kong Electric Power Engineering က ပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်တွေ တိုးတက်ကောင်းမွန်လာစေဖို့၊ ထိရောက်မှုရှိစေဖို့ စက်ရုံကို အဆင့်မြှင့်တင်ပြီးဖြစ်ကြောင်း ပြောဆိုပါတယ်။ သို့သော်လည်း အဆိုပါ အချက်ကို အတည်ပြုမထားပါဘူး။ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ တာဝန်ပေးချက်အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေနှင့်အတူ ၂၉-၄-၂၀၁၇ ရက်နေ့နှင့် ၃၀-၄-၂၀၁၇ ရက်နေ့မှာ ပြန်လည် လည်ပတ်နိုင်စေရေး ဆွေးနွေးခဲ့ပြီး တစ်နှစ်စမ်းသပ်လည်ပတ်ခွင့်ကို ရရှိခဲ့တယ်လို့ ဖော်ပြပါတယ်။ ၂၀၁၇ ခုနှစ် မေလကစလို့ စက်ရုံကို ပြန်လည်ပြီး စတင်လည်ပတ်ခဲ့တယ်လို့ သိရှိရပါတယ်။ စမ်းသပ်လည်ပတ်တဲ့အချိန်ကာလ တစ်နှစ် ကျော်ခဲ့ပြီဖြစ်ပါတယ်။ ဒါပေမဲ့ စမ်းသပ်လည်ပတ်ခြင်းကို သက်တမ်းထပ်တိုးပေးခဲ့ပြန်ပါတယ်။ ပြဿနာရှိနေပြီး ရပ်နားထားရတဲ့စက်ရုံကို ခိုင်လုံတဲ့အကြောင်းပြချက်တွေမရှိဘဲ ပြန်လည် လည်ပတ်ခဲ့တာဖြစ်ပါတယ်။ တစ်နှစ်အတွင်း စမ်းသပ်လည်ပတ်မှုအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ တွေ့ရှိချက်တွေကို ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းမရှိဘဲ ထပ်မံသက်တမ်းတိုးပေးခြင်းကလည်း ဒေသခံပြည်သူများအတွက် မေးခွန်းထုတ်စရာဖြစ်နေကြရပါတယ်။ Advancing Life and Regeneration Motherland(ALARM)က တီကျစ်ကျေးရွာအတွင်းနှင့် ကျေးရွာအနီးနားမှာရှိတဲ့ ရေနှင့် မြေနမူနာတွေကို စုဆောင်းပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ ရက်စွဲပါ ဓာတ်ခွဲခန်းသုံး သုံးသပ်မှုအစီရင်ခံစာ Laborie Analysis Report နဲ့ မြန်မာနိုင်ငံအစိုးရရဲ့ သုံးသပ်မှုဌာနက တင်ပြတဲ့ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ ရက်စွဲပါလေ့လာသုံးသပ်မှု အစီရင်ခံစာဖော်ပြချက်တွေအရ လေထုအရည်အသွေးနှင့် ရေအရည်အသွေးစမ်းသပ်မှုတွေကို စနစ်တကျ နေရာနှင့်တကွ ဖော်ပြထားပြီး လက်ရှိအခြေအနေမှာ ဓာတ်အားပေးစက်ရုံရဲ့ ပတ်ဝန်းကျင်မှာနေထိုင်နေကြတဲ့ ဒေသခံပြည်သူတွေအတွက် ထိခိုက်မှုတွေ ဖြစ်ပေါ်နေကြောင်း တွေ့ရှိနေရတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီအနေနဲ့ တီကျစ် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည် လည်ပတ်ခြင်းကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ တစ်နှစ်တာဆိုးကျိုးတွေကို ထည့်သွင်းဖော်ပြဖို့ လိုအပ်နေပါတယ်။ တစ်နှစ်တာစမ်းသပ်လည်ပတ်ခြင်းကြောင့် ထိခိုက်

ဖြစ်ပေါ်နေတဲ့ လက်ရှိအခြေအနေကိုလည်း စောင့်ကြည့်လေ့လာပြီး လွှတ်တော်ကိုတင်ပြဖို့ လိုအပ်ပါတယ်။ လိုအပ်ပါက ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်သွားဖို့ လိုအပ်မည်ဖြစ်ပါကြောင်း တိုက်တွန်းဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကသာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည် ဖြစ်ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းတဲ့ အစီရင်ခံစာကို ကျွန်တော် ပါဝင်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခုနက ကိုယ်စားလှယ်ကြီး ပြောသလိုပါပဲ။ တီကျစ်စက်ရုံနဲ့ပတ်သက်ပြီးတော့မှ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကနေပြီးတော့ တင်သွင်းတဲ့အစီရင်ခံစာမှာ ပြည့်ပြည့်စုံစုံသိနိုင်ဖို့အတွက် ကော်မတီအနေနဲ့လည်း ကြိုးစားသင့်ပါတယ်။ ဖော်ပြသင့်ပါတယ်ဆိုတာ ကျွန်တော် ပထမဦးဆုံး အပြုသဘောနဲ့ ကျွန်တော် အကြံကောင်းပေးပါစေ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တစ်တွေဟာ တခြား ကျွန်တော်တို့ထက် စီးပွားရေးအရွယ်အစားပမာဏကြီးမားတဲ့နိုင်ငံတွေအားလုံးနည်းတူ လျှပ်စစ်ဓာတ်အားကို အာသာငန်းငန်း လိုနေတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့လို ဆင်းရဲတဲ့နိုင်ငံမပြောနဲ့ အများကြီးချမ်းသာတဲ့နိုင်ငံတွေတောင် ဥပမာဆိုကြပါစို့ အမေရိကန်လိုနိုင်ငံမျိုး၊ တရုတ်လိုနိုင်ငံမျိုးတွေတောင်မှ သူတို့နည်းနဲ့ သူတို့ဟန်နဲ့ နောက်အနှစ် ၅၀၊ နောက်အနှစ် ၁၀၀ အတွက် ကြိုပြီးတော့မှ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်ပြီးတော့ စိုးရိမ်မှုတွေ အများကြီးရှိကြပါတယ်။ အဲဒီတော့ စိုးရိမ်မှုတွေအများကြီးရှိကြတဲ့အလျောက် ယနေ့ ဒီနည်းပညာဖွံ့ဖြိုးတဲ့ခေတ်မှာ နည်းမျိုးစုံသုံးပြီး ဟိုတုန်းကမသင့်တော်တဲ့နည်းတွေကို သင့်တော်အောင် ဥပမာဆိုကြပါစို့ ကျောက်မီးသွေးဆိုရင်လည်း Super Triticale တို့၊ Altra Super Triticale တို့ နည်းတွေနဲ့သုံးပြီးတော့မှ လူသားတွေအန္တရာယ်မဖြစ်အောင် အများကြီးထုတ်လုပ်လာနိုင်တဲ့အနေအထားတွေ၊ နောက် Drem တွေဆောက်မယ်။ ရေအားလျှပ်စစ်သုံးမယ်။ ကျောက်မီးသွေးအပူလောင်စာသုံးမယ်။ LNG ဓာတ်ငွေ့သုံးမယ်။ ဆိုလာသုံးမယ်။ လေစွမ်းအင်သုံးမယ်။ နည်းမျိုးစုံနဲ့ ကြိုးစားနေကြတာဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့ တရုတ်ပြည်တစ်နေရာက မဲခေါင်မြစ်ကို ယဉ်ကျေးအောင်လုပ်ပြီးတော့မှ လျှပ်စစ်ဓာတ်အားထုတ်တာပါ။ ဒါက ကမ်းထိန်းနံရံနဲ့ မဲခေါင်မြစ်ကိုဖြတ်ပြီးတော့ တည်ထားတဲ့ ရေတာတမံတစ်ခုဖြစ်ပါတယ်။ ဒီဥစ္စာ ပါကစ္စတန်ကနေပြီးတော့ ပါကစ္စတန်မှာရှိတဲ့ Clean Coal ပါ။ Super Triticale နဲ့သွားတဲ့ Clean Coal ဖြစ်ပါတယ်။ ဒါက တရုတ်က သန့်သန့်ရှင်းရှင်းနဲ့ စိမ်းလန်းစိုပြေနေတဲ့မြင်ကွင်းလေးပါ။ နောက်တစ်ခု ဒါက ကျွန်တော်တို့ ခြုံငုံပြီးတော့မှ Clean Coal စက်ရုံတစ်ခုကို မြင်ရတာဖြစ်ပါတယ်။ ဒါက အမှုန်တွေကို ၁၄.၅ မီတာ လောက်ရှည်လျားတဲ့ပိုက်ကို အသုံးပြုပြီးတော့မှ အမှုန်အမွှားကိုထိန်းတာဖြစ်ပါတယ်။ ဒါက ဘေးထွက် ပစ္စည်းတွေပါ။ ထွက်လာတဲ့ fly ash ပြာကို Concrete လုပ်မယ်။ အုတ်ဖုတ်မယ်။ လမ်းခင်း မယ်။ ရေကာတာတွေမှာသုံးမယ်။ လမ်းစီမံကိန်းတွေမှာသုံးမယ်။ စသဖြင့် အမျိုးမျိုးသုံးတဲ့ပုံပါ။ ဒါက ထွက်လာတဲ့အပူငွေ့ကို စက်မှုဇုန်ကိုပို့ပြီးတော့ စက်ရုံတွေအတွက် ရောင်းတာပါ။ ဒါက Biomes ခေါ်တဲ့ အမှိုက်နေပြီးတော့မှ ထုတ်တဲ့စက်ရုံပါ။

**မူကြမ်း**

ဒါက အဲဒီစက်ရုံရဲ့ ဝင်းအတွင်းမြင်ကွင်းပါ။ ဒါက ကျွန်တော်တို့ အမှိုက်တွေစုပုံထားတဲ့ စက်ရုံအတွင်း အမှိုက်တွေစုပုံထားတဲ့ပုံပါ။ ဒါက ကျွန်တော်တို့ အမှိုက်ထဲမှာပါတဲ့ သံတိုသံစတွေကို ဒီလိုသံလိုက်ကြီးတွေသုံးပြီးတော့ ဖယ်ရှားပါတယ်။ ဒါက အမှိုက်အမျိုးအစားတွေပါ။ ဒါက အဲဒီအမှိုက်တွေကို ကြိတ်ချေတဲ့ လွန်သွားတွေပါ။ ဒါက ကျွန်တော်တို့ ဆိုလာအများကြီးသုံးရပါတယ်။ ကျွန်တော်တို့ မီတာပေါင်း တော်တော်များများ မှန်ပြားတွေသုံးရပါတယ်။ ဒါက ကျွန်တော်တို့ လေအား လျှပ်စစ်ပါ။ ရဟတ်တွေအသုံးပြုလို့ ယူတဲ့ဟာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကုန်ကျစရိတ်လည်း တော်တော်ကြီးပါတယ်။ ကျေးဇူးတင်ပါတယ်။ ပိတ်နိုင်ပါပြီ။ ကျွန်တော်ဆိုလိုတာက ဘယ်နိုင်ငံမှာမဆို ကျွန်တော်တို့ Generation Mixed ဒါကို မှန်ကန်စွာ သုံးပြီးတော့မှ လျှပ်စစ်ဓာတ်အားကို မရရအောင်ယူကြ ပါတယ်။ ဘယ်နေရာမှာမဆို ကျွန်တော်တို့ သုတေသနလုပ်ငန်းလုပ်လုပ်၊ ထမင်းချက်ချက်၊ ဟင်းချက် ချက် လျှပ်စစ်က အင်မတန်အရေးပါနေပါတယ်။ ကျွန်တော်တို့ သုတေသနလုပ်ငန်းဆိုလို့ရှိရင် ဒီ Semester တွေဟာ အမြဲတမ်း လျှပ်စစ်တည်တည်ငြိမ်ငြိမ်နှင့်လွှတ်ပေးနိုင်မှသာလျှင် အများကြီး အကျိုးရှိပြီးတော့မှ လျှပ်စစ်မရှိရင် တိုင်းပြည်ချမ်းသာဖို့ဆိုတာ ဒီနေ့ခေတ်မှာ ဘယ်နိုင်ငံမှ မရှိတော့ပါ ဘူး။ အမေရိကန်နိုင်ငံတို့ တရုတ်နိုင်ငံတို့လည်း လျှပ်စစ်ချို့တဲ့သွားရင် သူဆင်းရဲသွားမှာပဲ။ အဲဒီလို အနေအထားမျိုးရှိပါတယ်။ ဒါကို သတိပြုဖို့လိုပါတယ်။ သို့သော်လည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ် တဲ့နေရာမှာ၊ သုံးစွဲတဲ့နေရာမှာ၊ ဖြန့်ဖြူးတဲ့နေရာမှာ ပွတ်တိုက်မှုတွေ အများကြီးရှိပါတယ်။ ပြဿနာတွေ အများကြီးရှိပါတယ်။ ဒေသခံတွေနဲ့အဆင်မပြေတာတို့ အကျိုးစီးပွား ဘာညာအစသဖြင့် ဒါတွေကို ကျွန်တော်တို့ သေချာတွက်ချက်ပြီးတော့မှ အတတ်နိုင်ဆုံးအန္တရာယ်မရှိသလောက် ဒီဥစ္စာလုပ်ပြီးတော့ မှ သုံးစွဲဖို့အတွက် လုပ်ငန်းကိုင်ငန်းလုပ်ဖို့လိုပါတယ်။ ဥပမာ ကျွန်တော်တို့ အခု တိုးတက်လာတဲ့ နောက်ဆုံးနည်းပညာတွေက ဒီ Critical မြင့်မားတဲ့ Super Critical တို့လို စက်ရုံဆိုရင်လည်း ဒါ ကာဗွန်ဒိုင်အောက်ဆိုဒ်ဆိုရင် ၉၀ ရာခိုင်နှုန်း၊ အမှုန် ၉၉.၉ ဆာလ်ဖာဒိုင်အောက်ဆိုဒ် ၉၈ ရာခိုင်နှုန်း၊ နိုက်ဒရိုဂျင်ဒိုင်အောက်ဆိုဒ် ၉၂ ရာခိုင်နှုန်း၊ ပြဒါး ၉၅ ရာခိုင်နှုန်း စသဖြင့် ဒီလိုဒီလို ကျွန်တော်တို့ ဖယ်ရှားနိုင်ပြီ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အတွက်ကလည်း လျှပ်စစ်ဓာတ်အားမပြတ်ချင်ဘူး။ နှစ်ပေါင်းမြောက်မြားစွာ ကျွန်တော်တို့ ဒီအသက်အရွယ်ထက် ပြတ်တလှည့်၊ ငတ်တလှည့်နေခဲ့ရတာ။ တစ်နေ့က ကျွန်တော်တို့ ဆွေးနွေးတဲ့ကိစ္စတစ်ခုမှာ ကျွန်တော်ပြောပါတယ်။ လျှပ်စစ်နှင့်ပတ်သက်ပြီး ဆွေးနွေးမယ်။ မင်းတို့နားထောင်လိုက်ဆိုတော့ အိမ်ကဘာပြောလဲဆိုတော့ ရှင်ကပြောနေတယ်၊ မနက်တည်းက မီးမလာဘူးတဲ့ ကျွန်မတို့မြို့မှာတဲ့။ အဲဒီလို ပြဿနာလေးတွေ ကျွန်တော်တို့ ဆက်မကြုံ ချင်တော့ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီကိစ္စကိုလည်း။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဆွေးနွေးရန်ရှိက ဆွေးနွေး ဖို့ဖြစ်ပါတယ်။

**ဦးကြည်မိုးနိုင်(ဥက္ကဋ္ဌ၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်အားလုံး၊ ကြွရောက် လာကြတဲ့ ပြည်ထောင်အဆင့်ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဖြစ်ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးပြီးတော့ အကြံညာဏ်ပေးတဲ့အတွက်

လည်း ဒီကိုယ်စားလှယ်ကြီးနှစ်ဦးကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။ ပထမဆုံးဆွေးနွေးသွားတဲ့ သီပေါမဲဆန္ဒနယ်က ဦးစိုင်းသန့်ဇင်ရဲ့ ဆွေးနွေးချက်မှာ တီကျစ် ကျောက်မီးသွေးဓာတ်အားပေးစက်ရုံနဲ့ ပတ်သက်ပြီးတော့ သူထောက်ပြတာတွေမှာ ကျွန်တော်တို့က သဘောပေါက်ပါတယ်။ ဒီနေ့ အဲဒီရဲ့ အစီရင်ခံစာကလည်း လေ့လာကြည့်တော့ ဧပြီလမှာမှ ဒီအစီရင်ခံစာက ဆိုလိုတာကတော့ တစ်နှစ်တာလည်ပတ်ပြီးတော့ စက်ရုံရဲ့ဘေးထွက်ဆိုးကျိုးတွေ ဘယ်လောက်ရှိလဲဆိုတဲ့ လေ့လာဆန်းစစ်တဲ့ အစီရင်ခံစာက ဧပြီလ သူ့ရဲ့မှတ်တမ်းအရဆိုရင်တော့ ၂၀၁၈ ခုနှစ် ဧပြီလမှာမှ မှတ်တမ်းထွက်လာတာဖြစ်တဲ့အတွက်ကြောင့် အစီရင်ခံစာရဲ့ နောက်ပိုင်း ကျမှဖြစ်တဲ့အတွက် တတိယအကြိမ်မှာ တင်မယ့်အစီရင်ခံစာမှာ ဦးစိုင်းသန့်ဇင် အကြံပြုသလို လိုအပ်တဲ့အချက်အလက်တွေကို ပြုစုပြီးတော့ ဒီအစီရင်ခံစာမှာ ပူးတွဲပြီးတော့ တင်ပြပေးမယ်လို့ ဖြေရှင်းချင်ပါတယ်။

ဒုတိယအနေနဲ့က ကသာမဲဆန္ဒနယ် ဆရာဦးမြင့်ကြည်ကတော့ ကျွန်တော်တို့နိုင်ငံ လျှပ်စစ် ဓာတ်အားရရှိရေးအတွက်ကို တကယ့်စိတ်စေတနာနဲ့ ဘယ်လိုဖြစ်သင့်တယ်ဆိုတာလေးကို သူ့ရဲ့ စိတ်ကူးနဲ့ရည်ရွယ်ချက်တွေကို ပြောပြသွားတာဖြစ်ပါတယ်။ အဲဒီအတွက်လည်း ကျေးဇူးတင်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲမှုရဲ့ Base Lode အနေနဲ့က ရေအားလျှပ်စစ် ကိုအဓိကထားပြီးတော့ ထုတ်လုပ်သုံးစွဲနေရတယ်ဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ အဲဒီတော့ ရေအားလျှပ်စစ်ရဲ့ ကောင်းကျိုးတွေရှိသလို၊ ဆိုးကျိုးက ဘာလဲဆိုတော့ နွေရာသီမှာ မိုးရေမရှိတဲ့အချိန်၊ ဆည်ရေလည်းခန်းတဲ့အချိန်၊ ပြည်သူလူထုကလည်း လျှပ်စစ်သုံးစွဲမှုကို ပိုမိုပြီးတော့ မြင့်မားလာတဲ့ အချိန်နဲ့ ကိုက်နေတဲ့အခါကျတော့ မိုးရာသီမှာလို ရေအားလျှပ်စစ်က ပိုလျှံနေပေမဲ့ နွေရာသီမှာ မလုံလောက်တဲ့ပြဿနာ ရှိပါတယ်။ ဒါဟာ အခု ဆရာဦးကြည်မြင့် ထောက်ပြသွားသလို Generation Mixed လို့ခေါ်တဲ့ Base Lode မှာထားရမယ့် energy စွမ်းအင်အခြေခံမှုမှာ နည်းနည်းလွဲချော် နေတဲ့အတွက်လည်း ပါပါတယ်။ အဲဒီတော့ လွဲချော်တဲ့အချက်ကို ကျွန်တော်တို့က ပြည့်စုံအောင် ဖြည့်ဆည်းမယ်လို့ဆိုရင် ဆရာထောက်ပြသလို ကျောက်မီးသွေးနဲ့လျှပ်စစ်ဓာတ်အားထုတ်တဲ့စနစ် နိုင်ငံတကာမှာလည်း ကျင့်သုံးနေတာရှိတယ်။ အဲဒီတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း အနည်းဆုံးဖြစ်အောင်လည်း နည်းပညာတွေပိုမိုပြီးတော့ အဆင့်မြင့်လာပြီ၊ ကောင်းလာပြီဆိုတာလည်း ကျွန်တော်တို့အားလုံး အခုဆွေးနွေးချက်တွေမှာ သိနေရပြီဖြစ်တဲ့အတွက် ဝန်ကြီးဌာနနဲ့လည်း ဒီဟာတွေကို အခါအားလျော်စွာ သင့်တိုင်းထောက်ပြဆွေးနွေးပါတယ်။ အကြံဉာဏ်လည်းပေးပါတယ်။ လက်ရှိအခြေအနေအရ Generation Mixed ထဲမှာပါဝင်မယ့် ရေအားလျှပ်စစ်ဆိုရင် ဆောက်လုပ်ဆဲ စီမံကိန်းတွေကလည်း In Process သွားနေဆဲက ငါးခုလောက်ရှိတယ်။ နှစ်အလိုက်နဲ့ ဘဏ္ဍာငွေ အပြည့်အဝရမယ်ဆိုရင်တောင် ငါးနှစ်အတွင်းမထွက်ပါဘူး။ ဒါ ကျွန်တော်တို့နိုင်ငံရဲ့ လျှပ်စစ် ဓာတ်အားလိုအပ်ချက် Gus ကြီးဖြစ်ပေါ်နေပါတယ်။ ၂၀၁၂ ခုနှစ်ရဲ့ နောက်ပိုင်းမှာမှ ရေအားလျှပ်စစ် ဟာ ထွက်မယ်ဆိုတော့ ဒီကြားကာလထဲမှာ ဝန်ကြီးဌာနအနေနဲ့ ဒီနေရာမှာ သူတို့ရဲ့စွမ်းဆောင်ရည်ကို မချီးမွမ်းလို့မဖြစ်ပါဘူး။ လက်ရှိတည်ဆဲရေအားလျှပ်စစ်တွေနဲ့ တည်ရှိနေဆဲဓာတ်ငွေ့သုံးစက်ရုံတွေကို အဆင့်မြှင့်တင်ပြီးတော့ ရေအားတွေကိုလည်း မိုးရာသီကာလမှာ ရေအားကို ပုံမှန်စနစ်တကျ အပြည့်အဝရယူအောင် ကြိုးစားတယ်။ လိုအပ်တဲ့အချိန်တွေမှာပဲ ထုတ်သုံးပြီးတော့ တကယ်

လိုအပ်တဲ့အချိန်တွေမှာရဖို့အတွက်ကို ကြိုးစားပြီးတော့ ပြောရရင်တော့ Save လုပ်တဲ့သဘောပေါ့။ အဲလိုလုပ်ပြီးကြိုးစားလာတာ နှစ်နှစ်အတွင်းမှာဆိုရင် မဂ္ဂါဝပ် ၈၀၀ လောက်က စက်ရုံအသစ်က မထုတ်ဘဲနဲ့ ဒီလိုရရှိနေတာလေးကိုလည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ ကြိုးပမ်းအားထုတ်မှုကိုလည်း ကျွန်တော်တို့အားလုံး ကိုယ်စားလှယ်ကြီးတွေက အသိအမှတ်ပြုပေးစေချင်ပါတယ်။ ကျွန်တော်တို့က ရေရဲ့ လျှပ်စစ်ကဏ္ဍမှာ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုအနည်းဆုံးဖြစ်တဲ့ Vinova energy ဆိုရင်လည်း သူ့ရဲ့အားနည်းချက်၊ အားသာချက်တွေ အမျိုးမျိုးရှိနေတာဖြစ်တဲ့အတွက် ဒီ Mixed ကို ဝန်ကြီးဌာနတွေကလည်း ဒီဟာကို နည်းလည်းသဘောပေါက်ပါတယ်။ လက်ရှိအခြေအနေက System Grips ရဲ့အနေအထားလေးတွေရယ်၊ ဘတ်ဂျက်အနေအထားလေးရယ်၊ နောက် Tarries Sole လို့ခေါ်တဲ့ လျှပ်စစ်ဓာတ်အားယူနစ်တွေရဲ့ ကုန်ကျစရိတ်တွေကို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကနေ စိုက်ထုတ်ကုန်ကျခံနေရတာ များတဲ့အချက်အလက်တွေအားလုံးပေါင်းစုံပြီးတော့ စဉ်းစားလိုက်မယ်ဆိုရင် နည်းပညာမြင့်တဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်မယ့် Coal Technology ကို အသုံးပြုနိုင်မယ်ဆိုရင်တော့ ရေရှည်မှာ ကျွန်တော်တို့အတွက် လျှပ်စစ်ပြဿနာ လျှပ်စစ် Demand Forecast ကို အေးဆေးတည်ငြိမ်စွာနဲ့ ပြည့်စုံစွာ၊ လုံလောက်စွာဖြင့်ရနိုင်မယ်ဆိုတာလေးလည်း ကျွန်တော်တို့ကော်မတီလည်း သဘောပေါက်ပါတယ်။ ဒါကိုလည်း ကိုယ်စားလှယ်ကြီးက ထောက်ပြဆွေးနွေးပေးတယ်။ အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလောက်ပဲပြန်လည်ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်(အတွင်းရေးမှူး၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အတွင်းရေးမှူးဖြစ်သူ အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး၏ (၁၄)ရက်မြောက်ဖြစ်တဲ့ ၁၄-၁၂-၂၀၁၈ ရက်နေ့မှာ ကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ယနေ့မှာလည်း ကိုယ်စားလှယ်တော်ကြီးနှစ်ဦး၏ ဆွေးနွေးမှုအပေါ် ကော်မတီ၏ဥက္ကဋ္ဌမှ ပြန်လည်ရှင်းလင်းဆွေးနွေးပြီးဖြစ်ပါတယ်။ သို့ပါ၍ ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကြီးမှ သဘောတူလက်ခံပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကသဘောတူတဲ့အတွက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝင်းသိမ်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ်(၂၄/၂၀၁၀)ကို ၂၈-၁၀-၂၀၁၀ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကိုပြင်ဆင်သည့်ဥပဒေကို ၂၈-၇-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၇) ဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြည်ထောင်စုဥပဒေအမှတ်(၅)ဖြင့် ၈-၃-၂၀၁၃ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အမိန့်ကြေညာစာ အမှတ်(၁၂/၂၀၁၄)ဖြင့် ၂၆-၃-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၂)ဖြင့် ၉-၁၂-၂၀၁၆ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အမိန့်ကြေညာစာအမှတ်(၃၅/၂၀၁၇)ဖြင့် ၉-၆-၂၀၁၇ ရက်နေ့နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အမိန့်ကြေညာစာအမှတ်(၅၈/၂၀၁၇)ဖြင့် ၂၅-၈-၂၀၁၇ ရက်နေ့တို့တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၆)ဖြင့် ၁၃-၆-၂၀၁၈ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါနိုင်ငံ့ဝန်ထမ်းဥပဒေ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုရှိစေရန်လည်းကောင်း၊ လက်တွေ့ကျင့်သုံးဆောင်ရွက်နေမှုများနှင့် ကိုက်ညီမှုရှိစေရန်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပါ ပုဒ်မ ၃ ခု၏ ပုဒ်မခွဲ ၁၆ ခုကို ပြင်ဆင်ဖြည့်စွက်ခဲ့ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယ

အကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၁-၁၂-၂၀၁၈ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်သည့်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်ပေးချက်အရ အစီရင်ခံစာဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၄၀၁

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၁၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/ ၁၀ (၃၈၈)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယ အကြိမ်ပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်း ပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ်အခြေခံ၍ ပြင်ဆင် ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်-

(က) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ် ၂၄/၂၀၁၀) ကို ၂၈-၁၀-၂၀၁၀ ရက်နေ့တွင်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၄၇/၂၀၁၅) ကို ၂၈-၇-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၃)ကို ၈-၃- ၂၀၁၃ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ၂၆-၃-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၂/၂၀၁၆)ကို ၉-၁၂-၂၀၁၆ ရက်နေ့တွင် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအား ၉-၆-၂၀၁၇ ရက်နေ့နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင် သည့် နည်းဥပဒေများအား ၂၅-၈-၂၀၁၇ ရက်နေ့တို့တွင်လည်းကောင်း၊ နိုင်ငံ့

ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆/၂၀၁၈) ကို ၁၃-၆-၂၀၁၈ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ခြင်း၊

(ခ) အဆိုပါနိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရန်၊ လက်တွေ့ကျင့်သုံး ဆောင်ရွက်နေမှုများနှင့် ကိုက်ညီမှုရှိစေရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်ဖြည့်စွက်လိုခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၁-၁၂-၂၀၁၈ ရက် အင်္ဂါနေ့တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန် တင်ပြချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အချိန်ကိုငဲ့ညှာသောအားဖြင့် ဖတ်ကြားခြင်းမပြုတော့ပါဘူး။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ ဒီ ဇင် ဘာ လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၁၁-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/ ၁၀ (၃၈၈)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့်ကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့ လာပါသည်။

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ်အခြေခံ၍ ပြင်ဆင် ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥပဒေအမှတ် ၂၄/၂၀၁၀)ကို ၂၈-၁၀-၂၀၁၀ ရက်နေ့တွင်လည်း ကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၄၇/၂၀၁၅)ကို ၂၈-၇-၂၀၁၅ ရက်နေ့တွင်လည်း ကောင်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၃) ကို ၈-၃-၂၀၁၃ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ၂၆- ၃-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၄၂/၂၀၁၆)ကို ၉-၁၂-၂၀၁၆ ရက်နေ့တွင် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ အား ၉-၆-၂၀၁၇ ရက်နေ့နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအား ၂၅-၈-၂၀၁၇ ရက်နေ့တို့တွင်လည်းကောင်း၊

နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၆/၂၀၁၈)ကို ၁၃-၆-၂၀၁၈ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန် ပြဋ္ဌာန်းခဲ့ခြင်း၊

(ခ) အဆိုပါနိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိစေရန်၊ လက်တွေ့ကျင့်သုံးဆောင်ရွက်နေမှုများနှင့် ကိုက်ညီမှုရှိစေရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်ဖြည့်စွက်လိုခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၁-၁၂-၂၀၁၈ ရက် အင်္ဂါနေ့တွင် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပြင်ဆင်သည့် အပိုဒ်ပေါင်း ၄ ပိုဒ်ပါရှိပါသည်။

( ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်)

**( ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၀ ပြည့်နှစ်၊ လ ရက်**

**( ၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

( ဂ) အပိုဒ် ၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁။ ဤဥပဒေကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ဟုခေါ်တွင်စေရမည်။

(ဃ) အပိုဒ် ၂ ကို အောက်ပါအတိုင်း ဖြည့်စွက်ပါသည်-

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(စ) ၏နောက်တွင် ပုဒ်မခွဲ(ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဆ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းဆိုသည်မှာ နိုင်ငံ့ဝန်ထမ်းဥပဒေပါ အဓိပ္ပာယ် ဖွင့်ဆိုချက်အတိုင်း ဖြစ်သည်။

**မူကြမ်း**

(င) အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ (ခ)နှင့်(ဂ)တို့ကို အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ (ခ)နှင့်(ဂ) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၈ တွင်-

(က) ပုဒ်မခွဲ(ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဃ) ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်းနှင့်ဝန်ထမ်းများ၏ ဝန်ဆောင်မှုအပေါ် ပြည်သူများ၏သဘောထားအမြင်များကို စစ်တမ်းကောက်ယူပြီး သုတေသနပြုလုပ်ခြင်း၊

(ခ) ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(စ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက မေးမြန်းလာသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြန်ကြားခြင်း၊

(ဂ) ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဆ) ဝန်ထမ်းများအား အရေးယူခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းခြင်း၊ နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြခြင်း၊

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၃ အပိုဒ်ခွဲ(ဃ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဇ) ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးအား ဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့လိုသည့် ကိစ္စရပ်များအတွက် ညှိနှိုင်းလာမှုအပေါ် လိုအပ်သည့်စိစစ်မှုများပြုလုပ်၍ နိုင်ငံတော်သမ္မတထံ တင်ပြခြင်း၊

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို အပိုဒ် ၃ အပိုဒ်ခွဲ(င)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) မူလဥပဒေ ပုဒ်မခွဲ(ဇ)နှင့်(ဈ) တို့ကို ပုဒ်မခွဲ(ဋ) နှင့်(ဌ)တို့အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-

(ဋ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ပျိုးထောင်ရေး၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စများနှင့် စပ်လျဉ်း၍ စိစစ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဌ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက မိမိတို့ တာဝန်ယူအကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများအား ဖွဲ့စည်းခြင်း၊ လိုအပ်သော နယ်ဘက်ဝန်ထမ်းများအား ခန့်အပ်ခြင်းတို့ပြုရာတွင် ပြည်ထောင်စု

အစိုးရနှင့် ကြိုတင်ညှိနှိုင်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဖွဲ့စည်း ခန့်အပ်နိုင်ရန် ဆောင်ရွက်ခြင်း၊

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၃ အပိုဒ်ခွဲ(စ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။(စ) မူလဥပဒေ ပုဒ်မခွဲ(ည)နှင့်(ဋ)တို့ကို ပုဒ်မခွဲ(ဍ)နှင့်(ဎ) တို့အဖြစ် ပြောင်းလဲ အမှတ်စဉ်ရမည်။

(ဈ) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ (ဃ)နှင့်(င) တို့ကို အပိုဒ် ၄ အပိုဒ်ခွဲ(ဂ)၊ (ဃ)နှင့်(င) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။(ဂ) ပုဒ်မခွဲ(ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဂ) အဖွဲ့ကသာ ရွေးချယ်ရန် သတ်မှတ်ထားသော ရာထူးအဆင့်မှအပ ကျန်ရာထူးအဆင့်ရှိ ဝန်ထမ်းများကို ရွေးချယ်ရန် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးက အဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက်စေရန် လွှဲအပ်ခြင်း၊

(ဃ) ပုဒ်မခွဲ(ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဃ) ပုဒ်မ ၈၊ ပုဒ်မခွဲ(ဋ)ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဌ) ပါဝန်ထမ်းများ ခန့်အပ်လိုသည့်ကိစ္စများတွင် အဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးများကို ဆောင်ရွက်စေခြင်း၊

( င ) ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(စ) ပြန်တမ်းဝင်အရာရှိအဆင့်သို့ တိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများပါ ရာထူးတိုးမြှင့်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် အညီ ထောက်ခံလာသောကိစ္စရပ်များကို စိစစ်ဆောင်ရွက်ခြင်း။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်ထောင်စုရာထူးဝန်အဖွဲ့က တင်သွင်းသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး

ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၁-၁၂-၂၀၁၈ ရက်(သောကြာနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရာထူးဝန်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးအာမိုးဆီ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က တင်သွင်းသည့် ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော ကျေးလက်ဒေသများတွင် နေထိုင်သည့်တိုင်းရင်းသားများဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအာမိုးဆီ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၁၆-၁၁-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော ကျေးလက်ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားများဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၅ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာပါခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ၁၃၅ မျိုးသော တိုင်းရင်းသားညီအစ်ကိုတွေ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် လက်တွဲနေထိုင်ကြတဲ့ ပြည်ထောင်စုကြီးပါ။ ဒါကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အရေးကြီးလှပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိဖို့အတွက် တန်းတူညီမျှမှု၊ သာတူညီမျှမှု၊ ခွင့်တူညီမျှမှုရှိရမယ်လို့ အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဗိသုကာ၊ တပ်မတော်ဖခင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့ဖူးပါတယ်။ တိုင်းရင်းသားအများစုဟာ တိုင်းရင်းသားဒေသ ဝေးလံခေါင်သီအရပ်တွေမှာ နေထိုင်ကြပြီးတော့ ရိုးသားတယ်။ ပွင့်လင်းတယ်။ ဖော်ရွေတယ်။ ရိုးရာဓလေ့အတိုင်း အေးချမ်းစွာနေထိုင်ကြပါတယ်။ ဝေးလံခေါင်သီဒေသဖြစ်တာနဲ့အညီ ကျွန်တော်တို့သွေးချင်းတွေဟာ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး အဘက်ဘက်က နိမ့်ပါးကျန်ရစ်ပါတယ်။ ဒါကြောင့် အဆိုရှင်ဆွေးနွေးခဲ့သလို ဝေးလံခေါင်သီဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသတွေကို အထူးဦးစားပေးစီမံချက်တွေချမှတ်ပြီးတော့ ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။ ဒါမှသာ ကျေးလက်၊

မြို့ပြကွာဟမှု နည်းပါးပြီးတော့ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ကာ ဆင်းရဲမှုလျှော့ချနိုင်မှာပါ။ ကျွန်တော်တို့ စေတုတ္တရာမြို့နယ်ဟာ ရခိုင်ရိုးမရဲ့အခြေ၊ ချင်းတောင်ရဲ့အဖျား ဝေးလံခေါင်သီဒေသထဲမှာပါဝင်ပြီး တော့ ချင်းတိုင်းရင်းသားအများစု နေထိုင်ကြပါတယ်။ သကယ်ဒေါင်း၊ သက်ကယ်ညှင်း၊ ဆင်ရေဖိုစတဲ့ တောင်များအစွန်ရွာတွေ၊ ဖျင်ကြီး၊ အပေါ၊ ဆင်ချောင်း၊ ဒေါင်းစတဲ့ ချင်းပြည်နယ်အစပ်ရွာတွေ၊ နတ်ကြီး၊ အားရော၊ လုံးကြီး၊ လက်ပံကျင်းစတဲ့ ရိုးမအခြေက ချင်းတိုင်းရင်းသားကျေးရွာတွေဟာ လမ်းပန်း ဆက်သွယ်ရေးအလွန်ခက်ခဲပြီးတော့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ တယ်လီဖုန်းဆက်သွယ်ရေး ကအစ အဘက်ဘက်က နိမ့်ပါးကျန်ရစ်ခဲ့တာပါ။ မြေသားလမ်းတောင် ကောင်းကောင်းမရှိဘဲနဲ့ တောင်စောင်း၊ ချောက်ကမ်းပါး၊ ချောင်းထဲ၊ မြောင်းထဲ၊ ရွှံ့ဗွက်တောထဲမှာ သွားလာကြရတဲ့သူတွေပါ။ လျှပ်စစ်မီးဆိုတာ ဝေးလာဝေး၊ ဖုန်းလောက်မှ ဆက်လို့မရ။ ပညာရေးမပြည့်စုံ၊ သားဖွားဆရာမမပြည့်စုံ တဲ့ဘဝတွေပါ။ နိုင်ငံသားချင်းအတူတူ နိုင်ငံသားအခွင့်အရေးတွေ ဆုံးရှုံးလှပါတယ်။ မုန်းချောင်းရေကြီး ချိန်မှာ သားဖွားဆရာမရှိရာ တစ်ဖက်ကမ်းကို မကူးနိုင်ကြလို့ မီးဖွားလူနာတွေ၊ အရေးပေါ်လူနာတွေ အတိဒုက္ခရောက်ကြရပါတယ်။ ဒေသခံတွေရဲ့တင်ပြမှုအရ သားဖွားဆရာမချထားပေးဖို့ တောင်းဆို ပေမဲ့ တိုင်းဒေသကြီးကျန်းမားရေးမှူးရဲ့မြေပုံပေါ်က အကွာအဝေးကိုကြည့်ပြီးတော့ မပေးသင့်ဘူး မှတ်ချက်ကြောင့် ချထားမပေးခဲ့လို့ ယခင်ကာလအတိုင်းပဲ မသေဆုံးသင့်ဘဲ သေဆုံးတာတွေ ရှိနေဆဲ ပါ။ အရေးတကြီးလိုအပ်ချက်တွေ တောင်းဆိုတိုင်း၊ တင်ပြတိုင်း၊ တကယ့်မြေပြင်အခက်အခဲကို မသိတဲ့ တာဝန်ရှိသူတချို့ဟာ ဘတ်ဂျက်မရှိဘူးပြောပြီးတော့ ပယ်ချခံရတာ များပါတယ်။ ဒါကြောင့် ဝေးလံ ခေါင်သီဒေသတွေရဲ့ဖွံ့ဖြိုးရေးကို တောင်းဆိုတဲ့အခါမှာ အကျိုးပြုလူဦးရေကို အခြေခံဆုံးဖြတ်တာဟာ ရေနစ်သူ ဝါးကူထိုးသလို ဖြစ်စေပါတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးတွေမှာ လျှပ်စစ်မီး ခဏပျက်တာ မကျေမနပ်၊ မနေတတ်ဖြစ်နေကြရင် ဘယ်တုန်းကမှ လျှပ်စစ်မရဘူးတဲ့ အမှောင်ထဲက တိုင်းရင်းသားပြည်သူတွေကို သတိရပေးပါ။

ရန်ကုန်-မန္တလေးကတ္တရာလမ်းမကြီးတွေကို နိုင်လွန်ကတ္တရာထပ်ပိုးလွှာတွေခင်း၊ လမ်းသားတွေ ချဲ့ထွင်နေချိန်မှာ ချောက်ကြိုမြောင်ကြား၊ တောင်စောင်း၊ ချောက်ကမ်းပါးမှာ ခက်ခဲစွာ သွားလာနေရတဲ့ ကျွန်တော်တို့တိုင်းရင်းသားညီအစ်ကိုတွေကို မြင်ယောင်ပေးပါ။ တိုင်းဒေသကြီး၊ မြို့ဆေးရုံကြီးတွေမှာ အထူးကုတွေ၊ နောက်ဆုံးပေါ်စက်ကြီးတွေ၊ Facility တွေ တပ်ဆင်ပေးနေချိန်မှာ သားဖွားဆရာမမရှိလို့ မီးမဖွားနိုင်ဘဲ သေဆုံးသွားရတဲ့ ကျွန်တော်တို့ရဲ့တိုင်းရင်းသားတွေကို စာနာပေးကြပါ။ ဒါကြောင့် ရေများရာမိုးရွာ၊ သူဌေးကြေးပန်တွေ မဖြစ်ဖို့ လိုအပ်လှပါတယ်။ အဓိကနှင့် သာမည၊ အရေးတကြီး လုပ်သင့်တာနဲ့ ဖြည်းဖြည်းမှလုပ်လို့ရတာ ခွဲခြားဆောင်ရွက်ကြရမှာပါ။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေနဲ့လည်း ဝေးလံခေါင်သီဒေသတွေ အတွက် အထူးဦးစားပေးအစီအမံတွေ ချမှတ်ပြီးတော့ ထိထိရောက်ရောက် ကြီးကြပ်အကောင်အထည် ဖော်ဆောင်ရွက်ဖို့ လိုအပ်ကြောင်းလည်း တိုက်တွန်းရင်းပြောကြားလိုပါတယ်။ ဒီနေရာမှာ တင်ပြလိုတာ ကတော့ ဆရာဝန်၊ ဆရာမ၊ တာဝန်ကျဝန်ထမ်းအများစုဟာ ဝေးလံခေါင်သီဒေသတွေကို တာဝန်ကျရင် မဲဇာအပို့ခံရတဲ့အလား၊ အပြစ်ဒဏ်ကျတဲ့အလား ငိုယိုကြ၊ စိတ်ပျက်ကြ၊ နုတ်ထွက်ကြ၊ ပြောင်းရွှေ့ဖို့ ကြိုးစားကြနဲ့ မမြဲကြပါဘူး။ ဒါကြောင့် ကျန်းမာရေး၊ ပညာရေးဝန်ထမ်းတွေ ခန့်ထားရာမှာ ဒေသခံတွေကို ဦးစားပေးပြီးတော့ ဖြေလျှော့ပြီးတော့ခန့်ထားမှ ဒေသရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်း

နိုင်မှာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၂၃ ပုဒ်မခွဲ(ဂ)မှာ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေတဲ့ တိုင်းရင်းသားများရဲ့ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်လို့ ပါရှိပါတယ်။ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဖခင်ကြီးတွေ မျှော်မှန်းခဲ့တဲ့ တရားမျှတတဲ့၊ ခွင့်တူညီမျှတဲ့အခွင့်အရေးတွေနဲ့ များလူ ခပ်သိမ်းငြိမ်းချမ်းစေမယ့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ဖို့ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအားမိုးဆီရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး ဖြစ်ပါတယ်။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုတင်ရခြင်း၏ရည်ရွယ်ချက်များဖြစ်သော ကျေးလက်ဒေသ နေ တိုင်းရင်းသားများလူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်း သာယာရေးအတွက် ကျေးလက်နေပြည်သူများ စိတ်ပါဝင်စားမှု ပိုမိုမြင့်မားလာစေပြီး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်ဆိုတဲ့ ရည်ရွယ်ချက်များအပေါ် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ကျေးလက်ဒေသများတွင် နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများ လူနေမှုဘဝ၊ လူမှုစီးပွားတိုးတက်မြင့်မားလာစေရန် ယင်းဒေသ၌ တရား ဥပဒေစိုးမိုးမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါတယ်။ ဝေးလံခက်ခဲပြီး တောင်ပေါ်ဒေသ၊ ကျေးလက်ဒေသများတွင် တရားဥပဒေစိုးမိုးမှုရှိပြီး ပြည်သူများ ဥပဒေ၏ရပိုင်ခွင့်နှင့် အကာအကွယ် အပြည့်အဝရရှိစေရန် နိုင်ငံတော်အစိုးရအနေဖြင့် ပထမဦးစားပေးအဖြစ် မဖြစ်မနေ လုပ်ဆောင် ပေးသင့်ပါတယ်။ ပညာရေးကဏ္ဍအနေဖြင့် ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးမှုနောက်ကျနေသော ကျေးလက် ဒေသများ၏ပညာရေးနှင့် မြို့ပြဒေသများရဲ့ပညာရေးနှိုင်းယှဉ်ကြည့်လျှင် အလွန်ကွာခြားနေသည်ကို လည်း တွေ့မြင့်ရမှာ ဖြစ်ပါတယ်။ မိမိတို့ဝေးလံခက်ခဲသော တောင်ပေါ်ဒေသများတွင် ကျေးရွာအုပ်စု တစ်ခုနှင့်တစ်ခုတို့မှာ အလွန်ဝေးကွာလျက်ရှိနေပြီး ရွာတစ်ရွာ၌အိမ်ခြေ ၁၅ အိမ်မှ အိမ်ခြေ ၂၀ လောက်သာ ရှိကြသည်ကိုလည်း တွေ့မြင်ရပါတယ်။ ရွာတစ်ရွာနှင့်တစ်ရွာ အလွန်ဝေးကွာသည့် အတွက် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများသည် မိမိတို့ကျေးရွာအတွင်းရှိ အ.မ.က ကျောင်း၊ အ.မ.က(ခွဲ)ကျောင်းတို့၌သာ KG တန်းမှ စတုတ္ထတန်းအထိ ကျောင်းသားကျောင်းသူဦးရေ ၂၀ ဦးမှ ၅၀ ဦးကျော်ဖြင့်သာ ပညာသင်ကြားလျက်ရှိနေပါတယ်။ KG တန်းမှ စတုတ္ထတန်း ကျောင်းသားကျောင်းသူဦးရေ ၂၀ ဦးမှ ၅၀ ဦးခန့်ကျော်သာရှိသည့်အတွက် ပညာရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်း၊ စံသတ်မှတ်ချက်များအရ ဆရာဆရာမများ ခန့်အပ်ပေးသည့်အခါ KG တန်းမှ တတိယတန်းအထိ ဆရာဆရာမနှစ်ဦးနှုန်းသာ ရရှိနေကြတာ တွေ့မြင်ရပါတယ်။ ဝေးလံခက်ခဲသော ဒေသများတွင် တာဝန်ကျနေသော ဆရာဆရာမများသည်လည်း ကျေးရွာအတွင်းရှိ ဒေသခံ

တိုင်းရင်းသားများနှင့် ဘာသာစကားတူညီမှုမရှိခြင်းတို့ကြောင့် အခက်အခဲများစွာ ရှိနေသည်ကိုလည်း တွေ့မြင်ရပါတယ်။ သို့အတွက် ဝေးလံခက်ခဲသော တိုင်းရင်းသားဒေသများတွင် ပညာရေးဝန်ထမ်းများ ခန့်အပ်ပေးသည့်အခါ ထိုဒေသရှိ တိုင်းရင်းသားဘာသာစကားတူညီသော ဆရာဆရာမများကို ပူးတွဲပြီး တာဝန်ထမ်းဆောင်စေသင့်ကြောင်းလည်း အကြံပြုချင်ပါတယ်။ သို့ဖြစ်ပါ၍ ဝေးလံခက်ခဲသော တောင်ပေါ်ဒေသများ၏ပညာရေးတိုးတက်ကောင်းမွန်လာစေရေးအတွက် ဒေသနှင့် လိုက်လျောညီထွေဖြစ်စေမည့် အထူးစီမံချက်မူဝါဒများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ကြောင်းလည်း အကြံပြုချင်ပါတယ်။

ထို့အပြင် စီးပွားရေးနှင့်ပတ်သက်၍ အကြံပြုချင်တာ၊ ဆွေးနွေးချင်ပါတယ်။ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ကျေးလက်ဒေသများတွင် များသောအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုသာ အဓိကစီးပွားရေးလုပ်ငန်းအဖြစ် အသက်မွေးဝမ်းကျောင်းပြုကြကြောင်း တွေ့မြင်ရပါတယ်။ ကျေးလက်ဒေသရှိ ပြည်သူများသည် ၎င်းတို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို မြို့ပြဒေသများနှင့် နယ်စပ်ဒေသများသို့ သွားရောက်ရောင်းချကြပြီး မိသားစုများ၏ စားဝတ်နေရေးများအတွက် ဖြေရှင်းဆောင်ရွက်နေကြရတာ တွေ့မြင်ရပါတယ်။ မိမိမဲဆန္ဒနယ်ဖြစ်သော ဆော့လော်မြို့နယ်ရှိ ပြည်သူများသည် အများအားဖြင့် လျှော်ကောပင်ကွန် ဟင်းခတ်အမွှေးကြိုင်အပြင် စိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်ကို တွေ့မြင်ရပါတယ်။ သို့သော် ဒေသခံပြည်သူများ ၎င်းတို့စိုက်ပျိုးရေးထုတ်ကုန်များအား နယ်စပ်ဒေသများသို့ သွားရောက်ရောင်းချသည့်အခါ ဈေးကွက်ကောင်းရရှိနိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အတွက် ဈေးကွက်ဈေးနှိမ်ခံရခြင်းများလည်း ခံစားကြုံတွေ့နေရတာ တွေ့မြင်နေရပါတယ်။

သို့ဖြစ်ပါ၍ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် နယ်စပ်ဒေသများတွင် ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် ဈေးကွက်စီးပွားရေးစနစ်အား ပီပီပြင်ပြင် အထူးစီမံချက်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုချင်ပါတယ်။ ဆက်လက်ပြီး အဆိုရှင်ရဲ့အဆိုတွင်ပါဝင်သော ဝေးလံခက်ခဲသောဒေသများတွင် ထွက်ရှိသော အဖိုးတန်သယံဇာတများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပြီး ထိုဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏စားဝတ်နေရေးအတွက် အချိုးကျမျှဝေခံစားခွင့်ရရှိစေရန် လုပ်ဆောင်သင့်ကြောင်းဆိုတဲ့အချက်ကိုလည်း ထောက်ခံဆွေးနွေးချင်ပါတယ်။ ကချင်ပြည်နယ်အတွင်းရှိ ချီဖွေမြို့နယ်၊ ဆော့လော်မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်တို့နှင့်ပတ်သက်ပြီး ဥပမာထား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယင်းမြို့နယ်များသည် ဝေးလံခက်ခဲသော တောင်ပေါ်ဒေသများဖြစ်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော နယ်စပ်ဒေသများ ဖြစ်ကြပါတယ်။ နယ်စပ်ဒေသများဖြစ်သော်လည်း တရားဝင်နယ်စပ်ကုန်သွယ်ရေးဂိတ်များ မရှိသည့်အတွက် မှောင်ခိုစီးပွားရေးလုပ်ငန်းများအား ထိန်းချုပ်နိုင်မှုမရှိဘဲ ထိုဒေသရှိ တန်ဖိုးရှိသယံဇာတများ၊ တစ်ဖက်နိုင်ငံသို့ စီးဝင်နေသည်ကိုလည်း တွေ့မြင်ရပါတယ်။ သို့အတွက် ဝေးလံခက်ခဲသော တောင်ပေါ်ဒေသ၊ နယ်စပ်ဒေသများတွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများသာ ဒေသခံများခံစားကြရပြီး ထိုဒေသများမှ ထုတ်ယူသွားသော သယံဇာတများအား ဒေသခံများ ခံစားခွင့်လုံးဝမရရှိကြသည်ကိုလည်း တွေ့မြင်ရပါတယ်။ သို့ဖြစ်ပါ၍

ချီဖွေ၊ ဆော့လော်၊ ခေါင်လန်ဖူးဒေသများတွင် တရားဝင်နယ်စပ်ကုန်သွယ်ရေးဂိတ်များ ဖွင့်လှစ်ပေးပြီး ပြည်သူများအတွက် စျေးကွက်စီးပွားရေးစနစ်ကိုလည်း အထူးစီမံချက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုအပ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးမှု နောက်ကျနေသည့် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ လူနေမှုအဆင့် မြင့်မားပြီး ဖွံ့ဖြိုးတိုးတက်မှုမြင့်မားလာစေရန် ဒေသနှင့်လိုက်လျောညီထွေဖြစ်စေမည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးများအတွက် အထူးစီမံချက်အသစ်များ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်မှသာ ဝေးလံခက်ခဲသောတောင်ပေါ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း အဆိုရှင်ရဲ့အဆိုအား ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ လွိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံလူဦးရေဟာ ၆၀ သန်းခန့်ရှိပါတယ်။ ၇၀ ရာခိုင်နှုန်းကတော့ ကျေးလက်ဒေသမှာနေတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံက ၁၃၅ မျိုးရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ကတော့ ၁၄ ခုရှိပါတယ်။ အဲဒီမှာ ချင်း၊ ရခိုင်နှင့်ကယားကတော့ အဆင်းရဲဆုံးပြည်နယ်နဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ်တွေဖြစ်ပါတယ်။ အဲဒီလိုဖြစ်တဲ့ဟာက ကျွန်မတို့ ပြည်သူလူထုတွေမှာ ဘယ်လိုခံစားရသလဲဆို ကျင်နေအောင်ကို ဒုက္ခအသီးသီးခံစားနေရတာ အစိုးရကိုလည်း သိစေချင်ပါတယ်။ ဒါကြောင့်မို့လို့ ခေါင်လန်ဖူးကကိုယ်စားလှယ်ကြီး ဦးအာမိုးဆီရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးရခြင်းဖြစ်ပါတယ်ရှင်။ အဲဒီကဏ္ဍအသီးသီးကို ကုစားဖို့၊ ဖြည့်ဆည်းနိုင်ဖို့အတွက် ပြည်သူ့ဘဏ္ဍာရေးစနစ်က အရေးကြီးဆုံးဖြစ်ပါတယ်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေး အခွင့်အာဏာတည်ဆောက်ပုံဟာ အချုပ်ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ကို တာဝန်ယူရတဲ့လုပ်ငန်းဆောင်တာအချို့ကို အပ်နှင်းထားပေမဲ့လို့ လုပ်ပိုင်ခွင့်အပြည့်အဝ ခွဲဝေခြင်းမဟုတ်ဘဲနဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးအုပ်ချုပ်ရေး အရေးပါတဲ့အစိတ်အပိုင်းများကိုတော့ ဗဟိုနဲ့ဒွန်တွဲပြီး ထိန်းချုပ်နေတာကို တွေ့ရပါတယ်ရှင်။ အကန့်အသတ်ကြားထဲကနေပြီးတော့ လုပ်ငန်းအောင်မြင်ဖို့ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မျှော်လင့်သလောက် စွမ်းဆောင်နိုင်စွမ်းမရှိတာကို လည်း တွေ့ရပါတယ်။ ဒေသဆိုင်ရာအကျိုးစီးပွားများကို အကောင်အထည်ဖော်ရာမှာ ပြည်နယ်အစိုးရများဟာ အဓိက နေရာမှာမရှိတာကို သတိထားမိလာပါတယ်။ အထက်ကနေ တိုက်ရိုက်အာဏာ ဆင်းသက်မှုနဲ့ ဒေသန္တရဆောင်ရွက်ပိုင်ခွင့်ကို ကန့်သတ်မှုများက စွန့်စားဆောင်ရွက်ရန် အထက်အထိ ခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရမယ်ဆိုတဲ့ အကောင်အထည်ဖော်မှုဟာ ဝန်ထမ်းများကို ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်လာရပါတယ်။ ကိုယ်စားပြုအားနည်းတဲ့အတွက် မူဝါဒဆိုင်ရာအပြောင်းအရွှေ့ စီမံကိန်းရည်မှန်းချက်ဟာ ဘတ်ဂျက်လျာထားတဲ့စနစ်ရဲ့ အရည်အသွေးအပေါ် အတားအဆီးတွေ ဖြစ်ပေါ်လာပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ရဲ့အသုံးစရိတ်ချထားမှုဟာ ယခုအထိ ဝေဝါးနေဆဲဖြစ်ပါတယ်။ အသုံးစရိတ်နဲ့ ပြည်နယ်တို့ရဲ့ ဝန်ဆောင်မှုကဏ္ဍ တာဝန်ယူမှုများကို အသေးစိတ်

ဖော်ပြထားခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒေသအလိုက် ဘဏ္ဍာငွေ ရသုံးလိုအပ်ချက်ကိုခန့်မှန်းတဲ့ အခါမှာ အခက်အခဲ အများကြီးတွေ့နေပါတယ်။ အခွန်အကောက် ကောက်ခံရာမှာလည်း တစ်နေရာ နှင့်တစ်နေရာ ကွဲပြားနေပြီးတော့ အနာဂတ်မှာ အခွန်အခများဟာ ပြည်နယ်တွေရဲ့ ဘဏ္ဍာငွေရသုံးခွင့် အာဏာကို အရေးပါတဲ့ကဏ္ဍအဖြစ် ပိုမိုဖြည့်စွမ်းဖို့လိုတာကို တွေ့ရပါတယ်။ အောက်ခြေကနေ အထက် အခြေပြုဘတ်ဂျက်ရေးဆွဲနိုင်တဲ့ ပြည်သူတွေရွေးထားတဲ့၊ တင်မြှောက်ထားတဲ့အဖွဲ့အစည်း လည်း အခုထိ တိတိကျကျမရှိပါဘူး။ ဒါပေမဲ့လို့ ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ အတည်ပြုပြဋ္ဌာန်း ထားတဲ့ အမျိုးသားစီမံကိန်းဥပဒေမှာ ကိုယ်စားလှယ်များပါဝင်ပြီး ဆုံးဖြတ်ရမယ်ဆိုတာပါပါတယ်။ တကယ်လို့ မလုပ်လို့ရှိရင် ဥပဒေအရအရေးယူမယ်ဆိုတာ ပါလာတဲ့အတွက် အဲဒီဥပဒေထွက်လာခြင်း ကတော့ အလားအလာကောင်းတဲ့ ရောင်ခြည်ဦးတစ်ခုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ သယံဇာတအရင်းအမြစ်ခွဲဝေမှုကို စိစစ်ဖို့လိုသလို ကိန်းဂဏန်းအချက်အလက် ရရှိဖို့လည်း အားနည်းတဲ့အတွက် ပြည်သူ့ဘဏ္ဍာရေးစနစ်က မရေမရာဘဲ ဖြစ်နေရပါတယ်။ ပြည်နယ် အစိုးရဘတ်ဂျက်ရေးဆွဲရာမှာ အစိုးရကိုယ်တိုင် ရရှိလာတဲ့အရင်းအမြစ်တွေကို ဘယ်လိုရွေးချယ်သုံး မယ်ဆိုတဲ့ လွတ်လပ်တဲ့လုပ်ပိုင်ခွင့်များဟာ ယခုအထိ အပြည့်အဝလွှဲပြောင်းခံရခြင်းမရှိသေးပါဘူး ရှင်။ ပြည်နယ်ဘတ်ဂျက်များကို သီးခြားရေးဆွဲခဲ့ပြီးတော့မှ လိုငွေကို ပြည်ထောင်စုက ထောက်ပံ့ ချေးငွေတို့နဲ့ ဖြည့်ဆည်းပါတယ်။ ဒီမောင်းနှင်အားလေးက ကောင်းလာပေမဲ့လို့ ပြည်ထောင်စုက ချေးငွေမူဝါဒ တိတိကျကျမရှိတဲ့အတွက် ဆင်းရဲတဲ့ပြည်နယ်မှာ အကြွေးတွေက ပြည်နယ်တိုင်းရင်းသား တစ်ဦးချင်းစီမှာ ပိုပြီးတော့ အကြွေးတွေပိုပိုလာပါတယ်။ ပြည်ထောင်စုအဆင့်တာဝန်ရှိတဲ့သူကလည်း ပြည်နယ်တွေကို တစ်ဆင့်ပြန်ပေးတဲ့အခါဖြစ်ဖြစ်၊ အကြွေးပြန်ဆပ်တဲ့အခါပဲဖြစ်ဖြစ် သူကိုယ်တိုင် လက်မှတ်ရေးထိုးခါနီးမှာတောင် လက်တွေ့အေးပြီးတုန်နေမှာ ဖြစ်ပါတယ်ဆိုတာတွေးပြီး မှန်းလို့ရပါ တယ်ရှင်။ ဒီမိုကရေစီသဘောတရားအရ ပြည်သူလူထုတွေကိုယ်တိုင် ပါဝင်ဆုံးဖြတ်ပြီးတော့မှ စီမံကိန်း အမျိုးမျိုးဖြစ်တဲ့တစ်ခုတည်းဟာ CDD Project တွေမှာဆိုလို့ရှိရင် သူတို့ဘယ်လို World Bank ကနေ ပိုက်ဆံချေးတယ်။ ချေးပြီးတော့မှ ဒီပိုက်ဆံကို ဘယ်လို Third Party က ဆောင်ရွက်သလဲ ဆိုတာကို လည်း တိတိကျကျပြောထားခြင်းမရှိပါဘူး။ ဒါကြောင့် ကျွန်မတို့မှာ မူဝါဒတွေလိုပါတယ်။ ချေးငွေမူဝါဒမရှိခြင်းကြောင့်ဖြစ်တယ်လို့ ယူဆပါတယ်။ ပညာရေးကဏ္ဍမှာလည်း ကျောင်းတွေချပေး တဲ့အခါမှာ ဆိုလို့ရှိရင် ကျောင်းသာပါလာတယ်၊ အဆောက်အဦသာပါလာတယ်။ Water and Sanitation တွဲလျက်မပါလာတဲ့အတွက် ကျွန်မတို့မှာ ဒုက္ခရောက်ရပါတယ်ရှင်။ နောက်တစ်ခုက ဘာလဲဆိုရင် မဖွံ့ဖြိုးတဲ့ပြည်နယ်မှာ ကျွန်မတို့ကယားပြည်နယ်ကဆိုလို့ရှိရင် လျှပ်စစ်ထုတ်ပါတယ်။ Production ရောရှိပါတယ်။ Distribution က Union Grid ကဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ကယားပြည်နယ်က ပြီးခဲ့တဲ့ငါးရက်မှာတောင်မှာ Solar ပြားဝေနေတုန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ကယားပြည်နယ်၊ လွိုင်ကော်ကလူတွေက လျှပ်စစ်မြို့တော် တို့လွိုင်ကော်ပြောရမယ့်အစား Solar ပြားဆောင်ထား ဒို့ကယားဆိုတာမျိုး ဖြစ်နေရပါတယ်ရှင်။ ဒါကြောင့်မို့လို့ မူဝါဒတိတိကျကျလေး ဘဏ္ဍာရေးစနစ်ခွဲဝေမှုမှ ပြည်သူ့ဘဏ္ဍာရေးစနစ် ထာဝစဉ်လုပ်နိုင်ရန်စီမံပေးဖို့ အကြံပြုရင်း နိဂုံး ချုပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအားမိုးဆီတင်သွင်းခဲ့တဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုအား ခြုံငုံသုံးသပ်ကြည့်ရင် မည်သည့်အပိုင်းကို စီမံချက်ရေးဆွဲဖို့ ရည်ညွှန်းမထား တာကြောင့် ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးမှုနောက်ကျနေသော ကျေးလက်နေတိုင်းရင်းသားများ ဘဝတိုးတက် မြင့်မားစေရန်အတွက် အရပ်ရပ်လိုအပ်ချက်များ ဆောင်ရွက်ပေးရန်ဟု နားလည်မိပါတယ်။ အဆိုရှင် ကလည်း အခြားနိုင်ငံများကို ဥပမာပေးတင်ပြခဲ့သလို ကျွန်မရဲ့ဆွေးနွေးချက်မှာလည်း ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့က တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တွင် လွှတ်တော်တာဝန်ဖြင့် လေ့လာခွင့် ရခဲ့စဉ်က လေ့လာသိရှိမှုအပေါ်အခြေခံပြီး တိုင်းရင်းသားဒေသမှာ အဘက်ဘက်ကဆောင်ရွက်ပေး နေပုံနှင့် ရလဒ်ကောင်းရရှိနေပုံတို့ကို ဥပမာပေးပြီး အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point ဖြင့် ဆက်လက်တင်ပြခွင့်ပြုပါရှင်။ မြန်မာနိုင်ငံနှင့် ကပ်လျက်တည်ရှိနေ သော တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့ရဲ့ အကျယ်အဝန်း၊ ဖွဲ့စည်းပုံနဲ့ လူဦးရေတွေကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ အကျယ်အဝန်းကွာခြားပေမဲ့ လူဦးရေကွာခြားချက်ကတော့ အနည်းငယ် သာရှိကြောင်း တွေ့မြင်နိုင်ပါတယ်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားရှစ်မျိုးနဲ့ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးရှိပြီး အများစုမှာ ပြည်နယ်ဒေသများတွင်နေထိုင်ကြပြီး ဝေးလံသည့်တိုင်းရင်းသားကျေးရွာ အများစုမှာ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးမှုနောက်ကျနေဆဲဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်သည် တိုင်းရင်းသား ၂၅ မျိုးနေထိုင်ပြီး တစ်နိုင်ငံလုံးတွင် တိုင်းရင်းသားအများဆုံး နေထိုင်ရာ ပြည်နယ်ကြီးလည်းဖြစ်ပါတယ်။ တိုင်းရင်းသားအများ စုပေါင်းနေထိုင်ရာ မြန်မာနိုင်ငံနဲ့ ယူနန်ပြည်နယ်တို့ရဲ့ နောက်ခံသမိုင်းကြောင်းနဲ့ လက်ရှိအခြေအနေအချို့ကို ဖော်ပြထားခြင်းဖြစ်ပါ တယ်။ လွတ်မြောက်တဲ့အချိန်တွေမကွာပေမဲ့ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကတော့ များစွာကွာခြားလျက်ရှိကြောင်း တွေ့ရှိနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အထက်ပါနိုင်းယှဉ်တင်ပြချက်များဟာ သုံးသပ်တင်ပြလို၍ ဖြစ်ပါတယ်။ ယူနန် ပြည်နယ်မှာ ဘာကြောင့်ယခုကဲ့သို့ တိုးတက်နေရသလဲလို့ လေ့လာတဲ့အခါမှာ အောက်ပါအချက်များ ကို တွေ့ရှိရပါတယ်။ အဆိုပါယူနန်ပြည်နယ်မှာ တိုင်းရင်းသားအရေးနဲ့ပတ်သက်ရင် အုပ်ချုပ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတို့တွင် ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ရရှိကြပြီး စည်းမျဉ်းများကလည်း ချမှတ်လို့ရ ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို စံပြဖြစ်ရန်နဲ့ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည် များကို ဆောင်ရွက်ပေးခြင်းများလည်းရှိကြောင်း သိရှိရပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက် ပေးရာမှာတော့ တိုင်းရင်းသားဒေသအတွက် ဘတ်ဂျက်ပိုချပေးကြောင်း၊ ရထားလမ်း၊ ကားလမ်း၊ လေယာဉ်ကွင်းစတဲ့ အခြေခံအဆောက်အဦတွေဖွံ့ဖြိုးမှုအတွက် ဦးစားပေးတဲ့မူဝါဒရှိကြောင်းနဲ့ စီးပွားရေးဖွံ့ဖြိုးမှုကိုသာ အလေးထားကြောင်းလည်း လေ့လာသိရှိရပါတယ်။ ပညာရေးအတွက်ဆိုရင် လည်း တိုင်းရင်းသားဒေသတွေမှာ အခမဲ့ပညာရေးစနစ်များရှိပြီး တက္ကသိုလ်ဝင်အမှတ်များတွင်လည်း သီးခြားသတ်မှတ်ချက်ရှိကြောင်း၊ တိုင်းရင်းသားဝန်ထမ်းများ ပြုစုပျိုးထောင်ပေးကြောင်း၊ တိုင်းရင်းသားလူမျိုးတိုင်းတွင် အနည်းဆုံး ညွှန်ကြားရေးမှူးချုပ်တစ်ဦးစီရှိကြောင်း၊ အဆင့်မြင့်

လူနည်းစုတိုင်းရင်းသားဝန်ထမ်းကျွမ်းကျင်သူ တစ်သိန်းသုံးသောင်းရှိသလို လူမှုဖူလုံရေးတွင်လည်း တန်ဖိုးနည်းအိမ်ရာများကို တိုင်းရင်းသားဒေသတွေမှာ ဦးစားပေးထားတယ်လို့ လေ့လာသိရှိခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အထက်ပါကဲ့သို့ အဘက်ဘက်ကဆောင်ရွက်ပေးနေခြင်းကြောင့် ယူနန်ပြည်နယ်မှာနေထိုင်တဲ့ တိုင်းရင်းသားများမှာ ငြိမ်းချမ်းစွာနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆီကိုသာ ဦးတည်နေတယ်လို့ သုံးသပ်နိုင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ တိုင်းရင်းသားဒေသတွေအတွက်လည်း ပြည်နယ်နဲ့တိုင်းဒေသကြီး၊ တောင်ပေါ်နဲ့မြေပြန့်၊ မြို့ပြနဲ့ကျေးလက် စတဲ့ဖွံ့ဖြိုးမှုကွာခြားချက်များမရှိအောင် စီမံချက်တွေချမှတ်ဆောင်ရွက်ရာမှာ Equality လို့ဆိုတဲ့ အညီအမျှပေးရုံလောက်သာမက Equity ဆိုတဲ့ သာတူညီမျှဖြစ်အောင် ဆောင်ရွက်ပေးဖို့လိုအပ်တယ်လို့လည်း အကြံပြုလိုပါတယ်။ ဆိုလိုတာက တိုင်းရင်းသားဒေသတွေမှာ လိုအပ်ချက်ပေါ်မူတည်ပြီး ဆောင်ရွက်ပေးနိုင်ဖို့ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ယခုအဆိုရဲ့အရေးပါပုံကို နောက်ဆုံးတင်ပြလိုပါတယ်။ ယနေ့အချိန်ဟာ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး အောင်မြင်စွာတည်ဆောက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီရည်မှန်းချက်အောင်မြင်ဖို့ဆိုရင် တိုင်းရင်းသားအရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဟာ တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေတာမို့ ပြည်တွင်းငြိမ်းချမ်းရေးရဖို့ဆိုရင် ပဋိပက္ခမရှိဖို့ လိုအပ်ပါတယ်။ ပဋိပက္ခမရှိရန်မှာလည်း ကျေနပ်မှုရှိဖို့လိုအပ်တာကြောင့် မျှတမှုကို အခြေခံတဲ့ ကျေနပ်မှုများရရှိအောင် ဆောင်ရွက်ပေးဖို့လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှ တိုင်းရင်းသားလူနည်းစုများအတွက် အမှန်တကယ်လိုအပ်ချက်ဖြစ်သော ယခုအဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်နိုင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခွဲခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၂း၃၀ အချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီ ၄၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၄း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ကိုဆက်လက်ဆောင်ရွက်ပါမယ်။ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုးက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါ။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်နန်းမိုးမှ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ တင်သွင်း သွားသည့်အဆိုဖြစ်သည့် ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော ကျေးလက် ဒေသများတွင်နေထိုင်သည့် တိုင်းရင်းသားများဘဝတိုးတက်မြင့်မားလာစေရေးအတွက် စီမံချက်ရေးဆွဲ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်ရဲ့မှန်ကန်တဲ့စေတနာဖြင့် အဆိုကိုတင်သွင်းရခြင်း၏ ရည်ရွယ်ချက်လေးခုဖြစ်သည့် (၁)တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာလာစေရန်၊ (၂) မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ကွာဟမှု ကျဉ်းမြောင်းလာစေရန်၊ (၃) ကျေးလက်ဒေသနှင့် တိုင်းရင်းသားများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်၊ (၄) နိုင်ငံတော်တည်ငြိမ်အေးချမ်း သာယာရေးအတွက် ကျေးလက်နေပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ချက်ဖြင့် တင်သွင်းထားကြောင်း တွေ့ရပါတယ်။ ၎င်းအဆိုကိုလေ့လာကြည့်မယ်ဆိုလို့ရှိရင် တာဝန်အရှိဆုံးဝန်ကြီးဌာနနှစ်ခုမှာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာန သည် တာဝန်အရှိဆုံးဝန်ကြီးဌာနဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နယ်စပ်ရေးရာဝန်ကြီးဌာနကို ၁၉၉၂ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ နေ့စွဲပါရုံးအမှတ် အမိန့်အမှတ်စဉ်(၁၇/၉၂)တွင် ရည်မှန်းချက်(၇)ချက်ဖြစ်တဲ့ နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံ များ တည်ဆောက်ပေးခြင်းဖြင့် တိုင်းရင်းသားလူမျိုးများ၏လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးတမ်းစဉ်လာတို့ကို မြတ်နိုးစွာထိန်းသိမ်းနိုင် စေရန်၊ နယ်စပ်ဒေသများတွင် ဘာသာ၊ သာသနာထွန်းကားပြန့်ပွားစေရန်၊ တိုင်းရင်းသားလူငယ်များ၏ ဘဝနောင်ရေးအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးရန်၊ တိုင်းရင်းသားလူငယ်များ၏ မိမိဒေသ၏ဖွံ့ဖြိုးရေးတာဝန်ကို အသိစိတ်ဓာတ်ဖြင့် ထမ်းဆောင်စေရန်အတွက် ကောင်းမွန်တဲ့စေတနာဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဆိုရှင်နှင့် ဝန်ကြီးဌာနတို့၏ရည်ရွယ်ချက်သည် ကောင်းမွန်သော်လည်း ဘဏ္ဍာရေးခွဲဝေသုံးစွဲသည့် မူဝါဒတွေ၊ လူဦးရေအိမ်ခြေများကို အခြေခံပြီး စီမံခန့်ခွဲသဖြင့် ကျေးလက်ဒေသများ၏ဖွံ့ဖြိုးတိုးတက်မှု များသည် နောက်ကျသည်ထက်နောက်ကျပြီး မြို့ပြများမှာဖြင့် ဖွံ့ဖြိုးမှုပိုမိုမြင့်တက်လာမှာဖြစ်ပြီး နောက်ဆုံးတွင် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်သောမြို့ပြနှင့် ဖွံ့ဖြိုးမှုအင်မတန်နောက်ကျသော ကျေးလက်ဒေသဟူ၍ အမျိုးအစားနှစ်ခု ပေါ်ပေါက်လာနေပြီဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေး စသည့် မြို့ပြများ ဖွံ့ဖြိုးတိုးတက်ခေတ်မီပြည့်စုံရုံဖြင့် နိုင်ငံကြီးဖွံ့ဖြိုးတိုးတက်လာမှာ မဟုတ်ပါဘူး။ ကျန်တဲ့ ကျေးလက်ဒေသ ၇၀ ရာခိုင်နှုန်း ဖွံ့ဖြိုးတိုးတက်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ ထို့ကြောင့် ဘဏ္ဍာရေးခွဲဝေမှုဆိုင်ရာများအားလုံး ပြန်လည်သုံးသပ်ပြင်ဆင်ရန် အထူးလိုအပ်လှပါ တယ်။ ထို့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာန၏လုပ်ငန်းစဉ်များ(၁၈)ချက်ထဲတွင်လည်း တိုင်းရင်းသား

များ၊ ဒေသများ လျှပ်စစ်မီးရရှိရေးဆိုသည့်အချက်ပါရှိပါသည်။ သို့သော် ဝန်ကြီးဌာနဖွဲ့စည်းခဲ့သည့်နေ့မှစ၍ သက်တမ်း ၂၆ နှစ်ရှိခဲ့ပြီဖြစ်သော်လည်း ကျွန်မရဲ့မြို့နယ်မှာဆိုလို့ရှိရင် ၁၄၅ ရွာမှာ ကျေးလက်မီး နှစ်ရွာသာရရှိပါတယ်။ ထို့အပြင် နယ်စပ်ဒေသရှိ တိုင်းရင်းသားများကို စက်မှုလက်မှုပညာရပ်များသင်ကြားပေးခြင်းဖြင့် ဒေသတွင်ကျွမ်းကျင်လုပ်သားများဖြစ်ထွန်းလာစေပြီး အသေးစားထုတ်ကုန်များနှင့် အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးမည်ဆိုတဲ့အချက်လည်း ပါရှိတာတွေ့ရှိရပါတယ်။ မြန်မာတစ်နိုင်ငံလုံး မဖြစ်မနေသောက်သုံးနေတဲ့လက်ဖက်ရည်သည် ပလောင်ဒေသတစ်ခုတည်းသာ ထွက်ရှိပါတယ်။ သို့သော် ဝန်ကြီးဌာနသည်ကြီးမားသည့် ရည်ရွယ်ချက်ရှိသော်လည်း အမှန်တကယ် လက်တွေ့အကောင်အထည် မဖော်နိုင်သေးတဲ့အတွက်ကြောင့် ယခုအချိန်ထိ ပလောင်တိုင်းရင်းသားများသည် နယ်မြေအေးချမ်းမှုမရှိခြင်းကြောင့်လည်းကောင်း၊ နည်းပညာတိုးတက်လာခြင်းမရှိခြင်းကြောင့်လည်းကောင်း လက်ရှိအချိန်ထိ လုံးပါးပါးဆဲ ဖြစ်နေပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို တာဝန်အရှိဆုံးဝန်ကြီးဌာနနှစ်ခုဖြစ်သည့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနများကို မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် ကျေးလက်ဒေသများကို လာရောက်လေ့လာစေလိုပါတယ်။ လာရောက်ရန်အတွက်လည်း ဖိတ်ခေါ်ပါတယ်။

နိဂုံးချုပ်အနေဖြင့်အကြံပြုလိုတာကတော့ ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ငြိမ်ဝပ်ပိပြားရေးလက်ထက်တွင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနမရှိသည့်အတွက်ကြောင့်မို့လို့ တိုင်းရင်းသားဒေသများ၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုလက်ရှိအချိန်တွင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနဖွဲ့စည်းပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ တိုင်းရင်းသားဒေသနှင့် သက်ဆိုင်သောဌာနခွဲများကို တိုင်းရင်းသားရေးရာဝန်ကြီးဌာနသို့လွှဲပြောင်းပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ မဲဆန္ဒနယ်မှ ဦးကျော်ကြီး (ခ) ဦးအုန်းခင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်ကြီး(ခ)ဦးအုန်းခင်(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ) ဦးအုန်းခင် ဖြစ်ပါတယ်။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ အဆိုရှင်ဟာ ဝေးလံခေါင်ဖျားတဲ့ နယ်စပ်ဒေသမှ တိုင်းရင်းသားညီအစ်ကိုတစ်ဦးဖြစ်ပါတယ်။ သူတို့ရဲ့ဘဝ၊ သူတို့ရဲ့အခြေအနေ၊ သူတို့ရဲ့ အခက်အခဲတွေနဲ့အတူ အခြားသောတိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝမြင့်မားလာစေဖို့ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်စေဖို့ မြို့ပြ၊ ကျေးလက်ဖွံ့ဖြိုးမှုတန်းတူဖြစ်စေဖို့၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်စေဖို့ စတဲ့ရည်ရွယ်ချက်ကောင်းများ၊ စေတနာကောင်းများနဲ့ ယခုအဆိုကိုတင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ အင်မတန်လက်တွေ့ကျတဲ့အဆိုတစ်ခုဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ရည်မှန်းချက်လည်းဖြစ်၊ ပြည်သူတစ်ရပ်လုံးရဲ့လိုအင်ဆန္ဒလည်းဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု အောင်မြင်စွာပေါ်ထွန်းလာစေရေးအတွက်ဆိုရင် တိုင်းရင်းသားများရဲ့ဘဝဖွံ့ဖြိုးလာစေဖို့ အဓိကထားဆောင်ရွက်ရမှာဖြစ်ပါတယ်။

အဲဒီလို ဖွံ့ဖြိုးတိုးတက်လာစေဖို့ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး စတဲ့ အခြေခံ အဆောက်အအုံ တွေကောင်းမွန်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တောင်ပေါ်၊ မြေပြန့် ဖွံ့ဖြိုးမှုကွာခြားနေရင် ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုတွေကြားမှာ အမြင်မကြည်လင်မှုတွေ ဖြစ်စေပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းပန်း ဆက်သွယ်ရေးကောင်းဖို့ အင်မတန်အရေးကြီးဆုံးဖြစ်တယ်လို့ ထင်မြင်မိပါတယ်။ လမ်းပန်း ဆက်သွယ်ရေးကောင်းရင် ကျန်းမာရေး၊ ပညာရေးနှင့် တခြားကဏ္ဍတွေဟာ ကျွဲကူးရေပါဆိုသလို ဖွံ့ဖြိုးလာမယ်လို့လည်း ယုံကြည်ပါတယ်။ ဝေးလံခေါင်ဖျားတဲ့နေစပ်ဒေသတိုင်းရင်းသားတွေ၊ ကျေးလက်တွေဖွံ့ဖြိုးဖို့အတွက် နိုင်ငံတော်မှ ဝန်ကြီးဌာနနှစ်ခုဖြင့် ဆောင်ရွက်နေကြောင်း တွေ့ရပါ တယ်။ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့ဖြစ်ပါတယ်။ ဒီဝန်ကြီးဌာနတွေ ဟာ ယခုထက် အရှိန်အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်သင့်တယ်လို့လည်း မြင်မိပါတယ်။ ပထဝီဝင် အနေအထားအရ တောတောင်ထူထပ်တဲ့ဒေသတွေမှာ ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် ရရှိလာမယ့်အကျိုး ရလဒ်မမျှတသော်လည်း ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှု စတဲ့အကျိုးကျေးဇူးများ ရရှိနိုင်တဲ့အပြင် ရေရှည်မှာစီးပွားရေးအကျိုး အမြတ်များထွက်ပေါ်လာနိုင်ပါတယ်။ ဪ ငါတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေပါလား။ တစ်စိတ်တည်း၊ တစ်ဝမ်းတည်းပါလားဆိုတဲ့ နိုင်ငံရေး အကျိုးရလဒ်ကောင်းများရရှိလာနိုင်မှာဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံတော်မှဘတ်ဂျက်ကို တခြားတိုင်း တွေထက် နိမ့်ကျတဲ့ပြည်နယ်တွေ၊ ဒေသတွေကို ဦးစားပေးပြီး ပိုမိုချပေးဖို့လိုမယ်လို့ ထင်ပါတယ်။ သို့သော်လည်း အခုလိုချပေးတဲ့ဘတ်ဂျက်တွေ၊ ပြည်သူ့ငွေတွေကို ထိထိရောက်ရောက်အကျိုးရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးရှိဖို့ လိုအပ်ပါတယ်။ ဖျက်ဆီးမှုတွေမရှိဖို့ လိုပါတယ်။ ခွင့်တူညီမျှဝါဒ ဖြူစင်တဲ့မြေဖြစ်ဖို့ လိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခေါင်သီသော တိုင်းရင်းသား ပြည်သူများ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အရေးကြီးဆုံးလိုအပ်ချက်က ငြိမ်းချမ်းရေးပဲဖြစ်ပါတယ်ခင်ဗျား။ တိုင်းရင်းသားနယ်မြေတွေမှာ လက်နက်ကိုင်ပဋိပက္ခတွေရှိနေသရွေ့ ဖွံ့ဖြိုးတိုးတက်မှုတွေ နောက်ကျ နေဦးမှာအမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်ပြီး ပြည်ထောင်စု (၂၁)ရာစုပင်လုံငြိမ်းချမ်းရေးဆွေးနွေးပွဲများ အားသွန်ခွန်စိုက် မလျှော့သောဇွဲဖြင့် ငြိမ်းချမ်းရေးရရှိ အောင် ဆောင်ရွက်နေတာကိုလည်း တွေ့မြင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကိုပြန်ကြည့်ရင် ငြိမ်းချမ်းရေးပျက်ပြားပြီး အဖွဲ့အစည်းများအကွဲအပြဲကြောင့် တိုင်းပြည်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက် ရေးနောက်ကျခဲ့ရကြောင်း တွေ့ရမှာဖြစ်ပါတယ်။ အကျိုးဆက်တွေ ယနေ့အထိ ရှိနေသေးတာဖြစ်ပါ တယ်။ ဒါကြောင့် သမိုင်းကအမှားတွေကို သင်ခန်းစာယူနိုင်ကြရပါမယ်။ သေချာတာကတော့ တိုင်းရင်းသားအားလုံး၊ ပြည်သူအားလုံး ငြိမ်းချမ်းရေးလိုချင်နေကြပါတယ်။ ဒါကြောင့် လက်နက်ကိုင် အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းရေးစိတ်ဓာတ်ဖြင့် တိုင်းပြည်ရဲ့အနာဂတ်ကို အလှဆင်ကြဖို့ တိုက်တွန်း လိုပါတယ်။ လက်နက်ကိုင်ပဋိပက္ခများ၊ တိုက်ပွဲများ၊ သေနတ်သံများရပ်တန့်ဖို့ အချိန်တန်နေပါပြီ။ ပြည်သူအားလုံး၊ တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးအသံ ပြိုင်တူထွက်ပေးကြပါ။ ငြိမ်းချမ်းရေးလှုပ်ရှားမှု များ အားသွန်ခွန်စိုက်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်မှ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်မယ်။ ဖွဲ့စည်းပုံပြင်ဆင်နိုင်မှ ဒီမိုကရေစီဖက်ဒရယ်

စနစ်အောင်မြင်မယ်။ ဒီမိုကရေစီစနစ်အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ရင်တော့ တိုင်းရင်းသားဒေသနယ်မြေတွေအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တင်ပြရင်း ကျွန်တော့်ရဲ့ဆွေးနွေးချက်ကို နိဂုံးချုပ်လိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံး ဖြစ်ပါတယ်။ အဆိုရှင် ဦးအာမိုးဆီရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်က မြို့ပြနှင့် ဝေးလံခေါင်ဖျားဒေသကျေးရွာများကြားမှာ ဖွံ့ဖြိုးတိုးတက်မှုကွာဟကြီးမားနေတာကို လျှော့ချနိုင်အောင် ဝေးလံခေါင်ဖျားဒေသများကို အထူးစီမံကိန်းချဆောင်ရွက်ပေးစေလိုတဲ့ ရည်ရွယ်ချက်ကောင်းကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းအတွက် ဝန်ကြီးဌာနများအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းလမ်းစဉ် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများ ဖော်ပြထားကြရာမှာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသများသတ်မှတ်ဆောင်ရွက်ခြင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း၊ လမ်း၊ တံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်ရရှိရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများကို နှစ်အလိုက်စီမံကိန်းချ၍ ဆောင်ရွက်သွားမည်လို့ ဖော်ပြထားပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ မူဝါဒ၊ ရည်မှန်းချက်မှာတော့ ဝေးလံခက်ခဲဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာတော့ ကျောင်းသားများကို ဒေသလိုအပ်ချက်နှင့်အညီ တက္ကသိုလ်အလိုက် သီးခြားစဉ်းစား၍ ဝင်ခွင့်ပြုမည်လို့ ဖော်ပြထားပါတယ်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကျေးလက်နယ်စပ်ဒေသများတွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှု နည်းလမ်းဖြင့်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြင့်၊ လွှမ်းခြုံမှုကိုမြှင့်တင်ပြီး ဆောင်ရွက်ပေးမယ်လို့ ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ချမှတ်ထားတဲ့ မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ ဝန်ကြီးဌာနအသီးသီးက တိုင်းရင်းသားဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ဖို့အင်မတန်အရေးကြီးပါတယ်။ တိုင်းရင်းသားဒေသများ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေတဲ့နယ်ခြားထိစပ်ဒေသများမှာ အဖိုးတန်သစ်အပါအဝင် ကျောက်မျက်ရတနာများ၊ သတ္တုစတဲ့ တွင်းထွက်များအပြင် သဘာဝမြေဆီဩဇာကြွယ်ဝတဲ့ မြေယာများနှင့် မြေလွတ်၊ မြေရိုင်း၊ ပလပ်မြေစသည်ဖြင့် သဘာဝသယံဇာတ ပေါကြွယ်လှပါတယ်။ ဒီလိုကြွယ်ဝတာနှင့်အညီ ခံစားခွင့်လည်း ဆင်းရဲနည်းပါးလှပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီတိုင်းရင်းသားဒေသတွေမှာရှိတဲ့ သယံဇာတများ၊ ထုတ်ယူခြင်းမှရရှိတဲ့ ဝင်ငွေများဟာ အမှန်တကယ်ဆိုရင် အဲဒီဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးအရင်းအနှီးများပဲဖြစ်ပါတယ်။ ဒီအရင်းအနှီးများအပြင် လုံလောက်တဲ့နည်းပညာထောက်ပံ့မှု၊ ဈေးကွက်ဖန်တီးမှုများကို စီမံကိန်းများချပြီး စနစ်တကျနှင့်လုပ်ဆောင်ပြီး တိုင်းရင်းသားများအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး

ပြုလုပ်သင့်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ တိုင်းရင်းသားဒေသများနှင့် နယ်ခြားထိစပ်ဒေသများမှာ တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးမှုများရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုလုပ်ကြရာမှာ တွေ့ကြုံရမည့် အခက်အခဲနှင့်စိန်ခေါ်မှုတွေများစွာထဲမှာ အရေးကြီးဆုံးနှင့် အဓိကကျတဲ့ စိန်ခေါ်မှုကတော့ ၁၀ စုနှစ်ကြာဖြစ်နေတဲ့လက်နက်ကိုင် ပဋိပက္ခများနှင့် ဖြေရှင်းရခက်ခဲတဲ့ နိုင်ငံရေးပဋိပက္ခများပဲ ဖြစ်ပါတယ်။ ဒီလိုတည်ငြိမ်အေးချမ်းမှုနည်းတဲ့ဒေသတွေမှာ အဖိုးတန်သစ်များစွာကို တရားမဝင်၊ စာရင်းဇယားမရှိခုတ်လှဲသယ်ယူရောင်းချခြင်းများနှင့် တိုင်းရင်းသားတွေရဲ့မြေယာများ၊ မြေလွတ်၊ မြေရိုင်းများကိုအိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်ပြီး နာမည်ငှား၊ မြေငှားနှင့် နည်းပညာများသုံး၍ ကြံ၊ ရော်ဘာ၊ ငှက်ပျောစသည်ဖြင့် သီးနှံများကို ဧကသိန်းသောင်းချီ စိုက်ပျိုးအမြတ်ထုတ်နေချိန်မှာ ကျွန်မတို့တိုင်းရင်းသားတွေမှာ မြေရှင်ဘဝမှ နေ့စားအလုပ်သမားများဘဝ ရောက်ရှိအသက်မွေးနေကြတာ ၁၀ စုနှစ်မက ကြာပြီဖြစ်ပါတယ်။ အင်မတန်မှစိတ်မကောင်းစရာဖြစ်ပါတယ်။ ဒီလိုအဖြစ်တွေကို နိုင်ငံတော်အစိုးရမှ စနစ်တကျဆောင်ရွက်ဖြေရှင်းသင့်ပါတယ်။ နိဂုံးချုပ်အနေနဲ့ အထက်ပါစိန်ခေါ်မှုများ၊ အခက်အခဲအတားအဆီးများ လျော့နည်းပပျောက်စေပြီး တိုင်းရင်းသားဒေသများအပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အစိုးရဦးဆောင်ပြီး လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားမောင်နှမများ အတူလက်တွဲဖော်ဆောင်နေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးလမ်းစဉ်ကြီး အမြန်ဖြစ်ထွန်းအောင်မြင်နိုင်ပါစေကြောင်း ဆန္ဒပြုရင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်က ဦးမောင်မြင့်ဖြစ်ပြီး ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ ပြည်ထောင်စုနိုင်ငံဖြစ်တဲ့အလျောက် တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ခုနဲ့ နေပြည်တော်ကောင်စီတို့နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စုဖွဲ့ထားတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ တိုင်းရင်းသားတွေက ၁၃၅ မျိုးအထိများ၊ ဘာသာစကားတွေကလည်း ကွဲပြား၊ ကိုးကွယ်တဲ့ဘာသာတွေကလည်းမတူ၊ လမ်းပန်းဆက်သွယ်ရေးကလည်း ခက်ခဲတဲ့အတွက် ပြည်ထောင်စုကြီးအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားတွေကြားမှာ စိတ်ဝမ်းကွဲပြားမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

နိုင်ငံကကျယ်ဝန်းပြီးတော့မှ တောတောင်ထူထပ်တယ်။ မြစ်ချောင်းတွေပေါများတယ်။ လူနေပြန့်ကျဲပါတယ်။ ဒါကြောင့် တိုင်းရင်းသာတွေဆီကိုအရောက်သွားဖို့ဆိုတာ လမ်းပန်းဆက်သွယ်ရေးက အင်မတန်အရေးကြီးပါတယ်။ လမ်းမကောင်းတော့ ကူးလူးဆက်ဆံမှုနည်းပြီး စိတ်ဝမ်းကွဲပြားမှုတွေလည်းဖြစ်ပေါ်လာခဲ့ပါတယ်။ ကိုလိုနီခေတ်က တောင်တန်းနဲ့ပြည်မကို သွေးခွဲအုပ်ချုပ်မှုရဲ့သန္ဓေတည်မှုကြောင့် လွတ်လပ်ရေးမရခင်ကစတင်ခဲ့တဲ့ ပြည်တွင်းသောင်းကျန်းမှုဟာ ၁၉၉၂ ခုနှစ်လောက်ထိ နိုင်ငံကိုယမ်းငွေ့တွေဝေစေခဲ့ပါတယ်။

တပ်မတော်အစိုးရလက်ထက်မှာ လက်နက်ကိုင်အဖွဲ့တွေက ပုံစံအမျိုးမျိုးနဲ့ ငြိမ်းချမ်းရေး ယူခဲ့ပြီးနောက် သေနက်သံတိတ်လာတဲ့နယ်စွန်နယ်ဖျားတွေကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက် ရမယ်ဆိုတဲ့ဆုံးဖြတ်ချက်တွေနဲ့ န.တ.လ ဝန်ကြီးဌာနကို တည်ထောင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ အခါ အခွင့်သင့်လို့တင်ပြရရင်တော့ န.ဝ.တ အစိုးရလက်ထက်က န.ဝ.တ ရဲ့ ၂၅-၉-၁၉၈၉ ခုနှစ် ရက်စွဲပါ စာနဲ့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟို ကော်မတီဆိုတာကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ နယ်စပ်ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် တွေက ငြိမ်းချမ်းရေးယူလာကြတဲ့အတွက် လုပ်ငန်းများပိုမိုကျယ်ပြန့်လာပြီးတော့မှ ၂၄-၉-၁၉၉၂ ရက်နေ့ ရက်စွဲပါစာနဲ့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနလို့ ဖွဲ့စည်းပေးခဲ့ပြီး ယခုတော့ နယ်စပ်ရေးရာဝန်ကြီးဌာနဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့ မူဝါဒလေးရပ်က အင်မတန်ရှင်းလင်းပြီးတော့မှ နယ်စပ်နဲ့တိုင်းရင်းသားအရေးကို ဘယ်လောက်ထိအလေးထားတယ် ဆိုတာ သိသာထင်ရှားပါတယ်။ မူဝါဒလေးရပ်ကတော့ (၁) နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ (၂) နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ (၃)နယ်စပ်ဒေသတွင်နေထိုင်ကြသော တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် (၄)နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးတို့ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ရရှိတဲ့ဘတ်ဂျက် အပေါ်မှာ ခွဲဝေသုံးစွဲပြီး နယ်စပ်ဒေသက သွေးချင်းတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေပေမဲ့ အားနည်းတဲ့ဒေသတွေက လူနေမှုဘဝကိုမြင်တွေ့ရတာ အင်မတန်မှသနားစရာကောင်းလှပါတယ်။ ဒါ ကျွန်တော်တို့မင်းကင်းမြို့နယ်မှာရှိတဲ့ ပျားနဲ့ဇနပုတ္တဆိုတဲ့ရွာက လူတွေသွားလာနေကြတဲ့ ခရီးလမ်း ကိုတင်ပြတာဖြစ်ပါတယ်။

မြို့ပြတွေမှာ ရေ၊ မီး၊ လမ်း၊ ကျောင်း၊ ဆေးရုံစသည်ဖြင့် အဘက်ဘက်ကပြည့်စုံနေသလိုမျိုး Remote Area တွေကိုဖြည့်ဆည်းပေးရမှာက အစိုးရရဲ့တာဝန်ပါပဲ။ ကမ္ဘာကိုလည်းကြည့်ပါ။ ဒေသ တွင်းကိုလည်း မေ့မထားပါနဲ့။ ဒါပေမဲ့ အိမ်နီးချင်းငါးနိုင်ငံကိုတော့ မျက်ခြေပြတ်လို့မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့နယ်စပ်ဒေသတွေက အိမ်နီးချင်းငါးနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ် နေတာ ဖြစ်ပါတယ်။ သူတို့ဘက်မှာ နိုင်လွန်ကတ္တရာလမ်းတွေ၊ လျှပ်စစ်မီးတွေ ထိန်ထိန်ညီးနေတဲ့ အချိန်မှာ လှမ်းကြည့်ရင်မြင်နိုင်တဲ့ကျွန်တော်တို့ဘက်မှာတော့ ကျောက်ကြမ်းလမ်းနှင့် ဖယောင်းတိုင်မီး တောင်မမှန်တော့ တိုင်းရင်းသားတွေက ပြည်ထောင်စုကိုအပြစ်တင်တာမဆန်းပါဘူး။ ကျွန်တော်ပြောရဲပါ တယ်။ အဘက်ဘက်ကသာလိုအပ်ချက်တွေရှိနေတဲ့ နယ်စွန်နယ်ဖျားတွေမှာ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာမယ်ဆိုလို့ရှိရင် မင်းတို့လက်နက်ကိုင်ပါဦးဆိုတာတောင်မှ သူတို့လက်နက်ကိုင်လိုစိတ်မရှိ တော့ပါဘူး။ Remote Area တိုးတက်စေဖို့အတွက်ဆိုရင် အခြေခံအကျဆုံးကတော့ လမ်းပန်း ဆက်သွယ်ရေးနဲ့ တယ်လီဖုန်းဆက်သွယ်ရေးပဲဖြစ်ပါတယ်။ ဒါတွေကို အကောင်အထည်ဖော်မယ်ဆိုလို့ ရှိရင်တော့ ကူးလူးဆက်ဆံမှုကောင်းလာမယ်။ ကူးလူးဆက်ဆံမှုမလုပ်နိုင်ဘူးဆိုရင်တော့ စိတ်ဝမ်းတွေ ကွဲလာမယ်။ သံသယဝင်မယ်။ အခြားတစ်ဖက်မှာလည်း ဒေသထွက်ကုန်တွေကို ဈေးကွက်ကိုပို့ဖို့ မလွယ်ကူသလို ဒေသလိုအပ်ချက်ကို ဈေးကွက်ကနေသယ်ယူဖို့ဆိုတာကလည်း မလွယ်ကူလှပါဘူး။ လမ်းကောင်းရင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကတစ်ဆက်တည်းမြင့်တက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံဆင်းရဲ၊ ဘတ်ဂျက်ကနည်းတဲ့ကြားက နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ကို

မြှင့်တင်ပေးဖို့လိုပါတယ်။ ဝန်ကြီးဌာနအနေနဲ့လည်း နယ်စပ်ဒေသရဲ့လိုအပ်ချက်တွေကို ပြည့်မီအောင် ကြည့်ရှုပြီးတော့မှ တိုင်းရင်းသားတွေရဲ့လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ပါစေ။ လူနေရင်လမ်းရှိရမယ် ဆိုတဲ့ Policy မျိုးနဲ့အတူ ဥပမာအားဖြင့် ၂၀၂၅ ခုနှစ်မှာ နယ်စပ်ဒေသတွေအားလုံး ကျောက်ချောလမ်း ဖြစ်ရမယ်ဆိုတဲ့စီမံချက်မျိုး ချမှတ်ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ အကောင်းဆုံးဖြစ်မှာပဲ။ သွေးချင်း တွေရဲ့လူမှုစီးပွားဘဝတွေ အမြန်တိုးတက်အောင် ယခင်ကထက် အလေးထားဆောင်ရွက်နိုင်ကြပါ စေလို့ တင်ပြရင်းနဲ့ ဦးအာမိုးဆီရဲ့အဆိုကိုထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးလွင်မောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးလွင်မောင်စိုး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဗိုလ်မှူးလွင်မောင်စိုး ဖြစ်ပါတယ်။ ဦးအာမိုးဆီရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ MOPF နှင့် ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှု လေ့လာစိစစ်ချက်အရ ဆင်းရဲနွမ်းပါးသူဦးရေ ၁၅.၈ သန်းရှိတဲ့အနက် ကျေးလက်ဒေသတွေမှာ ၁၃.၈ သန်းရှိပြီး ၂၂ ရာခိုင်နှုန်းကတော့ တောင်တန်းဒေသတွေမှာ နေထိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း(၂၀၁၇ ခုနှစ်)အရ ကျေးလက်နေအိမ်ထောင်စုများရဲ့ ၂၄.၇ ရာခိုင်နှုန်း သာ နိုင်ငံတော်ဓာတ်အားလိုင်းနှင့် ချိတ်ဆက်အသုံးပြုနိုင်ပြီး ၅.၃ ရာခိုင်နှုန်းခန့်သာ သန့်ရှင်းသော သောက်သုံးရေကို ရရှိကြောင်း တွေ့ရှိရပါတယ်။ အလုပ်သမား၊ လူဝင်ကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်တဲ့ အညွှန်းကိန်းများအရ နိုင်ငံလူဦးရေရဲ့ ၄၈.၈ ရာခိုင်နှုန်းဟာ အိမ်ရာချို့တဲ့မှု၊ ၄၈.၅ ရာခိုင်နှုန်းဟာ အိမ်အသုံးဆောင်ပစ္စည်းများချို့တဲ့မှု၊ ၁၂.၁ ရာခိုင်နှုန်းဟာ ကျန်းမာရေးချို့တဲ့မှုနှင့် ၄၁.၂ ရာခိုင်နှုန်းကတော့ အလုပ်အကိုင်ချို့တဲ့မှုတွေကို ရင်ဆိုင်နေရကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ အခြေခံအဆောက်အဦဖြစ်တဲ့ လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆက်သွယ်ရေး၊ စတ်တပ် စတဲ့ အခြေခံဝန်ဆောင်မှုတွေကို ပြည့်ဝ အောင် ဖြည့်ဆည်းပေးမှသာ ဝေးလံတဲ့ဒေသနေပြည်သူများရဲ့လူမှုစီးပွားဘဝ တိုးတက်မှုရှိလာပြီး ဆင်းရဲမှုကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် စာတတ်မြောက်မှုဟာ စီးပွားရေးတိုးတက်မှုနှင့် ဆက်စပ်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းအရ ပြည်သူများရဲ့စာတတ်မြောက်မှုအခြေ အနေကတော့ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ ဝေးလံခေါင်သီဒေသများရဲ့ပညာရေးကဏ္ဍ မြှင့်တင်နိုင် ရေးအတွက် စာသင်ကျောင်း၊ အဆောက်အဦအရေအတွက် တိုးမြှင့်တည်ဆောက်ပေးရုံသာမကပဲ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများအနေနဲ့ အဆိုပါဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်လို စိတ်နည်းပါးနေတာတွေကိုလည်း ကောင်းမွန်စွာအဖြေရှာပြီး ဖြေရှင်းပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံတော် မှ ဝေးလံပြီး ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသများ တိုးတက်စေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး နှစ်(၂၀)စီမံကိန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ ရေးဆွဲထားပြီး မြို့နယ် ၁၁၆ မြို့နယ်မှာ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေတာကို သိရှိရပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး

ဦးစီးဌာနအနေဖြင့်လည်း ကျေးလက်အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းများ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်လုပ်ငန်းများကို မဟာဗျူဟာစီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိနေကြောင်းသိရှိရပါတယ်။ လူထုဗဟိုပြုကျေးရွာ စီမံကိန်း(PDP)လုပ်ငန်းစဉ်ကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ မြို့နယ် ၂၂၄ မြို့နယ်ရှိ ကျေးရွာပေါင်း ၈၉၀၀ ကျော်ကို စီမံချက်များရေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်အနေဖြင့်လည်း ဝေးလံသောဒေသနေပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုဘဝလုံခြုံမှုရှိစေရေးအတွက် ကူညီဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများဘေးအန္တရာယ်ကျရောက်လာပါက လိုအပ်တဲ့အကူအညီနှင့် အကာအကွယ်များကို အချိန်မဆိုင်းဘဲဆောင်ရွက်ပေးခြင်း၊ ပညာရေးမြင့်မားစေရေးအတွက် စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းခြင်းနှင့် စာသင်ကြားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများဆောက်လုပ်ပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအနေဖြင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများစုစုပေါင်း ၄၄ ဦးကို နာဂဒေသမှာရှိတဲ့ မြို့နယ်တိုက်နယ်ဆေးရုံများကို တာဝန်ထမ်းဆောင်စေလျက်ရှိရာ တင်ပြပါကာလအတွင်းမှာ လူနာပေါင်း ၁၇၀၀၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တပ်မတော်အနေဖြင့် နယ်လှည့်ဆေးကုသရေးအစီအမံများရေးဆွဲပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးရွာများအထိ ကွင်းဆင်းကာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် ဝေးလံပြီး လုံခြုံရေးအားနည်းတဲ့ဒေသတွေမှာ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့တိုင်းရင်းသားဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်တဲ့ လမ်းဖောက်လုပ်ရေးလုပ်ငန်းတွေမှာလည်း တပ်မတော်မှ ကူညီဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို နိုင်ငံတော်နှင့်တပ်မတော်မှ ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေသော်လည်း လိုအပ်ချက်များ ရှိနေဆဲပဲ ဖြစ်ပါတယ်။ အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်လိုသလို ဒေသနေတိုင်းရင်းသားပြည်သူများရဲ့စီးပွားရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်နိုင်မှသာလျှင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်မှာပဲ ဖြစ်ပါတယ်။ (၁)အချက်အနေဖြင့် အကြံပြုတင်ပြလိုတာကတော့ စိုက်ပျိုးရေးကဏ္ဍတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းပဲ ဖြစ်ပါတယ်။ ကျေးလက်ဒေသနေပြည်သူအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပါတယ်။ ဒါကြောင့် လည်း နိုင်ငံတော်အနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ဒေသအလိုက်ကိုက်ညီ သည့် စိုက်ပျိုးရေးနည်းပညာများ၊ စိုက်ပျိုးရေးမျိုးစေ့များ ဖြန့်ဝေပေးခြင်း၊ သွင်းအားစုများနှင့်အရင်းအနှီးများ ထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ရရှိအောင်ဖော်ဆောင်ပေးခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်မှ လှေကားထစ်စိုက်ပျိုးရေးစနစ်ကို ဖော်ဆောင်ပေးခြင်းစတာတွေကိုဆောင်ရွက်ပေးရန်လိုအပ်ပါတယ်။ (၂)အချက်အနေဖြင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ တိုးတက်စေရန် ကူညီပေးခြင်းပဲဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းတွေကို အရင်းအနှီးများထောက်ပံ့ပေးခြင်း၊ Value Added နည်းပညာများ ထောက်ပံ့ပေးခြင်းတွေ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ (၃)အချက်အနေဖြင့် ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ပေးခြင်းပဲ ဖြစ်ပါတယ်။ အဆိုပါဒေသတွေမှာ သဘာဝအလှအပများ စိတ်ဝင်စားဖွယ်ရာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝလှပါတယ်။ ဒါကြောင့်

လည်း ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ပေးမယ်ဆိုရင် ဒေသနေပြည်သူတွေရဲ့လူမှုစီးပွားဘဝတွေဟာ မြင့်မားလာမှာပဲ ဖြစ်ပါတယ်။ (၄)အချက်အနေနဲ့ အကြံပြုတင်ပြလိုတာကတော့ လက်ရှိရေးဆွဲလျက်ရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေမှာ အဆိုပါဒေသနေ တိုင်းရင်းသားပြည်သူများအတွက်ပါ လွှမ်းခြုံမှုရှိအောင် ရေးဆွဲရမှာ ဖြစ်ပါတယ်။ (၅)အချက်အနေဖြင့် အထူးတင်ပြလိုတာကတော့ အချို့သောဒေသများ တိုးတက်မှုနောက်ကျရတဲ့ အဓိကအကြောင်းရင်းတစ်ချက်ကတော့ ဒေသတည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုအားနည်းခြင်းများကြောင့်ဖြစ်ပါတယ်။ ဒါကြောင့်လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွေမှာ အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း အကြံပြုလိုပါတယ်။ နိဂုံးချုပ်အားဖြင့် တင်ပြလိုတာကတော့ နိုင်ငံတော်တည်ဆောက်ရေးအခန်းကဏ္ဍမှာ ဝေးလံခက်ခဲတဲ့ဒေသနေ တိုင်းရင်းသားပြည်သူများရဲ့လူမှုစီးပွားဘဝတိုးတက်စေရေးဆောင်ရွက်မှုဟာ တိုင်းရင်းသားညီအစ်ကိုများအကြား ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်စေမှုများ ဖြစ်ပေါ်စေပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အထူးအလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း အကြံပြုဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်(ကျေးသီးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးအားမိုးဆီတင်သွင်းတဲ့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော ကျေးလက်ဒေသများတွင်နေထိုင်သည့် တိုင်းရင်းသားများဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုထဲမှာပါထားတဲ့ ရည်ရွယ်ချက်လေးရပ်အနက် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်း သာယာရေးအတွက် ကျေးလက်နေပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်ဆိုတဲ့ ရည်ရွယ်ချက်အပေါ်မှာ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြထားသလိုပဲ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်နေပြည်သူများ ဖြစ်ကြပြီး ယင်းတို့အနက် အများစုဟာ တိုင်းရင်းသားဒေသများတွေမှာ နေထိုင်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ နှစ်ကာလများစွာ လျစ်လျူရှုခံထားရတဲ့ အကျိုးဆက်ကြောင့် မြို့ပြနဲ့ကျေးလက်ဒေသ တိုးတက်ဖွံ့ဖြိုးမှုကွာဟခြင်းဟာ ယင်းဒေသတွေမှာ ကြီးမားစွာဖြစ်ပေါ်လျက်ရှိပါတယ်။ လွတ်လပ်ရေးရပြီးကတည်းကပင် ထိရောက်တဲ့တိုးတက်ပြောင်းလဲမှုကို မမြင်တွေ့၊ မခံစားရသေးတဲ့ ဒေသတွေလည်း အပါအဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အုပ်ချုပ်သူအစိုးရအဆက်ဆက်က နယ်စပ်ဒေသများရဲ့ ဝေးလံခေါင်ဖျားဒေသများကို ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ပေမဲ့လည်း ယနေ့တိုင် ကျေးလက်နေတိုင်းရင်းသားဒေသများရဲ့ လူမှုဘဝတွေဟာ တိုးတက်ပြောင်းလဲခြင်းမရှိသေးတာကို ဝမ်းနည်းဖွယ် မြင်တွေ့နေရပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ဘဝလုံခြုံမှုကအစ အလုပ်အကိုင်၊ အခွင့်အလမ်းနဲ့ တစ်ဦးချင်းဝင်ငွေအထိ များစွာ

နိမ့်ကျလျက်ရှိနေတာကို သိသာထင်ရှားစွာမြင်တွေ့နေရပါတယ်။ အဲဒီအကျိုးဆက်တွေရဲ့ တွန်းပို့မှုကြောင့် တိုင်းရင်းသားအများစုဟာ အိမ်နီးချင်းနိုင်ငံတွေမှာ မိသားစုစားဝတ်နေရေးအတွက် ရရာအလုပ်လုပ်ကိုင်ဖို့ နေရပ်စွန့်ခွာပြီး ရေကြည်ရာ မြက်နုရာသို့ ထွက်ခွာသွားနေကြတာကိုလည်းပဲ စိတ်မကောင်းစွာနဲ့ မြင်တွေ့နေရပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် ၎င်းနိုင်ငံတွေရဲ့ အစွန်အဖျား ကျေးလက်ဒေသများ၊ ဝေးလံခေါင်ဖျားတဲ့ဒေသများကို တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုရှိအောင် အထူးအလေးပေးပြီး စီမံကိန်းချဆောင်ရွက်ပေးကြတာကို တွေ့မြင်ရပါတယ်။ နိုင်ငံတော်ရဲ့ဘတ်ဂျက်တွေကို အများဆုံးသုံးစွဲပေးပြီး လမ်း၊ တံတားနဲ့ မြို့ပြများကို ချိတ်ဆက်ပေးတဲ့ အဝေးပြေးလမ်းမများကို ကောင်းမွန်အောင်တည်ဆောက်ပေးထားကြပါတယ်။ လျှပ်စစ်မီးတွေရရှိအောင်၊ ဆက်သွယ်ရေးကွန်ရက်တွေ လက်လှမ်းမီအောင်၊ စာသင်ကျောင်း၊ ဆေးရုံစတဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေလည်း လစ်ဟင်းမှုမရှိအောင် စေတနာထားပြီး ဆောင်ရွက်ပေးတာကို မြင်တွေ့နေရပါတယ်။ အိမ်နီးချင်း တရုတ်နိုင်ငံဟာဆိုရင် ဆယ်စုနှစ်လေးစုအတွင်း စီးပွားရေးတိုးတက်လာအောင် လုပ်ဆောင်နိုင်ခဲ့ပြီး ခေတ်မီအင်အားကြီးနိုင်ငံအဖြစ် တည်ဆောက်နိုင်ခဲ့ပါတယ်။ အကျိုးဆက်အနေနဲ့ ပင်လယ်ကမ်းရိုးတန်းနီးတဲ့ ဒေသတွေထက်စာရင် ကုန်းတွင်းပိုင်းနဲ့ နိုင်ငံရဲ့အစွန်အဖျားဒေသတွေဟာ ဖွံ့ဖြိုးတိုးတက်မှုအပိုင်းမှာ နောက်ကျကျန်ရစ်ခဲ့ပါတယ်။ ဒါကို တရုတ်အစိုးရအနေနဲ့ စီမံကိန်းချမှတ်ပြီး အရေးတယူဖြေရှင်းပေးခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ ကျေးလက်ဒေသတွေဟာ နိုင်ငံတော်ရဲ့နှစ်ရှည်လများ လျစ်လျူရှုခြင်းခံရတဲ့ဒဏ်ကြောင့် ဖြစ်သလိုမငြိမ်းချမ်းခြင်းရဲ့ အကြောင်းတရားများနဲ့လည်း ပတ်သက်နေပါတယ်။ ခိုင်မာတဲ့ငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်သေးတဲ့အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများဟာလည်းပဲ ရှင်သန်နိုင်ခြင်းမရှိတာကို တွေ့ရပါတယ်။ ယနေ့မြန်မာနိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံဖြစ်လာဖို့အတွက် ပြည်တွင်းငြိမ်းချမ်းရေးကို မဖြစ်မနေ အကောင်အထည်ဖော်ဖို့လိုအပ်နေပါပြီ။ ရေရှည်တည်တံ့တဲ့ငြိမ်းချမ်းရေးကို ရရှိနိုင်ဖို့အတွက် နိုင်ငံသူနိုင်ငံသားအားလုံးက တွန်းအားပေးကြဖို့ လိုအပ်နေပါပြီ။ ဒီနေရာမှာ ငြိမ်းချမ်းရေးရဖို့အတွက် စဉ်းစားကြတဲ့အခါမှာ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ တစ်ဦးနှင့်တစ်ဦး ယုံကြည်လေးစားမှုကို တည်ဆောက်နိုင်မှသာ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာလာမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအကျိုးတရားများဖြစ်ထွန်းလာမှသာ ဒေသအချင်းချင်းကူးလူးဆက်ဆံမှု ပိုမိုဖွံ့ဖြိုးလာပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝမြှင့်တင်ရေးကိစ္စအဝဝတွင် တစ်ဆက်တည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ တိုင်းရင်းသားဒေသအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လိုတဲ့ဆန္ဒရှိတယ်ဆိုလို့ရှိရင် အပြစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ မဖြစ်မနေကို ဆောင်ရွက်ကြရမယ့်အဆင့်များဖြစ်ပါတယ်။ ထဝရငြိမ်းချမ်းရေး၊ စစ်မှန်တဲ့ငြိမ်းချမ်းရေး၊ ရေရှည်ငြိမ်းချမ်းရေး၊ (၂၁)ပင်လုံညီလာခံဘယ်လိုပင်နာမည်တပ်တပ် လက်တွေ့ကျကျ တကယ်တမ်းစိတ်ရင်းဆန္ဒအမှန်နဲ့ အကောင်အထည်ဖော်ကြမှသာလျှင် တိုင်းရင်းသားဒေသအပါအဝင် ဝေးလံခေါင်ဖျားဒေသက ပြည်သူလူထုရဲ့မျှော်လင့်ချက်ဟာ ရှင်သန်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဝေးလံခေါင်းဖျားတဲ့ဒေသရှိ တိုင်းရင်းသားတို့ရဲ့လူနေမှုဘဝတိုးတက်အောင် တကယ်စစ်မှန်တဲ့စေတနာနဲ့ ဆောင်ရွက်သွားမယ်ဆိုလို့ရှိရင် ပြည်သူလူထုတစ်ရပ်လုံးကပါ ပြည်တွင်းငြိမ်းချမ်းရေး ခိုင်မာစွာဖြစ်ထွန်းလာဖို့အတွက် မဖြစ်မနေဝိုင်းဝန်း

ကြိုးပမ်းအကောင်အထည်ဖော်သွားကြရမယ့် ကိစ္စတစ်ရပ်ဖြစ်ပါကြောင်း တင်ပြရင်း အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပလက်ဝမဲဆန္ဒနယ်မှ မဲဆန္ဒနယ်မှ ဦးစိန်အောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိန်အောင်(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ တင်သွင်းတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့နိုင်ငံဟာ တိုင်းဒေသကြီးခုနစ်ခု၊ ပြည်နယ်ခုနစ်ခုတို့နဲ့ ဖွဲ့စည်းထားပြီးတော့ တိုင်းရင်းသားလူမျိုးအုပ်စုကြီးရှစ်မျိုး မှီတင်းနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များ သဘောဖြူစင်စွာဖြင့် လက်မှတ်ရေးထိုးခဲ့တဲ့ ပင်လုံစာချုပ်အားဖြင့် ပြည်မနှင့် တောင်တန်းဒေသပူးပေါင်းခဲ့ပြီးတော့ ထိုစဉ်က တိုင်းရင်းသားဒေသများ အထူးသဖြင့် ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်ဒေသများဟာ အဘက်ဘက်မှာ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့အတွက် အချိန်ကာလတစ်ခုမှာ ပြည်မဒေသနှင့် တန်းတူညီမျှတဲ့ဖွံ့ဖြိုးတိုးတက်မှုရရှိမည်ကို တိုင်းရင်းသားခေါင်းဆောင်များက မျှော်လင့်ခဲ့ကြကြောင်း လေ့လာမှတ်သားရပါတယ်။ ဒါပေမဲ့ လွတ်လပ်ရေးရပြီးလို့ နှစ်ပေါင်း ၇၀ ကျော်လာပြီဖြစ်တဲ့ ယနေ့တိုင်အောင် တိုင်းရင်းသားလူမျိုးများ အခြေချနေထိုင်တဲ့ ဝေးလံခေါင်သီဒေသများဟာ ပြည်မဒေသများထက် နှစ်ဆ၊ သုံးဆမက နိမ့်ကျနေဆဲဖြစ်ကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ အပိုဒ်(ဃ)မှာ နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့တွင် ပါဝင်သော လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ဖော်ပြထားပါတယ်။ အလားတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)မှာလည်း နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ဟူ၍ ဖော်ပြထားပါတယ်။ လက်ရှိနိုင်ငံတော်အစိုးရအနေနဲ့ ဝန်ကြီးဌာနအလိုက် နှစ်စဉ် ဘတ်ဂျက်တွေ လျာထားပြီးတော့ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာမှာ သမားရိုးကျပုံစံလုပ်ထုံးလုပ်နည်းများနှင့်သာ ဆောင်ရွက်သည့်အပြင် အလေအလွင့် အဖိတ်အစင်တွေ များစွာရှိနေတဲ့အတွက် တိုင်းရင်းသားဒေသတွေမှာ ၎င်းတို့ရဲ့အနိမ့်ဆုံးလိုအပ်ချက်များကိုပင် ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးကြောင်း တွေ့ရပါတယ်။ ဥပမာအနေနဲ့ တင်ပြရရင် မိမိရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ပလက်ဝမြို့နယ်ဟာ ချင်းပြည်နယ်မှာ ဧရိယာအကျယ်ပြန့်ဆုံးနဲ့ လူဦးရေအများဆုံးဒေသဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေးအခက်ခဲဆုံး၊ ကျန်းမာရေးစောင့်ရှောက်မှုအဆိုးရွားဆုံး၊ ပညာရေးအနိမ့်ဆုံးနဲ့ တယ်လီဖုန်းလိုင်းများ ဆက်သွယ်မှုအခက်ခဲဆုံး စတဲ့အခြေအနေမှာရှိနေဆဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ ဘတ်ဂျက်တွေခွဲဝေတဲ့နေရာမှာရော၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာပါ လူဦးရေကိုအခြေခံပြီး သမားရိုးကျပုံစံလုပ်ထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်းဟာ အချို့နေရာအတွက် အဆင်ပြေသော်လည်း အဆိုရှင်တင်ပြခဲ့တဲ့အတွက် ခေါင်လန်ဖူးမြို့နယ်တို့လို နောက်ပြီး မိမိတို့ရဲ့ မဲဆန္ဒနယ်နဲ့ အခြားဝေးလံခေါင်သီတဲ့ ဒေသများအတွက် အထူးစီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ ဒါမှသာ ဒေသတစ်ခုနှင့်တစ်ခုကွာဟမှုနည်းပါးပြီးတော့ တိုင်းရင်းသားဒေသများအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအပေါ် ရောက်ရှိလာနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ နှစ်စဉ်ဘတ်ဂျက်များ လျာထားခွင့်ပြုရာမှာ အကန့်အသတ်ရှိနေတာကိုလည်း နားလည်ပါတယ်။ အဲဒါကြောင့် တခြားတစ်ဖက်မှာ ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်တဲ့ Private Sector Development ကို တွန်းအားပေးရမှာဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့နေရာမှာလည်းပဲ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမှုနဲ့ လျှပ်စစ်မီးရရှိရေးဟာလည်း မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။ အဲဒါကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ တိုင်းရင်းသားဒေသများတွင် (၁)လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို အထူးအစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ (၂) ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ခေါ်ဖိတ်ပြီး အခွန်ကင်းလွတ်ခွင့်သက်တမ်း ပိုမိုရရှိအောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ (၃) စိုက်ပျိုးရေးသင်တန်းကျောင်းနှင့် Vocational Training သင်တန်းကျောင်းများကို ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဒေသရှိမြို့နယ်တိုင်းမှာ ဖွင့်လှစ်ပေးရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ဖော်ပြရရင် တိုင်းရင်းသားလူနည်းစုများ နေထိုင်ရာ ဝေးလံခေါင်သီဒေသများအတွက် အထူးစီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ဆွေးနွေးတင်ပြခြင်းမှာ အထူးအခွင့်အရေးများ ရရှိစေလိုသည့်သဘောထက် ဒေသရဲ့ လက်ရှိပကတိလိုအပ်ချက်အရ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ အပိုဒ်ခွဲ(ဂ)မှာ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော တိုင်းရင်းသားဒေသများအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန်မှာ နိုင်ငံတော်အစိုးရ၏ တာဝန်ဖြစ်သည်ဟု ခံယူ၍လည်းကောင်း လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ တိုင်းရင်းသားခေါင်းဆောင်များ အတူတကွလက်မှတ်ရေးထိုးခဲ့တဲ့ ပင်လုံစာချုပ်အားဖြင့် ပြည်မနဲ့ တောင်တန်းဒေသ ပူးပေါင်းခဲ့စဉ်တုန်းက တန်းတူညီမျှတဲ့ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ တိုင်းရင်းသားခေါင်းဆောင်များရဲ့ မျှော်လင့်ချက်ကိုလည်း ထည့်သွင်းစဉ်းစားပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အချိန်တန်ပြီဟု မိမိအနေဖြင့် ထင်မြင်ယူဆ၍လည်းကောင်း ဤလွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်နီရွှေလျှန်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီရွှေလျှန်း ဖြစ်ပါတယ်။ ကျွန်မအနေနှင့် ကချင်

ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော ကျေးလက်ဒေသများတွင် နေထိုင်သည့်တိုင်းရင်းသားများဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာ့နိုင်ငံအသီးသီးကို လက်လှမ်းမီသလောက်လေ့လာကြည့်လျှင် ဖွံ့ဖြိုးသောနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံဟူ၍ အခြေခံအားဖြင့် နှစ်မျိုးခွဲခြားတာတွေ့ရတယ်။ ဥပမာ-ကိုရီးယားနိုင်ငံသည် နိုင်ငံတစ်ခုတွင် အတူတကွနေထိုင်ပြီး ဆင်းရဲချမ်းသာခြင်းဘဝအတူ ခံစားခဲ့ကြပါတယ်။ ၁၉၅၃ ခုနှစ်နောက်ပိုင်းတွင် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားဟူ၍ ခွဲခြားထားပြီး ယခုအချိန်တွင် တောင်ကိုရီးယားဟာ ကမ္ဘာတွင်ဖွံ့ဖြိုးဆုံးသောနိုင်ငံတွင် ပါဝင်ပြီး မြောက်ကိုရီးယားသည် ဖွံ့ဖြိုးဆဲနိုင်ငံစာရင်းဝင်ရခြင်းမှာ အုပ်ချုပ်သူအစိုးရရဲ့မူဝါဒအပေါ် လုံးဝမူတည်ကြောင်း ထင်ရှားစွာ သိရှိနိုင်ပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံသည် ပါလီမန်ခေတ်တွင် အရှေ့တောင်အာရှ၌ ဖွံ့ဖြိုးသောနိုင်ငံစာရင်းတွင် ပါဝင်ခဲ့သော်လည်း တော်လှန်ရေးအစိုးရတက်ပြီးနောက်ပိုင်းမှစ၍ နိုင်ငံသည် အဘက်ဘက်တွင် ယိုယွင်းကျဆင်းလာခဲ့ခြင်းသည် အုပ်ချုပ်သူအစိုးရရဲ့မူဝါဒချမှတ်မှု အားနည်းကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်တင်ပြသည့်အပေါ် ဝေးလံခက်ခဲသော ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် ချင်းပြည်နယ်အခြေအနေပေါ်မူတည်ပြီး ဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်ဟာ နိုင်ငံတော်အစိုးရမှ လမ်း၊ တံတားများ၊ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်မီးရရှိရေး စသည်တို့တွင် ဖြည့်ဆည်းပေးသည့်အတွက် ယခင်ထက် များစွာဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သဖြင့် ဒေသခံပြည်သူများ ဝမ်းသာဂုဏ်ယူနေကြောင်း ဖော်ပြလိုပါတယ်။ ချင်းပြည်နယ်ဟာ တွင်းထွက်သယံဇာတမရှိခြင်း၊ စက်ရုံ၊ အလုပ်ရုံမရှိခြင်းကြောင့် အလုပ်လက်မဲ့ပြဿနာများစွာ ရင်ဆိုင်နေဆဲဖြစ်ပါတယ်။ မြို့နယ်လူဦးရေ ၁၅ ရာခိုင်နှုန်းဖြစ်၍ ကျေးလက်လူဦးရေ ၈၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများဟာ မိရိုးဖလာရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်ဖြင့် ယနေ့တိုင်ပင်ပန်းစွာလုပ်ကိုင်စားသောက်နေကြပါတယ်။ အဓိကစိုက်ပျိုးသောသီးနှံများမှာ ပြောင်းဖူး၊ စပါးများဖြစ်၍ သီးနှံအထွက်နှုန်းနည်းပါးတဲ့ အပြင် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံပျက်စီးမှုများလည်း မကြာခဏကြုံတွေ့ကြရတယ်။ တောင်ယာလုပ်ကိုင်သောမိသားစုများဟာ တစ်နှစ်လုံးလုပ်ကိုင်ကြရာတွင် ရရှိသောသီးနှံများသည် နှစ်ဝက်စာခန့်သာရရှိပြီး ကျန်နှစ်ဝက်စာအတွက်ကို အခြားနေရာမှ ဝယ်ယူစားသုံးကြပြီး ဤကဲ့သို့ ဝယ်ယူရန်လိုအပ်သောငွေကြေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူထားသော တိရစ္ဆာန်များကိုရောင်းပြီး ဝယ်ယူသုံးစွဲကြသဖြင့် အခြားမိသားစုလိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအတွက် အခက်အခဲများစွာ ရင်ဆိုင်ကြပါတယ်။

အထက်တွင်ဖော်ပြတဲ့ ကျေးလက်နေပြည်သူလူထုဘဝအခက်အခဲကို ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတော်မှ စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါဆောင်ရွက်ချက်သုံးချက်ကို ထည့်သွင်းရေးဆွဲသင့်ကြောင်း ကျွန်မတင်ပြလိုပါတယ်။ နံပါတ်(၁) နိုင်ငံတော်မှ ငွေလုံးငွေရင်းမတည်စိုက်ထုတ်ပေးခြင်း၊ ကျေးလက်ပြည်သူများသည် ရွှေ့ပြောင်းတောင်ယာစနစ်၊ လုပ်ကိုင်ခြင်းစနစ်မှ စိုက်ပျိုးရေးနှင့် ခေတ်မီစိုက်ပျိုးလုပ်ကိုင်ခြင်းစနစ်တို့ပြောင်းလဲ ရာတွင် လုံလောက်သောငွေ

အရင်းအနှီးကို နိုင်ငံတော်မှ စိုက်ထုတ်ပေးနိုင်မှသာလျှင် ၎င်းတို့ရဲ့ဘဝမြှင့်တင်ပေးနိုင်မည်ဖြစ်ပါတယ်။ မွေးမြူရေးနှင့် နှစ်ရှည်ပင်များစိုက်ပျိုးရာတွင် အရင်းအနှီးထုတ်ပေးရုံသာမက အသီးအပွင့် ရရှိသည့်အချိန်ထိ စားဝတ်နေရေးအတွက်ကိုပါ စဉ်းစားတွက်ချက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ (၁) ဒေသန္တရနှင့်ကိုက်ညီသော မွေးမြူရေးနှင့် စိုက်ပျိုးရေးအတွက် စနစ်တကျဖြစ်အောင် ကျွမ်းကျင်ပညာရှင်များကိုဖိတ်ခေါ်ပြီး လက်တွေ့အကောင်အထည်ဖော်နိုင်မည့်စီမံချက်များကို ရေးဆွဲပေးရန် လိုအပ်နေပါတယ်။ (၂)ဒေသန္တရပထဝီနယ်မြေကို လေ့လာဆန်းစစ်ပြီး အသင့်တော်ဆုံးသောမွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ငန်းကို ရွေးချယ်ဆောင်ရွက်ပြီး လုပ်ငန်းကိုလည်း ခွဲဝေသတ်မှတ်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ (၃)ဒေသခံပညာတတ်မွေးထုတ်ပြီး ကျွမ်းကျင်လုပ်သားအများအပြားပေါ်ထွန်းလာရေးအတွက် ပညာပေးသင်တန်းဖွင့်လှစ်ပေးခြင်း၊ ၎င်းတို့အား တာဝန်ပေးခန့်အပ်ခြင်းနှင့် လုပ်သားတို့ကို စီမံခန့်ခွဲမည့်လုပ်ငန်း ကြီးကြပ်မှုနေရာတွင် ခန့်ထားပြီးတာဝန်ပေးပါက ပိုမိုထွန်းပေါက်အောင်မြင်မည်ဖြစ်ကြောင်း ဆွေးနွေးချင်ပါတယ်။ ဥပမာ-တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ကို လေ့လာကြည့်မယ်ဆိုပါက တိုင်းရင်းသားလူမျိုးတိုင်းတွင် အနည်းဆုံးညွှန်ကြားရေးမှူးချုပ်တစ်ဦးစီကို ခန့်ထားပေးခြင်း၊ ဒေသခံတိုင်းရင်းသားများထဲမှ အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်းပေါင်းများစွာ မွေးထုတ်ပေးခြင်း၊ တာဝန်ပေးခန့်အပ်ခြင်းအားဖြင့် ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုကြောင်း လေ့လာသိရှိရပါတယ်။ ဒါပေမဲ့ ကျွန်မတို့မြန်မာနိုင်ငံတွင် ဝေးလံခေါင်ပါးသောဒေသများဖြစ်သည့် ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်ဒေသများကို အပြစ်ရှိသောဝန်ထမ်းများ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းသည် ဒေသဖွံ့ဖြိုးရေးကို ပို၍နှောင့်နှေးစေကြောင်း တွေ့ရှိရတယ်။

သို့ဖြစ်ပါ၍ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသောဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားများဘဝတိုးတက်စေရန်အတွက် နိုင်ငံတော်မှ ငွေလုံးငွေရင်း မြှုပ်နှံပေးခြင်း၊ ပညာရှင်များဖိတ်ခေါ်ပြီး ဒေသနှင့်ကိုက်ညီသောစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းနှင့် ဒေသခံပညာတတ်များမွေးထုတ်၍ တာဝန်ပေးအပ်ခြင်း စသည့်အချက်အလက်များကို ထည့်သွင်းကာ အသေးစိတ်စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ဦးအာမိုးဆီ၏အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာက ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က ဦးအာမိုးဆီရဲ့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ ကျေးလက်ဒေသများတွင် နေထိုင်တဲ့ တိုင်းရင်းသားများဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့ ကျေးလက်ဒေသများဆိုတာ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကချင်ပြည်နယ်၊

ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်း ဒေသများ၊ တနင်္သာရီတိုင်းဒေသကြီးတို့ ဖြစ်ပါတယ်။ အဲဒီဒေသတွေဟာ နိုင်ငံရဲ့အစွန်အဖျားတွင် ဖြစ်ပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုမှာလည်း ပြင်ပရှိတိုင်းဒေသကြီးတွေထက် အလွယ်နိမ့်ကျနေတာတွေ့ရ ပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးစတဲ့ အဘက်ဘက်မှာ အားနည်းချက်များစွာရှိနေပါတယ်။ မြို့နှင့်ကျေးလက်ဒေသတွေကို မြေသားလမ်း၊ ကျောက်ချောလမ်း၊ ကွန်ကရစ်လမ်းတွေ၊ စာသင်ကျောင်းတွေ၊ ဆရာဆရာမနေအိမ်တွေ၊ ကျန်းမာရေး ဆေးပေးခန်းတွေ၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးတွေ၊ ရေချိုတာတမံတွေ၊ ရေငန်းတားတာတမံတွေ အများကြီးလိုအပ်လျက်ရှိနေတာကို တွေ့ရပါတယ်။ လွှတ်တော်မှာ မေးခွန်းတွေမေးရင်လည်း ဦးစား ပေးလျာထားဆောင်ရွက်ပေးမယ်လို့ ဖြေပါတယ်။ ခွင့်ပြုချက်လည်း မရောက်တာကြလှသေးတဲ့ အတွက် မျှော်လင့်ချက်တွေမှေးမှိန်လာပါတယ်။

ခွင့်ပြုပြီး လမ်းပန်းဆက်သွယ်ရေးလွယ်ကူတဲ့ဒေသတွေမှာပဲ ပြည်ထောင်စုဘတ်ဂျက်မှ နှစ်တို၊ နှစ်ရှည်စီမံကိန်းတွေ ချပေးထားတာ တွေ့နေရပါတယ်။ ဥပမာတင်ပြရမယ်ဆိုလို့ရှိရင် အချိန်မလို လောက်တဲ့အတွက် သုံးခုလောက်ပဲတင်ပြမှာဖြစ်ပါတယ်။ ဖြူးချောင်းရေလှောင်တမံစီမံကိန်းဟာ ပဲခူး၊ ဖြူးအတွက် ပြည်ထောင်စုဘတ်ဂျက်မှငွေကျပ် ၁၆၆ ဘီလီယံခန့်ကို နှစ်(၂၀) စီမံကိန်းဆောင်ရွက်တာဖြစ် ပါတယ်။ မဒန်းရေလှောင်တမံစီမံကိန်းဟာ နေပြည်တော်၊ လယ်ဝေးအတွက် ဘတ်ဂျက်ငွေ ၃၉ ဘီလီယံ ကို ၁၇ နှစ်ကြာ ဆောင်ရွက်တဲ့စီမံကိန်းဖြစ်ပါတယ်။ မြစ်သာရေလှောင်တမံစီမံကိန်းဟာ မကွေးတိုင်း ဒေသကြီး၊ ဂန့်ဂေါမြို့နယ်အတွက် ဘတ်ဂျက်ငွေ ၃၀၄ ဘီလီယံခန့်ကို တစ်ဆက်တည်းချေးနိုင်ရေး အတွက် ဆောင်ရွက်မယ့်စီမံကိန်းဖြစ်ပါတယ်။ ဒီဒေသတွေအတွက် လိုအပ်လို့ ဆောင်ရွက်ပေးခြင်းကို အများကြီးဝမ်းသာပါတယ်။ ဒါပေမဲ့ ပြည်ထောင်စုဘတ်ဂျက်ကို ဘယ်လိုမူတွေနဲ့ခွဲဝေချပေးနေတယ် ဆိုတာကို ပြည်ထောင်စုဝန်ကြီးမှ ရှင်းပြပေးစေချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပချေးငွေတွေကိုလည်း လေ့လာကြည့်တဲ့အခါမှာ ပြည်ပချေးငွေယူထား တာ ၂၁ နိုင်ငံရှိတဲ့အနက် အများအားဖြင့် ဖွံ့ဖြိုးတဲ့ဒေသတွေ လမ်းပန်းဆက်သွယ်ရေး လွယ်ကူပြီး နိမ့်တဲ့ဒေသတွေမှာပဲ ဆောင်ရွက်နေတာတွေ့နေရပါတယ်။ ဥပမာတင်ပြရမယ်ဆိုရင် ဂျပန်ချေးငွေ ယန်း ၃၁ ဘီလီယံကို ပဲခူးမှာက ငါးနှစ်စီမံကိန်း၊ ကိုရီးယားချေးငွေ အမေရိကန်ဒေါ်လာ ၆၁ သန်းကို တွံတေးတူးမြောင်းအတွက် ခြောက်နှစ်စီမံကိန်း၊ အိန္ဒိယချေးငွေ အမေရိကန်ဒေါ်လာ ၂၀၀ သန်းကို ပေးခု အတွက် ၃ နှစ်စီမံကိန်း၊ ဂျပန်ချေးငွေယန်း ၁၄၈၇၀ သန်းကို ပဲခူးမှာ ၅ နှစ်စီမံကိန်း၊ ကမ္ဘာ့ဘဏ် ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်တိုင်းဒေသကြီး ပဲခူးတို့မှာ ခုနစ်နှစ်စီမံကိန်းတွေ ဆောင်ရွက်နေတာ တွေ့ရပါတယ်။ အခုလို ပြည်အချေးငွေတွေ အသုံးပြုခွင့်ရတဲ့ဒေသခံပြည်သူတွေအတွက် ဝမ်းမြောက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ ပြည်ပချေးငွေတွေကို ဘယ်လိုမူတွေနဲ့ ခွဲဝေချထားတယ်ဆိုတာ ပြည်ထောင်စု ဝန်ကြီးအနေနဲ့ ချပြပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ကတော့ ကနေဒါနိုင်ငံ၊ ဩစတြေးလျ၊ အိန္ဒိယနိုင်ငံတို့ကို ဥပမာပေးပြီး ဝေးလံခက်ခဲတဲ့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ကျေးလက်ဒေသတွေကို အထူးအလေးပေးပြီး ဘတ်ဂျက်ငွေ ပိုမိုချပေးနေကြောင်း တင်ပြခဲ့တာတွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း

ပြည်ထောင်စုဘတ်ဂျက်နှင့် ပြည်ပချေးငွေတွေကို သင့်တော်တဲ့ ဘတ်ဂျက်ငွေ ခွဲဝေရေးမူဝါဒတစ်ရပ် ချမှတ်ပြီး ခွဲဝေသတ်မှတ်ပေးဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့နိုင်ငံမှာ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ကျေးလက်ဒေသတွေမှာ နေထိုင်တဲ့တိုင်းရင်းသားများဘဝ တိုးတက်မြင့်မားလာစေဖို့အတွက် ပြည်ထောင်စုဘတ်ဂျက်နှင့် ပြည်ပချေးငွေတွေကို ပိုမိုခွင့်ပြုပြီး နှစ်တိုနှစ်ရှည် စီမံကိန်းများချမှတ်ပေးသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့အဆိုကို ထောက်ခံတင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်က မြို့ပြနှင့် ကျေးလက်ကွာဟမှု ပြည်နယ်၊ ပြည်မကွာဟမှုတွေကို နည်းနိုင်သမျှ နည်းအောင် နိုင်ငံတော်အစိုးရအနေနဲ့ စနစ်တကျစီမံကိန်းတွေရေးဆွဲပြီး ဆောင်ရွက်ပေးဖို့ စိတ်ကောင်း၊ စေတနာကောင်းနှင့် ဖော်ပြထားတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းထဲမှာ ပါဝင်နေတဲ့ နိုင်ငံတစ်နိုင်ငံပါ။ အဆင်းရဲဆုံးနိုင်ငံထဲမှာမှ ဝေးလံခေါင်သီဒေသမှာ နေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားပြည်သူများဟာ ပိုပြီးဆင်းရဲကြပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသမှာနေထိုင်လျက် ရှိကြတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းဟာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်မှုများစွာနောက်ကျ ကျန်ရစ်ခဲ့ပြီး ဆင်းရဲတွင်းမှ ရုန်းထွက်လို့မရတဲ့ အခြေအနေရောက်ရှိနေကြပါတယ်။ ဒီလိုဆင်းရဲတွင်းမှ ရုန်းထွက်စေချင်ရင် ယခု လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ တင်ပြခဲ့တဲ့ ကဏ္ဍအသီးသီးကို နိုင်ငံတော်အစိုးရအနေနဲ့ စနစ်တကျစီမံကိန်းတွေချမှတ်ပြီး ဆောင်ရွက်မှသာ ဆင်းရဲတွင်းကျရောက်နေတဲ့ ပြည်သူများကို ဆွဲထုတ်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဝေးလံခေါင်သီဒေသအတွက် သတ်မှတ်ပြီး ဒေသစရိတ် ခံစားခွင့်ပြုထားတဲ့ မြို့နယ်ပေါင်းဟာ ၁၁၀ မြို့နယ်ရှိတယ်လို့ စာရင်းဇယားများအရ သိရှိရပါတယ်။ ဒီမြို့နယ်များအနက်မှ ကျွန်တော်တို့ ရခိုင်ပြည်နယ် ဝေးလံခေါင်သီဒေသအဖြစ် သတ်မှတ်ပြီး ဒေသစရိတ်ခံစားခွင့်ပြုထားတဲ့မြို့နယ်ဟာ လေးမြို့နယ်ရှိပါတယ်။ အဲဒီလေးမြို့နယ်ကတော့ ဘူးသီးတောင်၊ မောင်တော၊ တောင်ပြိုလက်ဝဲမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့ပဲ ဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာရှိတဲ့ ဝေးလံခေါင်သီဒေသစရိတ် ခံစားခွင့်ပြုထားတဲ့ မြို့နယ်လေးမြို့နယ်ထဲက ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ မာန်အောင်မြို့နယ်နှင့်ပတ်သက်လို့ ရှင်းလင်းတင်ပြပါမယ်။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ ဘင်္ဂလားပင်လယ်အော်အတွင်းမှာရှိတဲ့ ကျွန်းတစ်ကျွန်းမှာ နိုင်ငံတစ်နိုင်ငံ၊ မြို့နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးမှာ လမ်းပန်းဆက်သွယ်ရေး

ကောင်းမွန်မှုဟာ အဓိကဖြစ်ပါတယ်။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ အခြားမြို့များနှင့်ဆက်သွယ် သွားလာရာမှာ ရေကြောင်းနှင့် လေကြောင်းကို အဓိကအားထားနေရပါတယ်။ ရာသီဥတု ဆိုးရင်ရေကြောင်းဟာ အန္တရာယ်များလို့ ဘယ်လိုမှသွားလာလို့မရတော့ပါဘူး။ မိုးရာသီမှာဆိုရင် ရက်သတ္တပတ်၊ နှစ်ပတ်လောက်ထိ အခြားမြို့နယ်များသို့ သွားလို့မရတဲ့အခြေအနေများရှိပါတယ်။ လေယာဉ်ဆိုရင်လည်း ကျွန်တော်တို့မာန်အောင်ကျွန်းကိုလာတဲ့ လေယာဉ်ဟာသေးငယ်လွန်းလို့ လူအများမစီးရဲကြပါဘူး။ ယခု ATR 72 လေယာဉ်နှင့် ပြေးဆွဲပေးမယ်ဆိုရင် ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ သဘာဝပင်လယ်ကမ်းခြေအလှရှိတဲ့ ကျွန်းတစ်ကျွန်းပါ။ ကမ္ဘာ့အဆင့်မီတဲ့ သဘာဝပင်လယ်ကမ်းခြေအလှရှိတဲ့ကျွန်းလေး ဖြစ်ပါတယ်။ ဒါပေမဲ့ လမ်းပန်းဆက်သွယ်ရေးဖြစ်တဲ့ရေကြောင်း၊ လေကြောင်းကို ခေတ်မီဖွံ့ဖြိုးအောင်မလုပ်နိုင်လို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဟာ စိတ်ကူးယဉ်အိမ်မက်လို ဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြနှင့် ကျေးလက်၊ ပြည်နယ်နှင့် ပြည်မတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကွာဟမှု မြင့်မားနေရန်၊ နိုင်ငံတော်ရဲ့တည်ငြိမ်မှု၊ အေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှုရှိဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။ ကျေးလက်နှင့်ပြည်သူများ ဖွံ့ဖြိုးတိုးတက်လာပါမှ ပြည်နယ်၊ ပြည်မကွာဟမှု နည်းနိုင်သမျှနည်းပါးပါမှ နိုင်ငံတော်တည်ငြိမ် အေးချမ်းဖွံ့ဖြိုးလာမှာမို့ နိုင်ငံတော်အစိုးရအနေနဲ့ ဦးအာမိုးဆီရဲ့အဆိုကို အလေးထားပြီး စီမံချက်ချ ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးယန်ကျင်းကန်(ကွမ်းလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် ကွမ်းလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးယန်ကျင်းကန် ဖြစ်ပါတယ်။ ဆွေးနွေးရာမှာ အရင်ကိုယ်စားလှယ် ကြီးများက အကျယ်တဝင့်ဆွေးနွေးသွားတာဖြစ်လို့ ကျွန်တော့်ရဲ့ထင်မြင်ယူဆချက်ကိုသာ အကျဉ်းချုံး ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားတဲ့ တောင်ပေါ်ဒေသ တိုင်းရင်းသားများရဲ့ လူနေမှုဘဝဟာ ကျွန်တော်တို့နိုင်ငံရဲ့ မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်း များစွာကွာခြားနေတာကို ထောက်ပြသွားတာဖြစ်ပါတယ်။ ဒီလိုဖြစ်ရခြင်းဟာ အတိတ်ကာလက အကြောင်းတရားများစွာကြောင့် ဖြစ်လာတဲ့အကျိုးတရားတစ်ခုလို့ မှတ်ယူနိုင်သော်လည်း ဒီမိုကရေစီ စနစ်ကို ပြောင်းလဲကျင့်သုံးနေတဲ့ ကျွန်တော်တို့နိုင်ငံလို ပြည်သူ့ဘဏ္ဍာဖြစ်တဲ့ နိုင်ငံဘဏ္ဍာနဲ့ ပြည်သူ့ရေးရာကိစ္စများကို ဆောင်ရွက်ခွင့်ရှိနေတဲ့ နိုင်ငံတော်အစိုးရကို တိုက်တွန်းတင်ပြခြင်းဟာ သင့်မြတ်တဲ့အဆိုတစ်ခုဖြစ်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ အဆိုမှာ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးမှု နောက်ကျနေတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေလိုတဲ့ ရည်ရွယ်ချက်ရှိတဲ့

အတွက် ဒီလိုလူနေမှုဘဝနိမ့်ပါးနေရခြင်းရဲ့ အကြောင်းတရားများကို ဦးစွာသုံးသပ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ နိုင်ငံ့စီးပွားရေးအခြေအနေကြောင့်လား သို့တည်းမဟုတ် စီမံခန့်ခွဲမှုများက လက်ရှိ အခြေအနေများအပေါ် မလွှမ်းခြုံမိလို့လားဆိုတာကို ပြန်ဆန်းစစ်ရမှာဖြစ်ပါတယ်။ မြို့ပြနှင့် ကျေးလက်၊ တောင်ပေါ်ဒေသများရဲ့ လူနေမှုအဆင့်အတန်းကြီးမားစွာ ကွာခြားနေမှုလျှော့ချဖို့အတွက် အဆိုရှင်တိုက်တွန်းသွားသလိုပဲ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသများရဲ့ ဖွံ့ဖြိုးရေးအစီမံများကို အလေးထားဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဥပမာ မြို့ပြများတွင် ပန်းခြံများ၊ ခေတ်မီမြို့ပြစီမံကိန်း များ၊ မိုးပျံလမ်းစီမံကိန်းရေးဆွဲဆောင်ရွက်နေချိန်မှာ ကျေးလက်မြေသားလမ်းပေါ် သွားလာနေရတဲ့ တောင်ပေါ်တိုင်းရင်းသားများ၏ဘဝကို စာနာသောအားဖြင့် ၎င်းဒေသများရဲ့ အခြေခံကျတဲ့ ဖွံ့ဖြိုးမှု လုပ်ငန်းများကို လက်လှမ်းမှီရာတွေသာမက ခက်ခဲဝေးလံတဲ့ဒေသများပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ နိမ့်ပါးလှတဲ့ဘဝမှာ ရှင်သန်နေကြရတဲ့ အများစုသော တောင်ပေါ် တိုင်းရင်းသားများရဲ့ လူနေမှုဘဝဖြစ်စဉ်များဟာ ကိုယ်တိုင်ကြုံတွေ့ခံစားရမှသာ ထောက်ထား စာနာနိုင်မယ့် ဘဝဖြစ်စဉ်မျိုးဖြစ်ပါတယ်။ ဒီလိုအရေးအရာများကိုကုစားဖို့ လုပ်ဆောင်ချက်များဖြင့် သက်သေပြရန် အချိန်ကျပြီဖြစ်ကြောင်း ရိုးသားစွာတင်ပြလိုပါတယ်။ အသိပညာနိမ့်ပါးလို့ အသိဉာဏ် မဖွံ့ဖြိုးရခြင်းဖြစ်ပြီး မှန်ကန်စွာသုံးသပ်နိုင်စွမ်းမရှိတဲ့အခါ အမှား/အမှန်၊ အကောင်း၊ အဆိုးကို ခွဲခြားခြင်းမပြုနိုင်တဲ့အတွက် အစိုးရရဲ့မူဝါဒလမ်းစဉ် သဘောထားများကိုတောင် မှန်ကန်စွာ သိမြင်နိုင်စွမ်းမရှိတဲ့အခါ အစိုးရ သို့မဟုတ် အုပ်ချုပ်သူများအတွက် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေ တတ်ပါတယ်။ ထို့အပြင် ဒီမိုကရေစီရှေ့ခရီးအရှေ့အတွက် အဟန့်အတားလည်း ဖြစ်နေနိုင်ပါတယ်။ လူမှုဘဝဆိုရာမှာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍစုံပါဝင်ပါတယ်။ ဝေးလံခေါင်သီ တောင်ပေါ်တိုင်းရင်းသားများ၏ လူမှုဘဝဖွံ့ဖြိုးလာဖို့အတွက် တောင်ပေါ်၊ ကျေးလက်ဒေသများနဲ့ အံဝင်မယ့်စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများမှာ လက်တွေ့အကျိုးပြုနိုင်မယ့် မူဝါဒများ၊ စီမံချက်များ ချမှတ်အကောင် အထည်ဖော်ပေးရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကြက်ဥနဲ့ကြက်မပြဿနာလိုဖြစ်နေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးဟာ များစွာကြောင်းကျိုးဆက်စပ်နေတဲ့အတွက် သက်ဆိုင်ရာဒေသ များရဲ့ မြေပြင်ပကတိအရှိတရားများအပေါ် မူတည်ပြီးဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အထူးသဖြင့် နယ်စပ်ဒေသများရဲ့ ပညာရေးကဏ္ဍဖွံ့ဖြိုးမှုဟာ အရေးပါတဲ့ခေါင်းစဉ်တစ်ရပ်ဖြစ်နေတယ်လို့ ထင်မြင် မိပါတယ်။ ဒါကြောင့်လည်းပဲ တောင်ပေါ်ဒေသနဲ့ ကျေးလက်ဒေသပညာရေးဖွံ့ဖြိုးမှု အထူးအစီအစဉ် တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်နိုင်မှသာ တောင်ပေါ်တိုင်းရင်းသားများရဲ့ သားသမီးပညာရေး ကဏ္ဍကို မြှင့်တင်နိုင်မယ်လို့ တင်ပြခဲ့ဖူးပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာသာရေးအဆိုတစ်ခုကို ကိုးကားရမယ်ဆိုရင် မရှိလို့မလှူ၊ မလှူလို့မရှိဆိုတဲ့ ဘာသာရေးအဆုံးအမစကားကဲ့သို့ပဲ အသိပညာ နိမ့်ပါးလို့ ဆင်းရဲနွမ်းပါး၊ ဆင်းရဲနွမ်းပါးလို့ အသိပညာနိမ့်ကျပြီး အသိဉာဏ်ပညာမဲ့နေရတဲ့ အဆိုးသံသရာမှ လွတ်မြောက်ရေးအတွက် တိုင်းရင်းသားများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးအဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးအထူး တင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၂ မှာ လွှတ်တော်အစည်းအဝေးကို သတ်မှတ်ချိန်ထက်ကျော်လွန်၍ ကျင်းပရန် လိုအပ်ရင် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ယခု ၄ နာရီထက် ကျော်လွန်၍ အစည်းအဝေးကျင်းပရန် လိုအပ်လာပါသဖြင့် အစည်းအဝေးကို ၄ နာရီထက်ကျော်လွန် ၍ကျင်းပရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစည်းအဝေးကို ၄ နာရီထက်ကျော် လွန်ပြီး ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

## ဦးအာမိုးဆီ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနက ပြန်လည်ရှင်းလင်း ဆွေးနွေးရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ ခေါင်လန်ဖူး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ တဲ့ကျေးလက်ဒေသများမှာနေထိုင်တဲ့ တိုင်းရင်းသားများဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီးတော့ ကျွန်တော်တို့နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေနဲ့ ဝန်ကြီး ဌာနကိုးခု၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ငါးခုတို့ရဲ့ကိုယ်စား ကျွန်တော်ရှင်းလင်းသွားမှာဖြစ်ပါ တယ်။ ကျွန်တော်ရဲ့ရှင်းလင်းချက်ကို Power Point ဖြင့် ရှင်းလင်းသွားပြီး တချို့နေရာမှာတော့ ဖြေကြားချိန်ဟာ ၂၅ မိနစ်ခန့်ကြာမည်ဖြစ်ကြောင်း ခွင့်ပြုပေးနိုင်ရန် ကြိုတင်ပန်ကြားအပ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်ကတော့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့နယ်စပ် ဒေသများမှာ နေထိုင်တဲ့တိုင်းရင်းသားများရဲ့ဘဝတိုးတက်မြင့်မားစေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးဥပဒေကို ၁၉၉၃ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ဆက်လက်ပြီးတော့ အဆိုပါဥပဒေနှင့်အညီ ခေတ်စနစ်နဲ့လျော်ညီစေဖို့အတွက် ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှာ ပထမအကြိမ် ပြင်ဆင်မှု ဖြင့်လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၄) ဖြင့်လည်းကောင်း အသီးသီးပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ အလားတူ လက်ရှိအစိုးရလက်ထက်မှာ လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးတွေ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များပါဝင်တဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဥပဒေနှင့်အညီဖွဲ့စည်းထားပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြပ်မတ်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါ

တယ်။ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ အဓိကတာဝန်နှစ်ရပ်ကို ချမှတ်ပြီး နှစ်ရှည်၊ နှစ်လတ်၊ နှစ်တိုစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသများနှင့်ထိစပ်နေတဲ့ ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီးနှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသခြောက်ခုတို့မှ မြို့နယ်ပေါင်း ၁၆၆ မြို့နယ်ရှိရာမှာ ၁၉၈၉-၁၉၉၀ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်ရန်ပုံငွေမှ စုစုပေါင်းအသုံးစရိတ်ငွေ ကျပ် ၂၃၄၂.၀၆၈ ဘီလီယံသုံးစွဲခဲ့ပြီးတော့ တင်ပြပါအတိုင်း မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်း၊ တံတားကြီး၊ တံတားငယ် ဒေသဖွံ့ဖြိုးရေးအခြေခံအဆောက်အဦများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်ရဲ့ Sustainable Development Goals(SDG)နဲ့ချိတ်ဆက်ပြီး နှစ်(၂၀) နှစ်ရှည်စီမံကိန်းများရေးဆွဲပြီးတော့ နှစ်လတ်ငါးနှစ်စီမံကိန်းလေးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ လက်ရှိ ကချင်ပြည်နယ်အတွင်း မော်တော်ကားလမ်းမပေါက်သေးတဲ့ ပူတာအိုခရိုင်၊ ပန်နန်းဒင်မြောက်ခြမ်းဒေသများ၊ ခေါင်လန်ဖူးဒေသများကို အဆက်အသွယ်ကောင်းမွန်စေရေးအတွက် ပန်နန်းဒင်-ဒဟွမ်ဒမ်းလမ်း ၆၃ မိုင်၊ မဂွေဇ-ခေါင်လန်ဖူးလမ်း ၆၅/၄ မိုင်ဖောက်လုပ်ခြင်းလုပ်ငန်းစီမံကိန်းများအပါအဝင် ဝေးလံခက်ခဲတဲ့ဒေသများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ကဏ္ဍကြီးသုံးခုနဲ့အစီအစဉ်ဆွဲပြီး ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ထိုဆောင်ရွက်တဲ့ကဏ္ဍသုံးခုကတော့ အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းပညာကဏ္ဍဆိုပြီးတော့ ကဏ္ဍသုံးခုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဆင့်မြင့်ပညာကဏ္ဍမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မဟာပညာရေးဘွဲ့ နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ ငါးနှစ်သင်တန်း၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာမှာ ၁၉၆၄-၁၉၆၅ ပညာသင်နှစ်မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အထိကို တင်ပြပါအရေအတွက်များအတိုင်း သင်တန်းသားများကို မွေးထုတ်ပေးခဲ့ပြီးတော့ လက်ရှိသင်တန်းသူသင်တန်းသား ၁၆၅၇ ဦး တက်ရောက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှာ ရန်ကုန်နှင့်စစ်ကိုင်းမှာ နှစ်ခုဖွင့်လှစ်ထားပါတယ်။ ဒီဂရီကောလိပ်နှစ်ခုကနေပြီးတော့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များရဲ့ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ AGTI ဘွဲ့များရရှိအောင် သင်ကြားပေးလျက်ရှိပြီးတော့ လက်ရှိအနေအထားမှာ တင်ပြပါအရေအတွက်များအတိုင်း ဝန်ကြီးဌာန ၁၅ ခုမှာ နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ပေးအပ်နိုင်ခဲ့ပါတယ်။ လက်ရှိသင်တန်းတက်ရောက်ဆဲ ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းသား ၁၈၈၀ ဦး၊ ကျောင်းသူ ၄၅၂ ဦး စုစုပေါင်း ၂၃၃၂ ဦးတို့အား အဆင့်မြင့်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပါတယ်။ အခြေခံပညာကဏ္ဍအနေဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို အခု Power Point မှာ ထိုးထားသလိုပဲ နေရာဒေသအသီးသီးမှာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ဖွင့်လှစ်သင်ကြားပေးပြီးတော့

ပဉ္စမတန်းကနေပြီးတော့ တက္ကသိုလ်ဝင်တန်းအထိ နေထိုင်စားသောက်စရိတ်အခမဲ့ဖြင့် သင်ကြားပေးလျက်ရှိရာမှာ ၁၉၉၀-၂၀၀၀ ပညာသင်နှစ်မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အထိ တင်ပြပါအရေအတွက်များအတိုင်း ပညာသင်ကြားပေးနိုင်ခဲ့ပြီးတော့ တက်ရောက်ဆဲကျောင်းသားကျောင်းသူများအနေဖြင့် စုစုပေါင်း ၆၇၃၈ ဦးကို ပညာသင်ကြားပေးလျက်ရှိပါတယ်။

ဆက်လက်ပြီး သက်မွေးဝမ်းကျောင်းကဏ္ဍအနေနဲ့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းကို ၄၅ ကျောင်းဖွင့်လှစ်ပြီးတော့ နယ်စပ်ဒေသမှာရှိတဲ့ အမျိုးသမီးငယ်များကို အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အခြေခံလက်ယက္ကန်းသင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အိမ်တွင်းမှုလက်မှုသင်တန်းများကို ပညာသင်ကြားပေးပြီးတော့ လက်ရှိပညာသင်ကြားပေးနေတဲ့အရေအတွက်ကတော့ စုစုပေါင်း လက်ရှိသင်တန်းတက်ရောက်သူ ၂၈၁၇ ဦးရှိကြောင်းတင်ပြအပ်ပါတယ်။ အလားတူ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များမှ စက်မှုလက်မှုပညာသင်တန်းကျောင်းကိုးကျောင်းကလည်း လက်သမား၊ ပန်းရံ၊ သံချည်သံကွေး၊ အခြေခံစက်ပြင်သင်တန်း၊ EFI သင်တန်း၊ အခြေခံ လျှပ်စစ်/ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်းများကိုလည်း သင်ကြားပေးလျက်ရှိပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ ကျေးလက်ဒေသများမှာ နေထိုင်တဲ့တိုင်းရင်းသားများရဲ့လူနေမှုဘဝတိုးတက်မြင့်မားစေရန် နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲချမှတ်လျက်ရှိရာ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မှာမူတည်ပြီးတော့ နှစ်စဉ်စီမံကိန်းများကို အဆိုပြုလျာထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်(၁၁)ချက်၊ မူဝါဒ(၁၀)ချက်၊ လုပ်ငန်းစဉ်(၁၀)ချက်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်း၊ မျိုးသန့် ထုတ်လုပ်ပွားများခြင်း၊ နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သီးနှံများဈေးကွက်ရရှိရေးဖော်ဆောင်ပေးခြင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာနိုင်မှုများကို တောင်သူလယ်သမားများအား ကြိုတင်ပညာပေးခြင်းနှင့် လိုအပ်သည့်အကူအညီပေးခြင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းဆောင်ရွက်ရေးအတွက် စီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်လျက်ရှိပါတယ်။ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ရွှေ့ပြောင်းတောင်ယာများကိုအစားထိုး၍ ကုန်းမြင့်လယ်ယာများ ဖော်ထုတ်ဆောင်ရွက်ပေးမှုကို ပြည်နယ်အစိုးရ၏ခွင့်ပြုရန်ပုံငွေအပေါ် မူတည်၍ နှစ်စဉ်ပေါင်းစပ်ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သိရှိရပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသများမှာနေထိုင်တဲ့ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ်(ဧပြီလ)ဘဏ္ဍာရေးနှစ် အထိသော်လည်းကောင်း၊ ၂၀၁၈၂၀၁၉ (အောက်တိုဘာ-စက်တင်ဘာ) ဘဏ္ဍာရေးနှစ်များတွင်သော်လည်းကောင်း တင်ပြပါအရေအတွက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးစီမံလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ခေါင်လန်ဖူးမြို့နယ်မှာ ကျေးလက်မီးလင်းရေးလုပ်ငန်းအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ တင်ပြပါအရေအတွက်များကို ကျွန်တော်တို့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း

သိရှိရပါတယ်။ ဆက်လက်ပြီး ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့ကျေးရွာရဲ့ အခက်အခဲများကို ကိုယ်တိုင်ဖော်ထုတ်၊ ကိုယ်တိုင်စီမံချက်ရေးဆွဲ၊ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်တဲ့ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်းကို ခေါင်လန်ဖူးမြို့နယ်အပါအဝင် မြန်မာတစ်နိုင်ငံလုံး၌ ဆောင်ရွက်လျက်ရှိပါတယ်။ ခေါင်လန်ဖူးမြို့နယ်၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မှာ ကျေးရွာနှစ်ရွာ၌ စမ်းသပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူများရဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်၍ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိရှိရပါတယ်။ သမဝါယမဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်း၊ ကယားပြည်နယ်အတွင်း၊ ချင်းပြည်နယ်အတွင်း တွန်းဇံ၊ ထန်တလန်၊ ပလက်ဝ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ခန္တီး၊ ဟုမ္မလင်း၊ လေရှီးမြို့နယ်၊ ရှမ်းပြည်နယ်အတွင်း လင်းခေး၊ မိုင်းပန်၊ မောက်မယ်၊ မိုင်းကိုင်၊ မိုင်းရှူး၊ မိုင်းဆတ်၊ မိုင်းယောင်း၊ မဘိမ်းနှင့် မိုးမိတ် မြို့နယ်များတွင် သမဝါယမအသင်းသားများကို တင်ပြပါအရေအတွက်များအတိုင်း ချေးငွေများ ချေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်သွယ်ရေးကဏ္ဍမှာ မြို့ပြနှင့် ကျေးလက်ဒေသများပါမကျန် ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံချိတ်ဆက်နိုင်ရေး ဦးစားပေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာမှာ လိုင်စင်ရဆက်သွယ်ရေးအော်ပရေတာများ အချိုးကျ ထည့်ဝင်သည့် အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ(Universal Service Fund-USF)ဖြင့် ဝေးလံခေါင်သီ၍ လူဦးရေကျဲပါးပြီး ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်မှုမရှိသေးသည့် နေရာဒေသများသို့ အဆင့်အလိုက် ဆက်သွယ်မှုရရှိနိုင်ရေးကို ဦးစားပေးအစီအစဉ်ဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ပထမအဆင့် Pilot Project အနေဖြင့် ဝေးလံခေါင်သီ၍ လူဦးရေကျဲပါးပြီး သွားလာရန် ခက်ခဲတဲ့စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိတဲ့ မြို့နယ် ၂၃ မြို့နယ်မှာ ဆက်သွယ်ရေးစနစ် ချိတ်ဆက်အသုံးပြုနိုင်ရန် တင်ဒါခေါ်ယူရေးလုပ်ငန်းများကို World Bank နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ Pilot Project ရဲ့လုပ်ငန်းအကောင်အထည်ဖော်မှုများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ ကယားပြည်နယ် ဖားဆောင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၊ ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၊ အမ်းမြို့နယ် စုစုပေါင်း မြို့နယ်လေးမြို့နယ်တို့တွင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါ Pilot Project လုပ်ငန်းဆောင်ရွက်မှုများကို နမူနာယူပြီးတော့ ဆက်သွယ်မှုကွန်ရက်ချိတ်ဆက်နိုင်ရေးကို ဦးစားပေးအစီအစဉ်ဖြင့် နှစ်အလိုက် ကချင်ပြည်နယ်မှာ လေးမြို့နယ်၊ ချင်းပြည်နယ်မှာ ခြောက်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ငါးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးမှာ သုံးမြို့နယ်နှင့် ရခိုင်ပြည်နယ်မှာ တစ်မြို့နယ် စုစုပေါင်းမြို့နယ် ၁၉ မြို့နယ်မှာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ မြန်မာ့စာတိုက်လုပ်ငန်းအနေဖြင့် နေရာဒေသမရွေးအလွယ်တကူသုံးစွဲနိုင်တဲ့ At all Points in the Territory ဝန်ဆောင်မှုစနစ်ဖြစ်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ စာတိုက်ရုံးပေါင်း ၁၃၈၇ ရုံးကို ဖွင့်လှစ်ထားရှိပြီး စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာမှာ ဝေးလံခေါင်သီ

တဲ့ ကျေးလက်ဒေသရှိ ပြည်သူများဆက်သွယ်မှုလွယ်ကူစေရန် စာတိုက်ခွဲ ၂၀၆ ရုံးနှင့် ကျေးရွာကိုယ်စားလှယ်စာတိုက် ၃၈၈ ရုံးတို့ကိုဖွင့်လှစ်ပြီးတော့ ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ကတော့ လျှပ်စစ်ဓာတ်အားမရသေးတဲ့ဒေသများမှာ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် ဓာတ်အားစနစ်မှ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာမှာ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး/ပြည်နယ်ဘတ်ဂျက်များဖြင့် ဆောင်ရွက်သည့်နည်းတူ အတိုးနှုန်းသက်သာတဲ့ ချေးငွေများကိုချေးယူ၍ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက်စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၃၀ ခုနှစ်မှာ တစ်နိုင်ငံလုံးမှာရှိတဲ့ အိမ်ထောင်စုများရဲ့ ၁၀၀ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ရည်မှန်းချက်ပြည့်မီရန် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(NEP)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်အားမရရှိသေးသည့် အိမ်ထောင်စုပေါင်း ၇.၂ သန်းကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားခွဲစနစ်မှ တိုးချဲ့ဆက်သွယ်ပေးခြင်းကို ကမ္ဘာ့ဘဏ်မှချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၁၀ ကိုရယူပြီးတော့ NEP ပထမအဆင့်အဖြစ် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိမဟာဓာတ်အားလိုင်းများမှ နှစ်မိုင်အတွင်းမှာတည်ရှိတဲ့ ကျေးရွာ ၅၀၈၀ ရွာ၊ အိမ်ထောင်စုပေါင်း ၆၂၆၇၅၇ ခန့်အတွက် လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါချေးငွေနဲ့ ဒုတိယအဆင့် မဟာဓာတ်အားလိုင်းမှ ၅ မိုင်အတွင်းမှာရှိတဲ့ ကျေးရွာများဓာတ်အားရရှိရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်လျက်ရှိရာမှာ ပထမအဆင့်လုပ်ငန်းများနှင့်အပြိုင် မြေပြင်စိစစ်တိုင်းတာခြင်း၊ သတင်းအချက်အလက်စုဆောင်းခြင်းနှင့် ပစ္စည်းစာရင်းတွက်ချက်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ဓာတ်အားစနစ်မှ ၅ မိုင်အတွင်း ကျေးရွာ ၇၆၆၅ ရွာရှိအိမ်ထောင်စု ၉၅၅၀၂၂ စုအား အဆင့်အလိုက် ဆက်လက်စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရှိရပါတယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး တစ်နှစ်တာလုံးမှာ ပွင့်လင်းရာသီတစ်ကြိမ်သာဒီဇယ်ဆီသယ်ယူနိုင်တဲ့ဒေသများအတွက် ဒီဇယ်စက်ဖြင့် နေ့စဉ်ပုံမှန်ဓာတ်အားပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးထားလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိတည်ဆောက်အကောင်အထည်ဖော်လျက်ရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းတွေ ပြီးစီးသွားမယ်ဆိုလို့ရှိရင် စီမံကိန်းဆောင်ရွက်တဲ့ ဒေသများရှိကျေးရွာများသို့ ပိုမိုတိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည့်အပြင်အသေးစားရေအားလျှပ်စစ်စီမံကိန်း(Mini & Micro)အား တိုင်းဒေသကြီး/ပြည်နယ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကိုလည်း နည်းပညာပိုင်းဆိုင်ရာအကူအညီများပေးရလျက်ရှိသဖြင့် ဓာတ်အားစနစ်ရောက်ရှိရန်ခက်ခဲတဲ့ ဝေးလံသောဒေသများကို ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးသွားနိုင်မှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့်ကတော့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ သင်ယူမှုအခွင့်အလမ်းတိုးမြှင့်ရရှိနိုင်ရန် အခြေခံပညာကျောင်းများအသစ်ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းများကိုတော့ တင်ပြပါအရေအတွက်များအတိုင်း ကျွန်တော်တို့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့်ကတော့ အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank-ADB)တို့ပူးပေါင်း၍ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်းကို ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အကောင်အထည်ဖော်

ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါစီမံကိန်းအရ နည်းပညာကောလိပ်နဲ့ အစိုးရနည်းပညာကျောင်းများမှာဖွင့်လှစ်မည့် ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်း CBMSC သည် ချို့တဲ့သည့်မိသားစုများ ပညာသင်ကြားရန်အခွင့်အလမ်းနည်းပါးတဲ့ဒေသများမှ လျှောက်ထားသူများ၊ တိုင်းရင်းသားဒေသများမှလျှောက်ထားသူများ တက်ရောက်ခွင့်ရရှိရန် ရည်ရွယ်လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်ပါတယ်။ ထို့ပြင် CBMSC သင်တန်းကို စမ်းသပ်ဆောင်ရွက်သည့်အနေဖြင့် အစိုးရနည်းပညာ အထက်တန်းကျောင်း GTHS သုံးကျောင်းနှင့် နည်းပညာကောလိပ်နှစ်ခုတို့မှာဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အစိုးရနည်းပညာအထက်တန်းကျောင်း GTHS သုံးကျောင်းမှာ အုတ်စီသင်တန်း၊ သံချည်သံကွေးလုပ်ငန်း၊ လမ်းဖောက်လုပ်ရေးလုပ်ငန်း၊ ကွန်ကရစ်ဖျော်စပ်နည်းသင်တန်း၊ ITC သုံးကျောင်းမှာ လျှပ်စစ်ဖြင့်ဂဟေဆော်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့သုံး ဂဟေဆော်ခြင်း၊ လယ်ယာသုံးစက်ပစ္စည်းပြုပြင်ခြင်းနှင့် မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းစသည့် လုပ်ငန်းများကိုလည်း ဆက်လက်ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့်လည်း ဒေသလိုအပ်ချက်နဲ့ကိုက်ညီတဲ့ ကာလတို၊ ကာလရှည်သင်တန်းများကိုလည်းဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ကတော့ နိုင်ငံသားတိုင်း အခြေခံအကျဆုံးမရှိမဖြစ်လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုများပေးစွမ်းနိုင်တဲ့ လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှု(University Health Coverage)ကို ၂၀၃၀ ခုနှစ်မှာ ရရှိရန်ရည်ရွယ်၍ အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)ရဲ့ မူဘောင်များဖြစ်တဲ့ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများအရည်အသွေးပြည့်မီရေးရည်မှန်း၍ မြို့နယ်အဆင့်နှင့်မြို့နယ်အောက်အဆင့်ရှိ ကျန်းမာရေးဌာနများမှ ဦးစားပေး၍ လိုအပ်သောအရင်းအနှီးမြှုပ်နှံမှုများကိုဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်လျက်ရှိရာမှာ ပထမနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၇၈ မြို့နယ်၊ ဒုတိယ နှစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ၈၂ မြို့နယ်၊ တတိယနှစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ၈၃ မြို့နယ်နှင့် စတုတ္ထနှစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ၈၇ မြို့နယ် စုစုပေါင်းမြို့နယ် ၃၃၀ မှာ ထည့်သွင်းလျာထားကြောင်း သိရှိရပါတယ်။ ခေါင်လန်ဖူးမြို့နယ်အပါအဝင် ကချင်ပြည်နယ်ရှိ မြို့နယ်ခြောက်မြို့နယ် အင်ဂျန်းယန်၊ ဆော့လော်၊ ဗန်းမော်၊ ပူတာအို၊ ခေါင်လန်ဖူး၊ မိုးညှင်းတို့ကိုလည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားပြီး လက်ရှိအခြေအနေမှာကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဝါးပြတ်လပ်မှုမရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဝေးလံခက်ခဲတဲ့ဒေသများသည် လက်လှမ်းမီရရှိနိုင်ရေးအတွက် အရန်သားဖွားဆရာမများ မွေးထုတ်ခြင်း၊ စေတနာ့ဝန်ထမ်းလုပ်သားများ မွေးထုတ်ခြင်းနဲ့ ၎င်းတို့ရဲ့အကူအညီဖြင့် သားဖွားခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီးရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများရဲ့လူမှုစီးပွားဘဝကို ဖွံ့ဖြိုး

တိုးတက်စေရန် ကျွန်တော်တို့ မူဝါဒချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၃၀ ခုနှစ်မှာ ကျေးရွာအားလုံးရဲ့ ၈၀ ရာခိုင်နှုန်း၊ လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းကို ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်လမ်းများအဖြစ် အဆင့်မြှင့်တင်နိုင်ရေးရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ကျေးလက်လမ်းများကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နယ်မြေပိုင်းခြားသတ်မှတ်ပြီးတော့ တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ဧရိယာအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များ၏လက်ရှိကျေးလက်လမ်းမိုင်အရှည်မှာ စုစုပေါင်း ၅၅၅၀၇ မိုင်ရှိပါတယ်။ အဆိုပါလမ်းများကို လမ်းအဆင့်ခွဲခြားသတ်မှတ်မှုအား လမ်းဦးစီးဌာနက စီမံခန့်ခွဲတဲ့လမ်းမကြီး သို့မဟုတ် အဓိကလမ်းမကြီး သို့မဟုတ် မြို့ သို့မဟုတ် မြို့တော်များကို တိုက်ရိုက်ချိတ်ဆက်သည့် အဓိကကျေးရွာချင်းဆက်လမ်းများကို Class(A)ဟုလည်းကောင်း၊ Class(A) လမ်းကို ချိတ်ဆက်နိုင်သည့်ကျေးရွာချင်းဆက်လမ်းများကို Class(B)ဟုလည်းကောင်း၊ အဓိကကျေးရွာချင်းဆက်လမ်းများ မဟုတ်သည့်လမ်းများနှင့် အဓိကချိတ်ဆက်မှုအထိဝန်ဆောင်မှုမပေးတဲ့ အခြားကျေးလက်လမ်းများ၊ စိုက်ပျိုးရေးဧရိယာများကို ဆက်သွယ်သောလမ်းများကို Class(C)ဟုလည်းကောင်း၊ လမ်းအဆင့်တန်းကို ခွဲခြားသတ်မှတ်ထားပါတယ်။ Class(C)လမ်းများကို ရာသီမရွေးသွားလာနိုင်သောလမ်းများ၊ Class(B)လမ်းများကို ကျောက်ဂဝံလမ်း၊ Class(C)လမ်းများကို အမာခံလမ်းများအဖြစ် ဆောင်ရွက်ရန် ပင်မစီမံကိန်း ၁၃ နှစ် Master Plan ကို ၂၀၁၈-၂၀၁၉ မှာ ၂၀၃၀-၂၀၃၁ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ စီမံကိန်းများဖြင့် ရေးဆွဲထားရှိပြီးဖြစ်ပါတယ်။ စီမံကိန်းခန့်မှန်းကုန်ကျငွေမှာ စုစုပေါင်း မြန်မာငွေကျပ် ၈၉၈၅ ဘီလီယံခန့်ဖြင့် ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ကျွန်တော်တို့ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ ကျေးလက်နေပြည်သူတို့ရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးကို အထောက်အကူပြုနိုင်တဲ့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း Community Base Tourism ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ခရီးလှည့်လည်ရေးလုပ်ငန်းများ၏ပံ့ပိုးမှုဖြင့် One Successful Tour Operator one CBT မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ တိုင်းရင်းသားလူမျိုးတို့ရဲ့စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံ၊ အမျိုးသားရေးလက္ခဏာနှင့်သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ဝန်ကြီးဌာနရဲ့မူဝါဒနှင့်အညီ တိုင်းရင်းသားလူမျိုးများရဲ့စကား၊ စာပေတိုးတက်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တိုင်းရင်းသားစာပေသင်ကြားသည့် နေ့စားလစာပေးဆရာဆရာမ(Teaching Assistant) ပညာရေးဝန်ထမ်းခန့်အပ်မှုကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်မှုအရ ၅၁၆၁ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့မှ ၁၄ ဦး၊ လဟယ်မြို့မှ ၄၂ ဦး၊ နန်းယွန်းမြို့မှ ၅၅ ဦးတို့ကိုလည်းကောင်း ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီးစိစစ်၍ ခန့်အပ်နိုင်ရေး ကျွန်တော်တို့ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအထူးဒေသ(၂)မှာ ဒေသစကားကျွမ်းကျင်

ပြီးတော့ ဆရာဆရာမသင်တန်းသို့ တက်ရောက်ထားသူများအနက်မှ ပညာရေးဝန်ကြီးဌာန ဝန်ထမ်း ခန့်အပ်ရေးမူနှင့်ကိုက်ညီတဲ့ မြန်မာစာသင်ကြားပေးနိုင်တဲ့ ဒေသခံတိုင်းရင်းသား/ တိုင်းရင်းသူ ၄၃ ဦး ကိုလည်း ကျွန်တော်တို့ နေ့စားလပေးဆရာဆရာမများအဖြစ် ခန့်အပ်နိုင်ရန်စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းလည်း သိရှိရပါတယ်။

စာသင်ကျောင်းများ၌ ကျောင်းသင်ဘာသာပြဋ္ဌာန်းချက် Curriculum ကို သင်ကြားရာတွင် အထောက်အကူပြုရန်အတွက် ၂၀၁၈-၂၀၁၉ ခုနှစ်မှာလည်း တိုင်းရင်းသားစာပေသင်ကြားနေတဲ့ နေ့စားလပေး ဆရာဆရာမ(Teaching Assistant)အပြင် တိုင်းရင်းသားဘာသာသင်(Language Teacher)များကို ခန့်ထားနိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့အထိ လျှောက်လွှာများကိုခေါ်ယူလျက်ရှိပါတယ်။ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီတဲ့ ဆရာဆရာမများကိုတော့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ မူလတန်းကျောင်း တစ်ကျောင်းမှာ သက်ဆိုင်ရာတိုင်းရင်းသားဘာသာစာပေကို သင်ယူလိုသူ မူလတန်းကျောင်းသား ကျောင်းသူ ၁၀ ဦးမှ ၁၀၀ ဦးအထိရှိပါက ဆရာဆရာမ တစ်ဦးနှုန်း၊ ၁၀၁ ဦးမှ ၂၀၀ ဦးအထိ ရှိပါက ဆရာဆရာမ နှစ်ဦးနှုန်းဖြင့် ခန့်ထားပေးနိုင်ရန်နှင့် သင်ကြားမည့် တိုင်းရင်းသားဘာသာအရေအတွက် အရ လိုအပ်ပါက ခန့်ထားပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အစိုးရ နှစ်နှစ်တာကာလအတွင်းမှာ ပူတာအိုခရိုင်အတွင်းရှိ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝအဆင့်တိုးတက်မြင့်မားလာစေရေး အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးတို့ကို ဆောက်ရွက်လျက်ရှိပါတယ်။ အဓိက လမ်းမကြီးဖြစ်တဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ၂၁၈ မိုင်ကို ရာသီမရွေးသွားလာနိုင်တဲ့ ကွန်ကရစ်လမ်းဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စု/ပြည်နယ်ဘဏ္ဍာငွေကျပ်သန်း ၃၀၂၂၆.၄၂၆ ဖြင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ၊ ကျောက်လမ်းခင်းခြင်းလုပ်ငန်းများ၊ အမာခံလမ်းခင်းခြင်း လုပ်ငန်းများနှင့် Box Culvert လုပ်ခြင်းများကို တင်ပြပါအရေအတွက်များအတိုင်း ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် မချမ်းဘော-ဖရုခ-ရပ်ဘော့-နောင်မွန်လမ်း ၆၁ မိုင် များကိုလည်း တင်ပြအပ်ပါအရေအတွက်များကို ဆောင်ရွက်ပေးနိုင်တဲ့အတွက် ယခင် ပူတာအိုက နေပြီးတော့ နောင်မွန်းအထိ သုံးရက်ခရီးသွားလာရသော်လည်း ယခုအခါမှာ နေ့ချင်းပေါက်သွားလာ နိုင်ပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင်မှာ မီးရရှိရေးအနေနဲ့ ပူတာအိုမြို့နယ်၊ မချမ်းဘော မြို့နယ် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် အထက်နမ့်ထွမ်ချောင်း ရေအားလျှပ်စစ်မှ ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကယားပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကယားပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားများရဲ့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန် လမ်းများထိန်းသိမ်းပြုပြင်ခြင်း၊ လမ်းအဆင့်မြှင့် တင်ခြင်းလုပ်ငန်း၊ မီးလင်းရရှိရေး၊ ရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများကို ပြည်နယ်အစိုးရအဖွဲ့ရဲ့စီမံကြီးကြပ်မှုဖြင့် စီမံချက်ချဆောင်ရွက်လျက်ရှိပြီးတော့ တင်ပြပါ အရေအတွက်များအတိုင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်လျက်ရှိပါကြောင်း တင်ပြအပ် ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ကတော့ ပညာရေးကဏ္ဍမှာ အန္တရာယ်ရှိတဲ့ ကျောင်းဆောင်များ ဖျက်သိမ်းခြင်း၊ ကျောင်းဆောင်အသစ်ဆောက်လုပ်ပေးခြင်း၊ တိုင်းရင်းသားဘာသာစာပေများ သင်ကြားခြင်း၊ ဆရာဆရာမလိုအပ်ချက်များ အမြန်ဖြည့်ဆည်းခန့်ထားခြင်း၊ ကျန်းမာရေးကဏ္ဍနှင့် ကျေးလက်ဒေသပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်ရေးအတွက် စီမံချက်များရေးဆွဲပြီးတော့ ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ သားဖွားဆရာမသင်တန်းများ ဖွင့်လှစ်ခြင်း၊ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် ခေတ်မီတောင်စောင်း(SALT)ဖော်ထုတ်ဆောင်ရွက်ခြင်း၊ ကုန်းမြင့်ကော်ဖီပျိုးပင်များဖြန့်ဝေခြင်း စသည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်အစိုးရ လမ်းဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ပြည်ထောင်စုပြည်နယ်ရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်းပေါင်း ၃၃၀ ခုကို ဆောင်ရွက်နိုင်ရန်အတွက်လည်း စီမံထားရှိပြီးဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသအတွင်းမှာရှိတဲ့ လူမှုစီးပွားဘဝအခြေခံအဆောက်အအုံများဖြစ်တဲ့ လမ်းတံတားလုပ်ငန်း၊ ရေရရှိရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ပညာရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိရာမှာ တင်ပြပါအရေအတွက်များအတိုင်း ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ကတော့ ရှမ်းပြည်နယ်အတွင်း ကျေးလက်နေပြည်သူများရဲ့ ဆင်းရဲမှုလျှော့ချနိုင်ရေး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံကျတဲ့ ကျေးလက်ဒေသများရဲ့ လမ်းပန်းဆက်သွယ်ရေးအပြင် ကဏ္ဍပေါင်းစုံများကို ပြည်ထောင်စု၊ ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေများဖြင့် နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖောင်ဆောင်ရွက်ပေးလျက်ရှိတာအပြင် နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အထောက်အပံ့များ၊ အကူအညီများ၊ ချေးငွေများ အပါအဝင် နိုင်ငံတကာအစိုးရမဟုတ်တဲ့ NGO၊ INGO အဖွဲ့အစည်းများရဲ့ အကူအညီအထောက်အပံ့များကိုရယူ၍ တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးအတွက် ကတ္တရာလမ်း ၂၀၆ မိုင်၊ ကျောက်ချောလမ်း ၆၄၉ မိုင်၊ မြေသားလမ်း ၁၁၆၁ မိုင်နဲ့ ကွန်ကရစ်တံတား ၃၀၅ စင်း၊ သစ်သားတံတား ၂၁၉ စင်း၊ ရေကျော်တံတား ၂၆ စင်းနဲ့ Box Culvert ၁၀၇၀ စင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျေးလက်ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ တင်ပြပါအရေအတွက်များအတိုင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆည်မြောင်းတာတမံ အကျိုးပြုလုပ်ငန်း ၂၉၉

ခု ဧရိယာ ၁၂၉၄၃.၆၈ ဧကနဲ့ ကျေးလက်ရေရရှိရေး အကျိုးပြုလုပ်ငန်းပေါင်း ၆၇ ခု၊ ကျေးရွာ ၇၁ ရွာ၊ လူဦးရေ ၆၇၉၀၅ ဦးကို ၎င်းအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တင်ပြတောင်းခံပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်ပြီးတော့ လုပ်ငန်းများဆောင်ရွက်ပေးရန် စီမံချက်ရေးဆွဲချမှတ်ထားပြီး ဦးစားပေးအစီအစဉ်များအလိုက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ် ဦးအာမိုးဆီ တင်သွင်းတဲ့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ ကျေးလက်ဒေသများမှာ နေထိုင်တဲ့တိုင်းရင်းသားများဘဝ တိုးတက် မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီးတော့ အခုနက ကျွန်တော် တင်ပြခဲ့ သလိုပဲ ပြည်ထောင်စုဝန်ကြီးဌာနများ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဝေးလံခက်ခဲတဲ့ ဒေသများမှာ လူနေမှုဘဝမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအသီးသီးမှာ နိုင်ငံတော်ရန်ပုံငွေဖြင့် လည်းကောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများဖြင့်သော်လည်းကောင်း ရန်ပုံငွေကျခံသုံးစွဲပြီးတော့ စီမံချက်ကိုလည်း နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲခဲ့ပါတယ်။ ရေးဆွဲပြီးတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေရရှိမှုအပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုး တိုးတက်မှုနောက်ကျနေတဲ့ တိုင်းရင်းသားများရဲ့ဘဝမြင့်မားရေးအတွက် ကျွန်တော်တို့ နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုဥပဒေအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ သက်ဆိုင်ရာဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီး ဆောင်ရွက်လျက်ရှိပါ တယ်။ ထို့အတူပဲ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များပါဝင်တဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်တဲ့ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများရဲ့ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဦးဆောင်မှုဖြင့် ဝေးလံခက်ခဲတဲ့ တိုင်းရင်းသားဒေသများရဲ့ ဖွံ့ဖြိုးရေးကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအာမိုးဆီ တင်သွင်းလာတဲ့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ ကျေးလက် ဒေသများမှာ နေထိုင်တဲ့တိုင်းရင်းသားများဘဝတိုးတက်မြင့်မားစေရန်အတွက် စီမံချက်ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးအား တိုက်တွန်းကြောင်းအဆိုနှင့် လိုက်လျောညီထွေစွာနိုင်ငံတော်အစိုးရကလည်း လက်ရှိ ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သိသာထင်ရှားပြီးဖြစ်ပါသဖြင့် ယခုအဆိုကို မှတ်တမ်းအဖြစ် ထားရှိ နိုင်ရေး လွှတ်တော်က စဉ်းစားခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့အဆိုဖြစ်တဲ့ ဝေးလံခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် ကျေးလက်ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားများဘဝ တိုးတက်မြင့်မားလာစေရန်အတွက် စီမံချက်ရေးဆွဲချမှတ်အကောင်အထည်

**မူကြမ်း**

ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုအပေါ် စိတ်ရင်းစေတနာအပြည့်နဲ့ အကြံပြုချက်၊ တိုက်တွန်းချက်များစွာဖြင့် ဝိုင်းဝန်းဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်ရဲ့အဆိုအား လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးရာ ကိုယ်စားလှယ်အားလုံးကလည်း ထောက်ခံအကြံပြု ဆွေးနွေးခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ အဆိုရဲ့ အဓိကရည်ရွယ်ချက်မှာလည်း တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းလာစေရန် အတွက်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများ၏ ကျေးလက်ဒေသမဖွံ့ဖြိုးသေးသည့်ဒေသများတွင် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်အတွက် မည်ကဲ့သို့စီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမည်ကိုလည်း အတုယူအဖြေရှာပြီး ဆောင်ရွက်ပေးသင့်တယ်လို့ တင်ပြလိုပါတယ်။ အချို့မြို့နယ်များတွင် မြို့နယ်အဆင့်သတ်မှတ်ထားသော်လည်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင် မြို့ပြများနှင့်များစွာကွာခြားလျက်ရှိသည်ကို စိတ်မကောင်းစွာ တွေ့ရှိရပါတယ်။ အချို့ဒေသများတွင် မိုးပျံလမ်းများ ဆောင်ရွက်ပေးနေသော်လည်း အချို့ဝေးလံခက်ခဲသည့်ဒေသများတွင် မြေသားလမ်းနှင့် လူသွားလမ်းတောင်မှ ကောင်းစွာမရှိသည့်ဒေသများတွင် ရှိနေသည်ကို တွေ့ရှိရပါတယ်။ ထို့ကြောင့် မြို့ပြများနှင့်ကျေးလက်ဒေသများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန် များစွာလိုအပ်ပြီး ကိုယ်စားလှယ်အားလုံးကလည်း ထောက်ခံဆွေးနွေးခဲ့ကြသည့် ကျွန်တော့်၏အဆိုအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအာမိုးဆီ၊ ခေါင်လန်ဖူးမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးက ဆွေးနွေးပြီး နယ်စပ်ရေးရာဝန်ကြီးဌာနကအဆိုအား မှတ်တမ်းတင်စောင့်ကြည့်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဆိုရှင်ရဲ့ သဘောကွဲလွဲတဲ့အတွက် ဦးအာမိုးဆီ တင်သွင်းသွားတဲ့အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်ပေါ် မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံဆန္ဒမဲများလျှင် အဆိုရှင်ရဲ့ အတည်ပြုရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဝန်ကြီးဌာနရဲ့မှတ်တမ်းတင်စောင့်ကြည့်ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၂၁၂ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၃၇ မဲ၊ ကြားနေမဲ ၂ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးအာမိုးဆီတင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်းကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၆း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၆း၁၀ နာရီအချိန်တွင် ရပ်နားပါသည်]

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ (၁၉.၁၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Thein Swe — Dr Saw Naing




U Thein Swe — U Aung Thaung Shwe




Major Genl Than Htut — U Than Lin Lin




Major Genl Than Htut — U Wan Hla




Major Genl Than Htut — U Khin Maung Myint




Major Genl Than Htut — U Lar Mar lay

pyithu.hluttaw.mm



Major Genl Than Htut



U Aung Soe Min

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်